ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလကွယ်နေ့၊ တနင်္လာနေ့ (28-4-2014) (၇၈၂၄)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော်(လယ်ဝေး)	သုည ဒသမ ၆၉ လက်မ
မိုးကုတ်	သုည ဒသမ ၄၆ လက်မ
နေပြည်တော်(လေဆိပ်)	၁ ဒသမ ၄၂ လက်မ
နေပြည်တော်(တပ်ကုန်း)	သုည ဒသမ ၉၉ လက်မ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နဝမအကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်အားပေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ အားကစားသမားများ သရုပ်ပြခြင်းလုံးခတ်ကစားပြမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၇

နဝမအကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ကွင်း၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးသည်။

ရှေးဦးစွာ အာရှပြေးခုန်ပစ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr. SURAPONG Ariyamongkol က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုအားကစားပွဲသည် မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သော အရှေ့တောင်အာရှ အားကစားပြိုင်ပွဲပြီးနောက် ကျင်းပသည့် ပထမဆုံး နိုင်ငံတကာအားကစားပြိုင်ပွဲဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် နေပြည်တော်တွင် (၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်အားကစားပြိုင်ပွဲကို **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**

ပြိုင်ပွဲတွင် အားကစားနည်း ၄၃ မျိုးကို ထည့်သွင်းယှဉ်ပြိုင်သွားမည်ဖြစ်

ယနေ့ **မာတိကာ**

အသိပညာမြင့်မား နိုင်ငံ့အား — စာမျက်နှာ - ၂

တောင်ကိုရီးယားကူးတို့သင်္ဘောနစ်မြုပ်မှု ဝန်ကြီးချုပ်နုတ်ထွက်စာတင် — စာမျက်နှာ - ၄

နှစ်ဦးတွင် မြူးဝင့်နေကြသော ပုရစ်ဖူးလေးများ — စာမျက်နှာ - ၆

ကမ်းရိုးတန်းသွား(ပြည်တွင်း)သင်္ဘောများ ပုံမှန်ပြန်လည်ပြေးဆွဲ

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တိုင်းဒေသကြီးတွင် Mobile Team အဖွဲ့များမှ တာဝန်ယူ စစ်ဆေးနေသော ဆိပ်ကမ်းခုနစ်ခုရှိရာ ပုဂ္ဂလိကမှ တာဝန်ယူ ကုန်အတင်အချ ပြုလုပ်နေသော ဆိပ်ကမ်းများသည် သင်္ကြန်တွင်းလေးရက်သာ နားပြီး အခြားဆိပ်ကမ်းများသည် ဧပြီ ၂၂ ရက်မှစ၍ ကုန်ပစ္စည်းများ ပုံမှန်သယ်ယူပို့ဆောင်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ကျော်မြင့်အေး (ပြန်/ဆက်)

ကြေးမုံစာတည်းရှုထောင့် ၂၈-၄-၂၀၁၄၊ တနင်္လာနေ့

အသိပညာမြင့်မားနိုင်ငံ့အား

မျက်မှောက်ကာလသည် ပညာခေတ်ဖြစ်သည်။ ပညာမြင့်မားမှ ထိုတိုင်းပြည်လည်း မြင့်မားတိုးတက်မည်ဖြစ်သည်။ ပညာမြင့်မားရေးဆိုရာ၌ ကျောင်းသင်ပညာမြင့်မားတိုးတက်ရန်လိုအပ်သလို ပြင်ပပညာနယ်ပယ်သည်လည်း ကျယ်ဝန်းပျံ့နှံ့ထွန်းကားဖို့လိုပေသည်။

လူငယ်လူရွယ်များအဖို့ ပညာရပ်များကို ကျောင်းစာသင်ခန်းများတွင် လေ့လာသင်ယူကြရပြီး လူငယ်၊ လူလတ်၊ လူကြီးများပါမကျန် အသိပညာရပ် အဖုံဖုံကို ဆည်းပူးလေ့လာရန်မှာ ဘဝတက္ကသိုလ်တွင် သင်ကြားခြင်းဟုခေါ်ဆိုနိုင်သည့် ပြင်ပစာပေများကို လေ့လာလိုက်စားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်သော ပညာရှင်များ အမြောက်အမြားရှိခဲ့သည်။ ယခုလည်း ရှိနေဆဲ ဖြစ်သည်။ ထိုပညာရှင်အမျိုးမျိုးတို့၏ စာပေများပျံ့နှံ့ထွန်းကားမှသာ မြန်မာများပညာတတ်မည်။ ပညာဆိုသည်မှာ ကျောင်းသင်ပညာတစ်မျိုးတည်းဖြင့် မလုံလောက်ဘဲ လောကပညာအမျိုးမျိုးကိုပါ ကုန်လုံအောင်သိထားသင့်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ပညာရပ်အမျိုးမျိုး၊ သိမှတ်စရာအမျိုးမျိုးတို့ကို ထိုနိုင်ငံ၏ဘာသာဖြင့် ပျံ့နှံ့အောင်ထုတ်ဝေကြသည့်အပြင် ထိုနိုင်ငံ၏ စာပေကို ကမ္ဘာသို့ပါပျံ့နှံ့အောင် ဆောင်ရွက်ခြင်းဖြင့် ထိုနိုင်ငံသည် ကမ္ဘာသိထင်ရှားကျော်ကြားလေသည်။ ထိုသို့သိနိုင်အောင်လည်း ထိုနိုင်ငံတွင် ဘာသာပြန်စာပေထွန်းကားလေသည်။ မြန်မာနိုင်ငံတွင်မူ ဘာသာပြန်စာပေအားနည်းနေဆဲဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့်လည်း အချို့နိုင်ငံများတွင် မြန်မာကိုမသိကြသူများလည်းရှိသောကြောင့် မြန်မာကို ကမ္ဘာသိဖို့ ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

လက်ရှိတွင် မြန်မာကိုကမ္ဘာသိဖို့လိုသည်ထက် မြန်မာကို မြန်မာသိအောင် ကြိုးစားအားထုတ်ကြရဦးမည်ဖြစ်သည်။ မြန်မာများ စာပေတန်ဖိုးမြင့်မားသော မြန်မာစာပေများကို မဖတ်ကြပါ။ အဘယ်ကြောင့်ဆိုသော် စာပေပျံ့နှံ့မှုနှင့် စာပေ၏တန်ဖိုးကို အသိနည်းသေးသည်ဖြစ်နိုင်သလို စာပေကြောင့် တိုင်းပြည်ဖွံ့ဖြိုးလာသည်ကို မသိသေးသောကြောင့်လည်း ဖြစ်နိုင်ပါသည်။

ယနေ့မြန်မာပြည်တွင် စာပေလွတ်လပ်ပွင့်လင်းစီးဆင်းနေပြီဖြစ်သည်။ စာပေအမျိုးမျိုးလည်း တိုးတက်ထုတ်ဝေနေပြီဖြစ်သည်။ သို့သော် လူထုအကျိုးများသော စာပေများ တိုးပွားဖို့လိုသည်။ သို့ဖြစ်သောကြောင့် လူတို့အသိပညာမြင့်မားသော စာပေများကို မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားပြန့်ပွားအောင် စာပေပညာရှင်ကြီးများက ဆက်လက်ဆောင်ကြဉ်းပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အထူးသဖြင့် ဘာသာပြန်စာပေထွန်းကားဖို့လိုနေသည်။ မြန်မာများအသိပညာမြင့်မားဖို့၊ မြန်မာကို ကမ္ဘာသိဖို့၊ ကမ္ဘာကို မြန်မာသိဖို့ ဘာသာပြန်စာပေထွန်းကားဖို့သည် အရေးကြီးသောအချက်ဖြစ်သည်။ ကမ္ဘာ့အသိအမြင်အတွေးအခေါ်များ မြန်မာများတွင် အားနည်းနေသေးသည်။ တစ်ဦးချင်းအသိချို့တဲ့နေသေးသည်။ တစ်နိုင်ငံလုံးအတွက်လည်း လိုအပ်နေသေးသည်။ ကမ္ဘာအကြောင်း မြန်မာများကြွယ်ဝစွာမသိသေးသဖြင့် ယခုအချိန်အခါကာလမျိုးကဲ့သို့ ကမ္ဘာကမြန်မာသို့ စီးဝင်လာချိန်တွင် မြန်မာများမည်သို့မည်ပုံဆောင်ရွက်ရမည်ကို များသောအားဖြင့် ဂဃနဏ မသိနိုင်ကြသေးချေ။ ထိုအခါ သူများနောက်လိုက်လုပ်ကြရသည်။

တစ်ချိန်သောအခါက မြန်မာနိုင်ငံတွင် ဘာသာပြန်သူ၊ ဘာသာပြန်စာပေအသင်းထွန်းကားခဲ့သေးသည်။ ကမ္ဘာက မြန်မာသို့၊ မြန်မာက ကမ္ဘာသို့ပို့ဆောင်ပေးနိုင်ခဲ့သေးသည်။ သို့သော် အကြောင်းအမျိုးမျိုးတို့ကြောင့် ဘာသာပြန်မြန်မာ့အခြေအနေ ယိုယွင်းပျက်သုဉ်းသွားခဲ့ရသည်။ ယင်းကို ပြန်လည်ထွန်းကားလာအောင် သက်ဆိုင်ရာဌာနက ကြိုးပမ်းနေသလို ပညာရှင်များ၊ အလှူရှင်များကလည်း ဝိုင်းဝန်းပံ့ပိုးကူညီစေချင်သည်။

ဘာသာပြန်စာပေထွန်းကားဖို့ထက် မြန်မာစာပေကို မြန်မာများဖတ်လေ့ဖတ်ထရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရဦးမည်။ မြန်မာစာဖတ်နိုင်အောင် စာကြည့်တိုက်များထောင်သောင်းမကဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ သို့သော် စာဖတ်အားနည်းနေသေးသည်။ စာဖတ်သည့်အလေ့အထမှေးမှိန်နေသေးသည်။ စာဖတ်နိုင်အောင် အခြားနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ကြရဦးမည်။

အထူးသဖြင့် တစ်နိုင်ငံလုံးတွင် လူငယ်များဖတ်လိုသည့် စာပေများ ပြည့်ပြည့်စုံစုံလိုအပ်နေသေးသည်။ စာဖတ်အသင်းများလိုသည်။ စာအုပ်အသင်းများလိုသည်။ ဘာသာပြန်အသင်းများလိုသည်။ သုတေသနအသင်းများလိုသည်။ စာဖတ်ပြိုင်ပွဲများလိုသည်။ စာပေဆွေးနွေးပွဲများလိုသည်။ ထိုသို့ရှိပြီးသားစာကြည့်တိုက်များအပြင် အဆိုပါအသင်းအဖွဲ့များဖြင့် စာပေကို နှိုးဆွပေးမည်ဆိုလျှင် မြန်မာနိုင်ငံတွင် စာဖတ်သူများတိုးပွားလာမည်ဟု ယုံကြည်ပါသည်။

ထို့ကြောင့် မြန်မာကိုကမ္ဘာသိဖို့၊ ကမ္ဘာကိုမြန်မာသိဖို့၊ မြန်မာကို မြန်မာသိဖို့ ပြည်သူတစ်ရပ်လုံး စာဖတ်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းအောင်လက်မှတ်ပေးအပ်ခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် အလှူရှင်ဂုဏ်ပြုလွှာ ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ စာရင်းကောင်စီ၏ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းအောင်လက်မှတ်ပေးအပ်ခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် အလှူရှင်ဂုဏ်ပြုလွှာချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ရန်ကုန်မြို့၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးသိန်းထိုက်၊ မြန်မာနိုင်ငံ စာရင်းကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်များ၊ အလှူရှင်များ၊ သင်တန်းကထိကများ၊ ဆုရရှိသူများနှင့် သင်တန်းအောင်မြင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးသိန်းထိုက်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ တိုးပွားလာစေရန်ဟူသည့် မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ရည်မှန်းချက်တစ်ရပ်ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည်ကို ပြသနိုင်သည့် ထူးခြားသည့်နေ့ဖြစ်ကြောင်း။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်မှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းနိုင်ရန် စာရင်းပညာဆိုင်ရာနယ်ပယ်အတွက် မြန်မာနိုင်ငံစာရင်းကောင်စီသည် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနေကြောင်း၊ ယနေ့အထိ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ၂၁၁၇ ဦးနှင့် ဒီပလိုမာစာရင်းကိုင် ၄၂၃၃ ဦး သင်ကြားမွေးထုတ်နိုင်ခဲ့ကြောင်း။

စာရင်းပညာရှင်များ အနေဖြင့် စာရင်းပညာရပ်ဆိုင်ရာ ကျင့်ဝတ်၊ စည်းကမ်း၊ တားမြစ်ချက်များကို မချိုးဖောက်၊ မငြိစွန်းဘဲ စာရင်းပညာရှင်ဂုဏ်သိက္ခာဖြင့် ရိုးသားဖြောင့်မတ်တည်ကြည်စွာနှင့် ကိုယ်ကျင့်တရားကောင်းမွန်သော လူတော်လူကောင်းများဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန်လိုအပ်ကြောင်း၊ ထို့ပြင် စာရင်းပညာအရည်အချင်းတိုးတက်ရန် ဘက်စုံထောင့်မှ ကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ စာရင်းလုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း စသည်များကို အမြဲတစေ လေ့လာမှတ်သားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလှူရှင်များက ငွေကျပ် ၁၀ ဒသမ ၆ သန်း လှူဒါန်းခဲ့ရာ မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌက လက်ခံပြီးမြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံစာရင်းကောင်စီဝင်များက လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိသူများအား ဆုတံဆိပ်နှင့်ငွေသားဆုငွေများ၊ ဒုတိယပိုင်း စာမေးပွဲအောင်မြင်သူများအား အောင်လက်မှတ်များ အသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

ပုဗ္ဗသီရိမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၂၇

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈ အုပ်စုတွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက် နံနက် ၉ နာရီခွဲက ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းဇော် ဦးဆောင်၍ ပုဗ္ဗသီရိမြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ကျော်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဇော်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့တာဝန်ခံအင်ဂျင်နီယာ၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့သည် မြို့နယ်အတွင်းရှိ ဈေးများသို့ သွားရောက်၍ ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ဆောင်ရွက်မှုများအား စစ်ဆေးခဲ့ပြီး ပုဗ္ဗသီရိ အမှတ် (၁) မီးသတ်စခန်းရှိ မီးသတ်ယာဉ်များ၊စက်သုံးဆီနှင့် ရေအသင့်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

✱ ရှေ့ဖုံးမှ

လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာကျေးဇူးတင်ဂုဏ်ယူမိပါကြောင်း။

အရှေ့တောင်အာရှ လူငယ်အားကစားပြိုင်ပွဲကြီးသည် အားကစားသမားများ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးသာမက မိမိတို့နိုင်ငံများအကြား စစ်မှန်သောချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့အတွက်လည်း ပို၍အရေးပါပါကြောင်း။

ယခုအားကစားပြိုင်ပွဲသည် မိမိတို့၏ လူငယ်အားကစားသမားများအတွက် အာဆီယံနှင့် နိုင်ငံတကာအဆင့်သို့ တက်လှမ်းနိုင်မည့် ခိုင်မာသော လမ်းကြောင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ အားကစားသမားများက သရုပ်ပြခြင်းလုံးခတ်ကစားပြကြကာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ အားကစားသမားများကလည်း မြန်မာ့သိုင်းပညာဖြင့် သရုပ်ပြသကစားခဲ့ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲကို ဧပြီ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် စင်ကာပူနိုင်ငံတို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား ၂၀၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ ပြိုင်ပွဲတွင် အားကစားနည်း ၄၃ မျိုး ထည့်သွင်းယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ မကွေးမြို့တွင် အစည်းအဝေးကျင်းပ

မကွေး ဧပြီ ၂၇

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အစည်းအဝေးကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် ဘာသာရေးခေါင်းဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အဖွင့်အမှာစကားပြောကြားပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က အဖွဲ့၏လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့အတွင်းရေးမှူးက တိုင်းဒေသကြီးအတွင်း ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်စွာဖြင့် အတူယှဉ်တွဲ၍ တည်ငြိမ်အေးချမ်းစွာ နေထိုင်ခဲ့သည်များကို ရှင်းလင်းတင်ပြပြီး ခရိုင်အသီးသီးမှ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော ဘာသာရေးခေါင်းဆောင်များက မြို့နယ်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ခဲ့မှုများကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် ခရစ်ယာန်ဘာသာဝင်များအပါအဝင် အင်အား ၆၅ ဦး တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(တင်ထွန်းဦး)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မီးရထားဝန်ထမ်းများအတွက် ဆိုလာပြားအစုံရေ ၁၀၀ လှူဒါန်း

ရန်ကုန် ဧပြီ ၂၇

မြန်မာ့ မီးရထားလုပ်ငန်းမှ မီးရထားဝန်ထမ်းများ ညပိုင်းသွားလာရေး အဆင်ပြေကြစေရန်နှင့် ပညာသင်ကြားနေကြသော ဝန်ထမ်းများ၏ ကလေးငယ်များ စာကျက်မှတ်လွယ်ကူကြစေရန်အတွက် Glorious myanmar ကုမ္ပဏီက ဆိုလာပြားအစုံရေ ၁၀၀ လှူဒါန်းပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက ရန်ကုန်ဘူတာကြီး စခန်းသာညှော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ လှူဒါန်းပွဲသို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ဒုတိယဝန်ကြီးများ၊ မီးရထားဝန်ထမ်းများ၊ လှူဒါန်းသော ကုမ္ပဏီမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဆိုလာပြားအသုံးပြုပုံစနစ်များကို ကုမ္ပဏီမှတာဝန်ရှိသူများက ရှင်းလင်းပြသခဲ့သည်။

မြန်မာ့ မီးရထားလုပ်ငန်းမှ Optical Fiber Cable လိုင်းများ သွယ်တန်းခြင်း စီမံကိန်းဒါရိုက်တာ ဦးဘမြင့်က "ဒီကုမ္ပဏီက အရင်တုန်းကလည်း နိုင်ငံတော်အတွက် လိုအပ်ချက်အရ အစုံရေ ၂၀၀၀ လှူဒါန်းပြီးပါပြီ။ အခုက မီးရထားဝန်ထမ်းတွေ သွားလာရေးလွယ်ကူရန်နဲ့ ကလေးတွေအတွက် စာကျက်ရတဲ့အခါမှာ အဆင်ပြေလွယ်ကူစေရန်အတွက် ဝန်ကြီးဌာနမှာခွင့်ပြုချက်ရယူပြီး လှူဒါန်းခဲ့တာပါ၊ ကျွန်တော်တို့ မီးရထားလုပ်ငန်းက ဝန်ထမ်းတွေ အတွက်ကို ဆိုလာပြား၊ ဘက်ထရီ၊ အလင်းထွက်အားကောင်းတဲ့ ဆိုလာမီးလုံး၊ Charge Controller တွေပါဝင်တဲ့ အစုံအရေအတွက် ၁၀၀ ကို သူတို့က လှူခဲ့တာပါ"ဟု ရှင်းပြခဲ့သည်။

(စိုးဝင်း-MLA)

ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာန နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာန နှစ်(၅၀)ပြည့် (၁၉၆၄ မှ ၂၀၁၄) ရွှေရတုအထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ မေ ၃ ရက်တွင် ကျင်းပနိုင်ရေးအတွက် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ရာမညဆောင် အခန်း(၁၀၁)၌ ညှိနှိုင်းအစည်းအဝေးကျင်းပရာ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန နှစ်(၅၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပနိုင်ရေးအတွက် ဂုဏ်ထူးဆောင်နာယက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့ (ဥပဒေပညာဌာန ပါမောက္ခ-ငြိမ်း)၊ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေနှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များအဖြစ် ၁၉၆၄ ခုနှစ်မှ ၁၉၈၀၊ B.A Law. LLB ဘွဲ့ရကျောင်းသားဟောင်းများ၊ ၁၉၈၁ မှ ၂၀၀၂ ခုနှစ် LLB ဘွဲ့ရကျောင်းသားဟောင်းများ၊ ရန်ကုန်တက္ကသိုလ်စာပေးစာယူဌာနမှ ဥပဒေဘွဲ့ရကျောင်းသားဟောင်းများနှင့် ယခု ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် လက်ရှိ ထူးချွန်ဥပဒေကျောင်းသားများက ဦးစီးစီစဉ်ခြင်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန နှစ်(၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ နိဗ္ဗာန်စျေးခင်းကျင်းခြင်း၊ အထိမ်းအမှတ်ပစ္စည်းများရောင်းချခြင်း၊ လက်ဆောင်ပေးခြင်း၊ မဂ္ဂဇင်းထုတ်ဝေခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်သည့်အတွက် ဥပဒေဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် အဆက်အသွယ်ပြုလုပ်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးဘတင့်ဆွေ ဖုန်း-၀၁-၆၁၄၀၇၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ငွေအောင်)

ယာဉ်စည်းကမ်းဖောက်ဖျက်မှုများအား ညပိုင်းစစ်ဆေးမှုအရ ဆိုင်ကယ်အစီးရေ ၄၀၀၀ ကျော် စစ်ဆေးတွေ့ရှိ

မန္တလေး ဧပြီ ၂၇

မန္တလေးမြို့တွင် ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား ညပိုင်းအချိန်များတွင် စစ်ဆေးအရေးယူဆောင်ရွက်ရာတွင် ဆိုင်ကယ်အစီးပေါင်း ၄၀၀၀ ကျော် စစ်ဆေးတွေ့ရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲ မှူးရုံးမှ သိရသည်။

ညပိုင်းအချိန်စစ်ဆေးမှု စတင်ဆောင်ရွက်သည့် မတ် ၂၃ ရက်မှ ဧပြီ ၂၆ ရက်အထိ ယာဉ်စည်းကမ်းဖောက်ဖျက်သည့်ဆိုင်ကယ် ၄၁၄၁ စီးနှင့် ကား ၆၈ စီး စစ်ဆေးတွေ့ရှိရပြီး စည်ပင်ဥပဒေပုဒ်မ(၂၆)အရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း အဆိုပါဒုတပ်ဖွဲ့ခွဲမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ညပိုင်းစစ်ဆေးမှုကို ည ၇ နာရီကစတင်ပြီး ညပိုင်း ၁၁ နာရီအထိ နေရာကိုးနေရာကိုအလှည့်ကျစစ်ဆေးပြီး စည်းကမ်းဖောက်ဖျက်တဲ့ယာဉ်တွေကို အရေးယူသွားမှာပါ"ဟု ၎င်းက ဆိုသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

တောင်ကိုရီးယား ကူးတို့သင်္ဘောနစ်မြုပ်မှု ဝန်ကြီးချုပ် နုတ်ထွက်စာတင်

ဆိုးလ် မေ ၂၇

တောင်ကိုရီးယားဝန်ကြီးချုပ် ချောင်ဟောင်းဝမ်(ဝဲပုံ)သည် ကူးတို့သင်္ဘောနစ်မြုပ်မှုအား အစိုးရ၏ကိုင်တွယ်မှုအပေါ် ဝေဖန်မှုများထွက်ပေါ်နေစဉ် ရာထူးမှနုတ်ထွက်စာတင်သွင်းခဲ့ကြောင်း စနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မစ္စတာချောင်သည် အဆိုပါဘေးဒုက္ခကို ကိုင်တွယ်ဖြေရှင်းပြီးသည်အထိ ဝန်ကြီးချုပ်ရာထူး၌ ဆက်လက်ရှိနေဦးမည်ဖြစ်သည်။

"ဆီးဝိုးလ်"ကူးတို့သင်္ဘောသည် ကျောင်းသား၊ကျောင်းသူ အများစု ပါဝင်သော လူဦးရေ ၄၇၆ ဦးဖြင့် တောင်ကိုရီးယားကမ်းလွန်၌ မေ ၁၆ ရက်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

သမ္မတ ပတ်ခ်ဂွန်းမားသည် ဝန်ကြီးချုပ်၏နုတ်ထွက်စာကို လက်ခံခဲ့သော်လည်း တာဝန်ထမ်းဆောင်ရမည့် နောက်ဆုံးရက်ကိုမူ သတ်မှတ်ပေးခြင်းမရှိပေ။ သို့သော် ယင်းပြဿနာကိုဖြေရှင်းပြီးလျှင် ဝန်ကြီးချုပ်သည် ရာထူးမှစွန့်ခွာမည်ဖြစ်ကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

သင်္ဘောနစ်မြုပ်ပြီးနောက်နေ့တွင် ဝန်ကြီးချုပ်သည် ဝမ်းနည်းကြေကွဲနေကြသော မိသားစုများထံသို့ သွားရောက်အားပေးစကားပြောကြားသောအခါ ၎င်းမှာ လူအများ၏ အော်ဟစ်လှောင်ပြောင်ခြင်းကို ခံရသည့်အပြင် ရေသန့်ဘူးတစ်ဘူးဖြင့် ပစ်ပေါက်ခြင်းကိုလည်းခံခဲ့ရသည်။

ရေယာဉ်ဝန်ထမ်းများအားဖမ်းဆီး

ကူးတို့သင်္ဘော ဆီးဝိုးလ်မှ သင်္ဘောသား၁၅ ဦးကို ယခုအချိန်တွင် ဖမ်းဆီးထားပြီးဖြစ်ကြောင်း ၎င်းတို့သည် ဂရုမစိုက်သည့်ပြစ်မှုဆိုင်ရာ ဥပဒေနှင့် ရင်ဆိုင်ရမည်ဟုဆိုသည်။

အစိုးရရှေ့နေများက ကျန်ရှိနေသော သင်္ဘောသားလေးဦးကို ဖမ်းဆီးခွင့် အမိန့်ထုတ်ပေးရန် မေတ္တာရပ်ခံခဲ့သည်။ ရေယာဉ်မှူးကြီး အပါအဝင် အခြား ၁၁ ဦးကို စောစောပိုင်းကာလကပင် ဖမ်းဆီးထားခဲ့ပြီးဖြစ်သည်။

၎င်းသင်္ဘောသား ၁၅ ဦးတို့သည် ခရီးသည်များအား ကူညီရန်ပျက်ကွက်ခဲ့ခြင်းနှင့် ဂရုမစိုက်ခြင်းတို့သည် ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်သည်ဟု စွပ်စွဲထားကြောင်း အစိုးရရှေ့နေများက ပြောသည်။

ဘီဘီစီ။

၂၀၀၂ ခုနှစ်၌ ဖိလစ်ပိုင်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့များ ရောက်ရှိလာစဉ်။

ဖိလစ်ပိုင်တွင် အမေရိကန်တပ်ဖွဲ့များ ပိုမိုဖြန့်ကြက်လာနိုင်တော့မည်

မနီလာ မေ ၂၇

ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံနှင့် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားနေစဉ် ၎င်း၏နိုင်ငံအတွင်း၌ အမေရိကန်တပ်ဖွဲ့များ လက်ရှိပမာဏထက်ပို၍ ဖြန့်ကြက်ရန်ခွင့်ပြုသည့် ၁၀ နှစ်သက်တမ်းရှိသော စာချုပ်တစ်ခုကို အမေရိကန်ပြည်ထောင်စုနှင့် လက်မှတ်ရေးထိုးကြမည်ဟု အိမ်ဖြူတော်မှ တာဝန်ရှိသူများက ပြောကြားကြောင်း အေပီသတင်းဌာနက ယနေ့ဖော်ပြသည်။

ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို ထပ်မံဖြည့်စွက်ရာတွင် အမေရိကန်တပ်ဖွဲ့များ၊ တိုက်လေယာဉ်များနှင့် သင်္ဘောများကို ဖိလစ်ပိုင်စစ်စခန်းများအား အသုံးပြုခွင့်ပေးမည်ဖြစ်သည်။

လက်မှတ်ထိုးမည်

ယင်းစာချုပ်ကို တနင်္လာနေ့တွင် အမေရိကန်သမ္မတ အိုဘားမား ဆိုက်ရောက်ပြီးမကြာမီ မနီလာမြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာန၌ လက်မှတ်ရေးထိုးကြမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

၂၀၀၂ ခုနှစ်မှစ၍ ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်ရာပေါင်းများစွာသည် ဖိလစ်ပိုင်စစ်သားများအား လေ့ကျင့်ပေးရန်နှင့် အကြံပေးရန်အတွက် ရောက်ရှိပြီးဖြစ်သည်။

ဖိလစ်ပိုင် အခြေခံဥပဒေသည် အမေရိကန်စစ်စခန်းများ အမြဲတမ်းထားရှိခြင်းကို တားမြစ်ထားသည်။ စာချုပ်အရ ဖိလစ်ပိုင်စစ်စခန်းတပ်မှူးသည် စခန်းတစ်ခုလုံးကို အမေရိကန်တပ်ဖွဲ့များနှင့် မျှဝေသုံးစွဲရမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အေပီ။

အိန္ဒိယက ဒုံးခွင်းဒုံးအောင်မြင်စွာ စမ်းသပ်ပစ်ခတ်

နယူးဒေလီ မေ ၂၇

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လေထုပြင်ပ၌ရှိသော ပစ်မှတ်များကို ကြားဖြတ်ဖျက်ဆီးနိုင်စွမ်းရှိသည့် ပဲ့ထိန်းဒုံးခွင်းဒုံးတစ်စင်းကို ယနေ့တွင် အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာပေါ်တွင် လက်တစ်ဆုပ်စာနိုင်ငံများသာ ပိုင်ဆိုင်သည့် ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဖွံ့ဖြိုးစေရန် အဓိကခြေတစ်လှမ်းဖြစ်သည်။

နျူကလီးယား လက်နက်ပိုင်ဆိုင်ကြသည့် တရုတ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့နှင့် နယ်စပ်ချင်းထိစပ်နေသော အိန္ဒိယနိုင်ငံသည် ပဲ့ထိန်းဒုံးကျည်ဖြင့် တိုက်ခိုက်ခြင်းအား ကာကွယ်နိုင်သော အလွှာအထပ်ထပ်ပါသည့် ဒိုင်းတစ်ခု တည်ဆောက်ရန် ရည်ရွယ်လျက် အလွှာနှစ်ခုပါဝင်သော ဒုံးကျည်ကာကွယ်ရေးစနစ်ကို တိုးတက်ရန် ကြိုးစားလျက်ရှိသည်။

ကမ္ဘာ့လေထုအပြင်ဘက် အမြင့်မှ ပျံသန်းလာသည့် ဒုံးကျည်ကို ဖျက်ဆီးရန် ယင်းစနစ်က ရည်ရွယ်ခြင်းဖြစ်သည်။

ယခုအခါတွင် ဒုံးခွင်းဒုံးစနစ်ကို အမေရိကန်ပြည်ထောင်စု၊ ရုရှားနှင့် အစ္စရေးနိုင်ငံတို့ အပါအဝင် နိုင်ငံ အနည်းငယ်မျှကသာ ပိုင်ဆိုင်သည်။

၎င်းဒုံးခွင်းဒုံးကို ဝီးလားကျွန်းပေါ်ရှိ ဒုံးပစ်စခန်းမှ နံနက် ၉နာရီ ၁၀မိနစ်တွင် ပစ်မှတ်ဆီသို့ ပစ်ခတ်ခဲ့ပြီး ရေတပ်သင်္ဘောတစ်စင်းက နံနက် ၉နာရီ ၆မိနစ်တွင်ပစ်မှတ်ကိုပစ်လွှတ်ခဲ့သည်။

စမ်းသပ်မှုအောင်မြင်

ဤစမ်းသပ်မှုသည် အောင်မြင်ကြောင်း၊ ရည်မှန်းချက်အားလုံးပြီးပြည့်စုံခဲ့ကြောင်း ကာကွယ်ရေးဌာနသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (ဒီအာဒီအို) မှ ပြောရေးဆိုခွင့်ရှိသူက ပီတီအိုင်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ရိုက်တာ/ပီတီအိုင်။

ဗြိတိသျှနှင့် ဩစတြေးလျပူးတွဲရေတပ်ဖွဲ့ ဘိန်းဖြူအမြောက်အမြား ဖမ်းဆီးရမိ

လန်ဒန် မေ ၂၇

ဗြိတိသျှနှင့် ဩစတြေးလျ ရေတပ်ဖွဲ့များပူးတွဲစစ်ဆင်ရေးဆောင်ရွက်ရာ၌ ပင်လယ်ပြင်မှ ဘိန်းဖြူဖမ်းမိသမျှတွင် အများဆုံးအဖြစ် အလေးချိန် ၁၀၃၂ ကီလိုဂရမ် ဖမ်းဆီးရမိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက လန်ဒန်မြို့တွင် မကြာသေးမီက ကြေညာခဲ့သည်။

ဗြိတိသျှမှောင်ခိုဈေးကွက်၌ ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၂၃၅ သန်းကျော် တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများကို ကင်ညာနှင့် တန်ဇန်းနီးယားနိုင်ငံတို့အနီး အာဖရိကအရှေ့ဘက်ကမ်းခြေမှ မိုင် ၃၀ခန့်အကွာရှိ ရွက်လှေတစ်စင်းပေါ်၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

စစ်ဆင်ရေးတာဝန်ခံ ဗြိတိသျှတော်ဝင်ရေတပ်တပ်မှူး ဗိုလ်မှူးချုပ် ဂျဲရမီဘလန်ဒင်းက ယခုကဲ့သို့ ဖမ်းဆီးရမိခြင်းသည် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်ရေး ကွန်ရက်ကိုကြီးမားစွာ ထိုးနှက်ခြင်းဖြစ်သည်ဟု ပြောကြားသည်။

အိန္ဒိယသမုဒ္ဒရာအတွင်း မူးယစ်ဆေးဝါးတရားမဝင် သယ်ဆောင်ခြင်းကို နှိမ်နင်းသည့် နိုင်ငံတကာစစ်ဆင်ရေး၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ၎င်းမူးယစ်ကွန်ရက်သည် အယ်လ်ခိုင်ဒါကဲ့သို့သော အဖွဲ့အစည်းများကို ဘဏ္ဍာငွေ ထောက်ပံ့ပေးလျက်ရှိသည်။ ဇန်နဝါရီလမှစ၍ ပူးတွဲရေကြောင်းတပ်ဖွဲ့က ဘိန်းဖြူခြောက်ကြိမ်ဖမ်းဆီးရမိခဲ့ရာတွင် ယခုအကြိမ်သည် အများဆုံးဖြစ်ကြောင်း ဘာရိန်းနိုင်ငံ၌ အခြေစိုက်သည့် ဘလန်ဒင်းက ပြောကြားသည်။

ဩစတြေးလျရေတပ်ဖွဲ့၏ နည်းပညာအဆင့်မြင့်ထောက်လှမ်းရေး ကိရိယာများတပ်ဆင်ထားသော "အိတ်ချ်အမ်အေအက်စ်ဒါဝင်" သင်္ဘောမှ ဩစတြေးလျရေတပ်ဖွဲ့ဝင်များသည် ရွက်လှေတစ်စင်းပေါ်သို့ တက်ရောက်ရှာဖွေခဲ့ရာ ဘိန်းဖြူများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အေအက်ဖ်ပီ။

ရွက်လှေပေါ်မှ ဖမ်းဆီးရမိခဲ့သော ဘိန်းဖြူထုပ်များကို တွေ့ရစဉ်။

သမ္မတဟောင်းမော်စီအား ထောက်ခံသူ ၁၁ ဦးကို ထောင်ဒဏ်များချမှတ်

ကိုင်ရို မေ ၂၇

အီဂျစ်နိုင်ငံတရားရုံးတစ်ရုံးသည် ရာထူးမှ ဖယ်ရှားခြင်းခံရသော သမ္မတဟောင်းမော်စီအား ထောက်ခံသူ ၁၁ ဦးကို မေ ၂၆ ရက်တွင် ထောင်ဒဏ်များအသီးသီးချမှတ်ခဲ့သည်။ ယင်းတို့သည်အနည်းဆုံး ထောင်ဒဏ်ငါးနှစ်မှ အများဆုံး ၈၈ နှစ်အထိ ချမှတ်ခံရသူများပါဝင်သည်။

ဖမ်းဆီးထားခဲ့

၎င်းတို့ ထောင်ဒဏ်ကျခံရမှုမှာ လူထုဆန္ဒပြမှုများကြောင့် ဖြစ်သည်ဟု ဘီဘီစီသတင်းတွင်ဖော်ပြသည်။ ယမန်နှစ်အတွင်းက သမ္မတမော်စီအား ရာထူးမှ ဖယ်ရှားပြီးနောက် ဖြစ်ပေါ်ခဲ့သည့် လူထုဆန့်ကျင်ဆန္ဒပြမှုများအတွင်းက ၎င်းတို့အား ဖမ်းဆီးထားခဲ့ခြင်းဖြစ်သည်။

ယခုနှစ်မတ်လအတွင်းကလည်း ကိုင်ရိုမြို့တော်တောင်ပိုင်း မင်ရာဒေသမှ အလားတူတရားရုံးတစ်ရုံးက သမ္မတဟောင်း မော်စီအား ထောက်ခံခဲ့သူ ၅၀၀ ကျော်တို့ကို သေဒဏ်ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။ ယင်းဖြစ်ရပ်များသည် အီဂျစ်စစ်ဘက်ကကျောထောက်နောက်ခံပြုထားသည့် အီဂျစ်အစိုးရအား ဆန့်ကျင်ခဲ့ကြသည့် အစ္စလာမ့်ဝါဒီများ၏ လှုပ်ရှားမှုများကို ဖြိုခွဲခဲ့ရာမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဘီဘီစီ။

ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့်အဖွဲ့ ပေကျင်းအပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်သို့တက်ရောက်ခဲ့

နေပြည်တော် မေ ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပုံနှိပ်၊ ပြန်ကြားရေး၊ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား၊ အုပ်ချုပ်ရေးဌာန (State Administration of Press, Publication, Radio, Film and TV-SAPPRFT) မှ ဖိတ်ကြားချက်အရ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် အဖွဲ့သည် မေ ၂၂ ရက်မှ ၂၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့သွားရောက်ခဲ့ပြီး မေ ၂၃ရက် ညပိုင်းတွင် ပေကျင်းရုပ်သံလွှင့်ခန်းမ၌ ကျင်းပသည့် ပေကျင်းအပြည်ပြည်ဆိုင်ရာရုပ်ရှင်ပွဲတော်(Beijing International Film Festival) ပိတ်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့သည်။

ပေကျင်း အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်ကို စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ရုပ်ရှင်ကားပေါင်း ၈၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ပြသကာ ယှဉ်ပြိုင်မှုကဏ္ဍနှင့် ယှဉ်ပြိုင်မှုမဟုတ်သောကဏ္ဍဟူ၍ နှစ်ပိုင်းခွဲပြီး ကျင်းပသည်။

ယှဉ်ပြိုင်မှုကဏ္ဍတွင် နိုင်ငံတကာမှ ပါဝင်ယှဉ်ပြိုင်သော ရုပ်ရှင်ဇာတ်ကားများအနက်မှ နိုင်ငံတကာ ရုပ်ရှင်ပညာရှင်များပါဝင်သော ဆုရွေးချယ်ရေးအဖွဲ့က ဆန်ခါတင်ရုပ်ရှင်ဇာတ်ကား ၁၅ ကားရွေးချယ်ပြီး ယင်းဇာတ်ကားများအနက် ၁၀ ဆုကို ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ကျင်းပသည့် ပေကျင်းအပြည်ပြည်ဆိုင်ရုပ်ရှင်ပွဲတော်သို့ မြန်မာနိုင်ငံမှ ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးသည့် “ပန်းကြာဝတ်မှုန်” ရုပ်ရှင်ဇာတ်ကားပါဝင်ယှဉ်ပြိုင်ပြသခဲ့သည်။ ရုပ်ရှင်ပွဲတော်တွင် ရုပ်ရှင်ဇာတ်ကားများပါဝင်ပြသခြင်းသာမက ရုပ်ရှင်နှင့်ပတ်သက်သည့် ဆွေးနွေးပွဲများ၊ ဟောပြောပို့ချမှုများ၊ ပြခန်းများနှင့် ရုပ်ရှင်ဇာတ်ကားရောင်းချခြင်း၊ ဖလှယ်ခြင်းများကို ထည့်သွင်းကျင်းပခဲ့သည်။

မေ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့ မြောက်ပိုင်းရှိ တရုတ်ရုပ်ရှင်ကုမ္ပဏီအုပ်စု၏ ဒစ်ဂျစ်တယ်စနစ်ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းနှင့် စတူဒီယိုလုပ်ငန်းများသို့ သွားရောက်လေ့လာသည်။

အဆိုပါလုပ်ငန်းကို တရုတ်ရုပ်ရှင်ကုမ္ပဏီအုပ်စုမှ ပေကျင်းမြို့ မြောက်ဘက်တွင် ဧက ၁၃၀ရှိ မြေအကျယ်အဝန်းပေါ်၌ အတွင်းအပြင် ရုပ်ရှင်ရိုက်ကူးရေး အဆောက်အအုံများ ထည့်သွင်းဆောက်လုပ်ထားပြီး နိုင်ငံတကာမှ ထင်ရှားသည့် ရုပ်ရှင်ဇာတ်ကားများ၏ ဇာတ်ဝင်ခန်းများကို လာရောက်တည်ဆောက်ရိုက်ကူးခြင်းနှင့် အသံစနစ်များ ဆောင်ရွက်ခြင်းတို့ဖြင့် ပြုလုပ်ရိုက်ကူးရာနေရာဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံ၏ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှု၊ ကဏ္ဍအလိုက် အသုံးအဆောင်ပစ္စည်းများ၊ ရုပ်ရှင်နှင့်ပတ်သက်သည့် မှတ်တမ်းများ ထိန်းသိမ်းထားရှိခြင်း၊ ရုပ်ရှင်ရိုက်ကူးရာတွင် အသုံးပြုသော စက်ပစ္စည်းကိရိယာများနှင့် လိုအပ်ချက်များကို ငှားရမ်းပေးခြင်း ဆောင်ရွက်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် SAPPRFT ၏ သုတေသနနှင့်လေ့ကျင့်ရေးကျောင်းသို့ သွားရောက်လေ့လာသည်။ ယင်းကျောင်းမှ ရှစ်နှစ်အတွင်း နိုင်ငံပေါင်း ၁၃၉ နိုင်ငံမှ ကျောင်းသားပေါင်း ၂၀၀၀ ကျော်ခန့်ကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး ခေတ်မီစက်ကိရိယာများဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုမီဒီယာ (Broadcast Media) နှင့် ပတ်သက်၍ ပြည်သူလူထုထံသို့ အမြန်ဆုံးနှင့် လွယ်ကူသက်သာစွာ ရောက်ရှိနိုင်သည့် နည်းလမ်းများကို သုတေသနပြုလုပ်ကာ နည်းပညာစွမ်းအားဖြင့် ပြည်သူလူထုအား ဝန်ဆောင်မှုပေးနိုင်ရန် လေ့ကျင့်သင်ကြားပေးသည့်ကျောင်းဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့သည် SAPPRFTမှ ဒုတိယဝန်ကြီး Mr. Tong Gang က တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်ပြီး တရုတ်-မြန်မာရုပ်ရှင်ကဏ္ဍ အခြေအနေကို အမြင်ချင်းဖလှယ်ကြကာ နှစ်နိုင်ငံပူးပေါင်း၍ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှုဆိုင်ရာများ၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားအစီအစဉ်များ အပြန်အလှန် ဖလှယ်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်သော ရုပ်ရှင်၊ ရုပ်မြင်သံကြားဇာတ်လမ်းများ ရိုက်ကူးထုတ်လုပ်ရေးဆိုင်ရာများ၊ မြန်မာနိုင်ငံမှ သင်တန်းသားများစေလွှတ်၍ လေ့ကျင့်သင်ကြားရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

မေ ၂၅ ရက်တွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ရုပ်ရှင်ဗျူရို၏ တရုတ်ရုပ်ရှင်ပူးပေါင်း ထုတ်လုပ်ရေးကော်ပိုရေးရှင်းသို့ သွားရောက်ပြီး နှစ်နိုင်ငံပူးပေါင်း၍ ရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့်အတူ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ ကိုယ်စားလှယ်များ လိုက်ပါသွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

သိမ်းဆည်းခဲ့သော လယ်ယာမြေများအား ပြန်လည်ပေးအပ်

ဂန့်ဂေါ မေ ၂၇

ဂန့်ဂေါမြို့နယ်တွင် သိမ်းဆည်းခဲ့သော လယ်ယာမြေများအား သက်ဆိုင်ရာမြေအသုံးချခွင့်တောင်းခံသည့် တောင်သူများလက်ဝယ်အရောက် ပြန်လည်ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်ကြရာတွင် မေ ၂၁ ရက်က ဂန့်ဂေါမြို့နယ် သာလင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၊ တောင်ခင်ရန်းကျေးရွာ အထက်တန်းကျောင်း (ခွဲ)၊ တော်ဝင်ရွာ မူလတန်းကျောင်း၊ ရေရှင်ရွာ အုပ်ချုပ်ရေးမှူးရုံး၊ နှမ်းခါးရွာ အလယ်တန်းကျောင်း(ခွဲ) စသည်တို့တွင် အသီးသီးပေးအပ်ရာ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးနွားမောင်တို့ တက်ရောက်ကြပြီး သက်ဆိုင်ရာကျေးရွာ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများက မြေအသုံးချခွင့်တောင်း ခံသည့်တောင်သူများထံ လက်ဝယ်အရောက် ပြန်လည်ပေးအပ်ကြသည်။

ထို့ပြင် ဟံသာဝတီကျေးရွာ အလယ်တန်းကျောင်းတွင်လည်း အဆိုပါနေ့က တပ်မတော်စွန့်လွှတ်မြေများအား သက်ဆိုင်ရာမြေအသုံးချခွင့်တောင်းခံသူ တောင်သူများလက်ဝယ်အရောက် ပြန်လည်ပေးအပ်ပွဲပြုလုပ်ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်း၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းမြို့တို့နှင့် တာဝန်ရှိသူများတက်ရောက်ကြ၍ ဟံသာဝတီကျေးရွာ မြေအသုံးချခွင့်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက မြေအသုံးချခွင့်တောင်းခံသည့် တောင်သူများလက်ဝယ်အရောက်ပြန်လည်ပေးအပ်ခဲ့သည်။

ဂန့်ဂေါမြို့နယ်တွင် ၂၀၁၄ခုနှစ်အတွင်း မြေအသုံးချခွင့်တောင်းခံသည့်တောင်သူ ၄၀၆ ဦးထံ လယ်မြေ ၆၉၃ ဒသမ ၆၅ ဧက၊ ယာ ၈၃၀ ဒသမ ၇၉ ဧကတို့ကို တောင်သူများလက်ဝယ်အရောက် ပြန်လည်ပေးအပ်နိုင်ပြီဖြစ်ကြောင်းနှင့် ကျန်ရှိလယ်ယာမြေများကိုလည်း မြေအသုံးချခွင့်တောင်းခံသူ တောင်သူများထံ စနစ်တကျပေးအပ်နိုင်ရန် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၆၅)**

အမျိုးသားသက်ငယ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်

မန္တလေး မေ ၂၇

မန္တလေးခရိုင် ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားသက်ငယ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မေ တတိယပတ်တွင် မန္တလေးမြို့ မဟာအောင်မြေ အားကစားကွင်း၌ ကျင်းပမည် ဖြစ်သည်။

သက်ငယ်တန်း ပြိုင်ပွဲဝင်များသည် အရပ် ၄ ပေ ၉ လက်မ ၊ ကိုယ်အလေးချိန် ပေါင် ၈၀ ထက်မကျော်သူများ ပါဝင်နိုင်ပြီး ကင်းဘတ်ဖိနပ်ဖြင့် ပါဝင်ကစားခွင့်ပြုသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် မေ ၁၄ ရက်နောက်ဆုံးထား၍ မန္တလေးမြို့ အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း ၀၂-၆၈၁၄၀ သို့ ဆက်သွယ်စာရင်းပေးနိုင်သည်။

မေ ၁၅ ရက်တွင် ပွဲစဉ်ရေးဆွဲမည်ဖြစ်ပြီး ဆုများကို ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)



နှစ်ဦးတွင် မြူးဝင့်နေကြသော ပုရစ်ဖူးလေးများ

ရေနံ့သာမောင်ကျော်ညွန့်

တစ်နှစ်ကူးသည့် နှစ်ဦးကာလရောက်ခဲ့ပါပြီ။ နှစ်ဦးတွင် ပင်ယံထက်၌ ပုရစ်ဖူးတို့ဝေနေသည်။ ပုရစ်ဖူးလေးများသည် ပျိုမျစ်နုနယ်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ သစ်လွင်လန်းဆန်းခြင်းအသွင်ဖြင့် မြူးဝင့်လျက်ရှိနေသည်။ မကြာမီပုရစ်ဖူးကလေးတို့သည် အခက်ဝေဝေ အရွက်ဖားဖားဖြင့် အလှဆင်ပေးတော့မည်မှာ သေချာပါဘိတောင်း. . .။

ယနေ့လူငယ်တို့သည်ပုရစ်ဖူးကလေးများနှင့် အလားသဏ္ဍာန်တူညီကြသည်။ပုရစ်ဖူးကလေးများသည်မကြာမီကာလအတွင်း အလှဆင်ပေးနိုင်ရန် တာစူနေဘိသကဲ့သို့ ယနေ့လူငယ်တို့သည်လည်း မကြာမီအနာဂတ်ကာလတွင် လောကကို အလှဆင်ပေးနိုင်ရန် တာစူလျက်ရှိနေပါဘိတော့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အနာဂတ်ကာလတွင် အလှဆင်ကြမည့် ယနေ့လူငယ်မောင်မယ်တို့ကို ကာယအား၊ ဉာဏအား၊ ဝီရိယအားတည်းဟူသော အားသုံးအားနှင့် ပြည့်စုံစေရန် သင်ကြားလေ့ကျင့်ပေးကြရမည်ဖြစ်ပါသည်။ ယနေ့လူငယ်မောင်မယ်တို့သည်ကား အနာဂတ်အတွက် အင်အား၊ နိုင်ငံတော်၏ ရတနာများ မဟုတ်ပါလော. . .။

> **ကင်းထောက်အဖွဲ့များ ဖွဲ့စည်းခြင်းအားဖြင့် ကင်းထောက်အဖွဲ့၏ အစဉ်အသင့်ဆောင်ပုဒ်နှင့်အညီ လူမှုဝန်ထမ်းပရဟိတ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အစဉ်အသင့်ရှိနေ။**

အခြေခံပညာကျောင်းများသည် ပညာအခြေခံကောင်းများကိုလည်းကောင်း၊ ဘဝအတွက် အခြေခံကောင်းများကိုလည်းကောင်း၊ စိတ်ဓာတ်ကောင်းများကိုလည်းကောင်း၊ စည်းကမ်းကောင်းများကို လည်းကောင်း သင်ကြားလေ့ကျင့်ပုံလောင်းပေးရာ ပင်မဌာနများဖြစ်ကြပါသည်။ အခြေခံပညာကျောင်းများရှိ အခြေခံပညာအတန်းအသီးသီးတို့တွင် သင်ကြားလေ့ကျင့်ပေးရန် ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်း ပြဋ္ဌာန်းချက်စာအုပ်များကို လေ့လာဆန်းစစ်ကြည့်ပါက သင်ရိုးဝင်ဘာသာရပ်များကိုလည်းကောင်း၊ တွဲဖက်သင်ရိုးဝင်ဘာသာရပ်များကိုလည်းကောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ အဆိုပါဘာသာရပ်အားလုံးတို့ဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့် ဘဝအတွက် အခြေခံကောင်းများ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ် လူချွန်လူကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် သင်ရိုးဝင်ဘာသာရပ်နှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များကို တစ်ဖက်စောင်းနင်းမဖြစ်စေဘဲ ဟန်ချက်ညီညီလေ့ကျင့်သင်ကြားပေးရန် အရေးကြီးလှပါသည်။ ဟန်ချက်မညီပါက ရည်မှန်းချက်မပြောက် ခရီးမရောက်သည်ကို အထူးသတိပြုသင့်ပါပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ်ပေါ်လာသော ယနေ့ကာလ နိုင်ငံတော်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၊ အပိုဒ်ခွဲ (ဃ)တွင် နိုင်ငံတော်သည် ဘက်စုံအတွေးအခေါ်၊ အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့်ခေတ်မီပညာရေးစနစ်ဖော်ဆောင်ရမည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်မည့် နိုင်ငံ့သားကောင်း လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာအောင် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ၏။ ထို့နည်းတူ ပညာရေးဝန်ကြီးဌာနသည်လည်း ကျန်းမာသန်စွမ်းပြီး ပညာပြည့်ဝ နှလုံးလှသည့် လူချွန်လူကောင်းများ ဖြစ်ပေါ်လာအောင် အခြေခံပညာကျောင်းများမှတစ်ဆင့် လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိပါသည်။ ယနေ့လူငယ် မောင်မယ်များသည် အနာဂတ်ကာလတွင် နိုင်ငံတော်၏ တာဝန်များကိုလက်ဆင့်ကမ်းသယ်ပိုးဆောင်ရွက်ပေးကြရမည့်သူများဖြစ်ကြသည်။ ယနေ့လူငယ်တို့ကို ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားမွေးမြူပေးခြင်းအားဖြင့် အနာဂတ်အတွက် တန်ဖိုးဖြတ်၍မရနိုင်သော အကျိုးကျေးဇူးများကို ရရှိလာနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်က မျှော်လင့်တောင့်တချက်နှင့်အညီ နိုင်ငံတော်အတွက် လိုအပ်သော ဘက်စုံထူးချွန် နိုင်ငံ့သားကောင်းသမီးမွန်များကို မွေးထုတ်ပေးနေခြင်းဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ်ပေါ်လာသော အစိုးရသစ်လက်ထက်တွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ယနေ့ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအားလုံးကို အဖိတ်အစဉ်မရှိစေဘဲ တစ်ယောက်မကျန် နိုင်ငံ့သားကောင်းများဖြစ်ပေါ်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် အခမဲ့မသင်မနေရမူလတန်းပညာရေးစနစ်ကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒေသအသီးသီး၌ ကျရာတာဝန်ထမ်းဆောင်လျက်ရှိသော ပညာရေးဝန်ထမ်းများနှင့်အတူ ဒေသအလိုက်အစိုးရအဖွဲ့များ၏ အားပေးပံ့ပိုးမှု၊ ဒေသခံမိဘပြည်သူများ၊ ပြည်တွင်းပြည်ပ ပညာရေးစေတနာရှင်များအားလုံး တက်ညီလက်ညီပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးမှုတို့ကြောင့် ကျောင်းနေအရွယ် ကလေးအားလုံးအား ကျောင်းနေနိုင်သည့်အခွင့်အလမ်းပိုမိုရရှိလာခဲ့ပြီဖြစ်ပါသည်။ တစ်ဆက်တည်း အကျိုးသက်ရောက်မှုသည်ကား အတန်းတက်ရောက်မှုနှုန်း၊ အတန်းလိုက်သင်ယူပြီးမြောက်မှုနှုန်းနှင့် အတန်းကူးပြောင်းမှုနှုန်းတို့မြင့်မားလာခဲ့ခြင်းဖြစ်ပါသည်။ ထိုနှုန်းများမြင့်မားလာစေရန်အတွက် ပညာကိုကြိုးစားသင်ယူလိုစိတ်ထက်သန်ပြီး ပညာသင်ယူရန်အခက်အခဲရှိသည့် ကျောင်းသားကျောင်းသူများအား အတန်းလိုက်ပညာသင်ထောက်ပံ့ကြေးများ ပံ့ပိုးထောက်ပံ့ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်နေကြရပြီဖြစ်ပါသည်။

အခြေခံပညာကျောင်းများသည် စာကိုလည်းသင် လူကိုလည်းပြင်ဆိုသည့်ဆောင်ပုဒ်နှင့်အညီ စာကိုသင်ပေးသည့်နည်းတူ တစ်ဦးချင်းစီ၏စိတ်ဓာတ်၊ စည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ လိုက်နာကျင့်သုံးရမည့် လူမှုကျင့်ဝတ်များကိုလည်းကောင်း သင်ကြားလေ့ကျင့်ပေးလျက်ရှိပါသည်။ ယနေ့လူ့အဖွဲ့အစည်းက လိုလားတောင့်တလျက်ရှိသော ဒီမိုကရေစီစနစ်ထွန်းကားရေး၊ ဒီမိုကရေစီစနစ်ရှင်သန်ရေး၊ ဒီမိုကရေစီလမ်းကြောင်းတည့်မတ်မှန်ကန်ရေးတို့အတွက် ဒီမိုကရေစီအခြေခံကောင်းများကို ကျောင်းကောင်စီအဖွဲ့များဖွဲ့စည်းပေးပြီး လေ့ကျင့်ပေးလျက်ရှိပါသည်။ ကျောင်းကောင်စီအဖွဲ့၏အောက်ရှိ ဝါသနာပါရာ အသင်းအဖွဲ့များမှတစ်ဆင့် အဖွဲ့လိုက်တာဝန်ဝတ္တရားများ၊ တစ်ဦးချင်းအလိုက် တာဝန်ဝတ္တရားများကို ပေးအပ်ဆောင်ရွက်စေခြင်းဖြင့် အဖွဲ့လိုက်၊ တစ်ဦးချင်းတာဝန်ယူလိုမှု၊ တာဝန်ခံလိုမှု၊ ပူးပေါင်းဆောင်ရွက်လိုမှု၊ ကောင်းသောယှဉ်ပြိုင်လိုမှုစိတ်ဓာတ်ကောင်းများ ပေါ်ထွန်းလာအောင် မွေးမြူပေးလျက်ရှိပါသည်။

ထို့ပြင် အခြေခံပညာကျောင်းများတွင် ကင်းထောက်အဖွဲ့များ၊ ကြက်ခြေနီအဖွဲ့များ စသည့် အသင်းအဖွဲ့များ ဖွဲ့စည်းပေးထားပါသည်။ ကင်းထောက်အဖွဲ့များ ဖွဲ့စည်းခြင်းအားဖြင့် ကင်းထောက်အဖွဲ့၏ အစဉ်အသင့်ဆောင်ပုဒ်နှင့်အညီ လူမှုဝန်ထမ်းပရဟိတလုပ်ငန်းများဆောင်ရွက်နိုင်ရန် အစဉ်အသင့်ရှိနေသည်ဟူသော မွန်မြတ်သည့်စိတ်ဓာတ်ကောင်းကို မွေးမြူပေးနိုင်ပြီး အများအကျိုးသယ်ပိုးဆောင်ရွက်လိုစိတ်၊ မိမိကိုယ်ကို အားကိုးယုံကြည်စိတ်၊ ရိုင်းပင်းကူညီလိုစိတ်၊ ထောက်ထားငဲ့ညှာစာနာစိတ် စသည့် လူမှုဝန်ထမ်း စိတ်ဓာတ်ကောင်းများကိုလည်း မွေးမြူပေးနိုင်မည်ဖြစ်ပါသည်။ ကြက်ခြေနီအသင်းသို့ အကြင်နာ၊ ကရုဏာ၊ ဝါသနာအရင်းခံဖြင့် ဝင်ရောက်လာကြသော ကျောင်းသား ကျောင်းသူများသည် ကြက်ခြေနီစိတ်ထား၊ ကြက်ခြေနီလုပ်ငန်းများနှင့် ရင်းနှီးကျွမ်းဝင်လျက်ရှိပေသည်။ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရန်နည်းလမ်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကယ်ဆယ်ရေးနည်းလမ်းများ၊ ရှေးဦးသူနာပြုစုနည်းလမ်းများကို ကြက်ခြေနီမောင်မယ်တို့ သင်ယူလေ့ကျင့်ကြရ၏။ အမြဲတစေ လျင်မြန်သွက်လက် ဖျတ်လတ်လျက် လူမှုကောင်းကျိုးသယ်ပိုးဆောင်ရွက်လိုသူ ကြက်ခြေနီလူငယ်မောင်မယ်တို့ကိုလည်း အခြေခံပညာကျောင်းများမှတစ်ဆင့် မွေးမြူပေးလျက်ရှိပါသည်။ သို့ဖြင့် ကျောင်းများ၌ ကျောင်းကောင်စီအဖွဲ့အောက်တွင် ဝါသနာပါရာအသင်းအဖွဲ့များ ဖွဲ့စည်းပေးထားပြီး ယနေ့ လူငယ်မောင်မယ်တို့အား အားသန်ဝါသနာပါသည်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိသောကြောင့် ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားလာမည်ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနသည် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးမြင့်မားလာပြီး ဘက်စုံပညာထူးချွန်သူများပေါ်ထွန်းလာစေရန်အတွက် ဘက်စုံပညာထူးချွန်သူများကိုရွေးချယ်ကာ ဘက်စုံပညာထူးချွန်ဆုပေးအပ်ချီးမြှင့်သည့်အစီအစဉ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဘက်စုံပညာထူးချွန်ဆုရရှိသူ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများကို ပုဂံအပန်းဖြေစခန်း၌လည်းကောင်း၊ နဝမတန်းကျောင်းသား ကျောင်းသူများကို အင်းလေး အပန်းဖြေစခန်း၌ လည်းကောင်း၊ ဒသမတန်းကျောင်းသား ကျောင်းသူများကို ငွေဆောင်အပန်းဖြေစခန်း၌လည်းကောင်း အပန်းဖြေနိုင်ရန်စီစဉ်ပေးခဲ့ပြီး အပန်းဖြေစခန်းဝန်းကျင်ရှိ ဒေသန္တရဗဟုသုတများ၊ သဘာဝအလှအပများ၊ လူနေမှုဘဝများကိုပါ လေ့လာမှတ်သားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အဆိုပါ ဘက်စုံပညာထူးချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများသည် အပန်းဖြေစခန်းအသီးသီးတွင် လေ့လာအပန်းဖြေပြီးသည့်နောက် နေပြည်တော်စုပေါင်းစခန်းသို့ တစ်ပြိုင်နက်တည်းရောက်ရှိလာကြသည်။ နေပြည်တော်စုပေါင်းစခန်းသို့ရောက်ရှိလာကြသော စခန်းအသီးသီးမှ ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများသည် နိုင်ငံတစ်ဝန်းရှိဒေသအသီးသီးမှ ညီအစ်ကိုမောင်နှမများပြန်လည်တွေ့ဆုံရဘိသကဲ့သို့ ဝမ်းသာကြည်နူးကြရသည်။ တစ်ဦးချင်းစီ၏ နေထိုင်ခဲ့ကြရာဒေသဗဟုသုတများ၊ အပန်းဖြေစခန်းတို့၌ ကြုံတွေ့ခဲ့ရသည့်အတွေ့အကြုံများ၊ ဒေသန္တရဗဟုသုတများ၊ သဘာဝအလှအပများ၊ လူနေမှုဘဝများကိုအပြန်အလှန်ဝေငှဖလှယ်ကြရာ ပျော်စရာကောင်းလှပါသည်။ သို့ဖြင့် မိတ်ဆွေအပေါင်းအသင်းများ တိုးပွားလာသည်။ ဒေသန္တရဗဟုသုတများကြွယ်ဝလာသည်။ ဒေသအသီးသီး၏သဘာဝအလှအပများ၊ ဒေသအသီးသီး၏ လူနေမှုဘဝများနှင့် ရင်းနှီးကျွမ်းဝင်လာသည်။ အကျိုးဆက်သည်ကား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ရင်းနှီးကျွမ်းဝင်ချစ်ခင်တွယ်တာမှု သံယောဇဉ်ပိုမိုခိုင်မြဲလာသည်။ တစ်နည်းဆိုရသော် ပြည်ထောင်စုစိတ်ဓာတ်နှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရင့်သန်လာသည်။ အချင်းချင်းနားလည်စာနာမှုနှင့်အတူ မြန်မာ့ရေမြေတောတောင်သဘာဝအလှအပများကို ခင်တွယ်လာပြီး မြန်မာ့လူနေမှုဘဝ၊ မြန်မာ့လူနေမှုစရိုက်၊ မြန်မာ့ ဓလေ့ထုံးတမ်းစဉ်လာ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို လေးစားမြတ်နိုးတန်ဖိုးထားကာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုစိတ်၊ ဒေသကောင်းကျိုး သယ်ပိုးဆောင်ရွက်လိုစိတ်များ ရှင်သန်နိုးကြား တက်ကြွလာမည်ဖြစ်ပါသည်။

ယခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင်လည်း ယမန်နှစ်ကနည်းတူ အဋ္ဌမတန်းဘက်စုံပညာထူးချွန်ဆုရရှိသူများကို ပုဂံအပန်းဖြေစခန်း၌ လည်းကောင်း၊ နဝမတန်းဘက်စုံပညာထူးချွန်သူများကို အင်းလေးအပန်းဖြေစခန်း၌ လည်းကောင်း၊ ဒသမတန်း ဘက်စုံပညာထူးချွန်သူများကို ငွေဆောင်အပန်းဖြေစခန်း၌လည်းကောင်း အပန်းဖြေစေမည်ဖြစ်ပြီး အပန်းဖြေစခန်းဝန်းကျင်များရှိ ဒေသန္တရဗဟုသုတများ၊ သဘာဝအလှအပများ၊ လူနေမှုဘဝ ဓလေ့စရိုက်များ၊ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာစေမည်ဖြစ်ပါသည်။ အပန်းဖြေစခန်းအသီးသီးမှ နေပြည်တော်စုပေါင်းစခန်းသို့ ရောက်ရှိသည့်အခါတွင်မူ ဘက်စုံပညာထူးချွန်ဆုရရှိသူများအချင်းချင်းတွေ့ဆုံပြီး ကြုံတွေ့ခဲ့ရသည့်အတွေ့အကြုံများကို ဝေငှဖလှယ်ကြဦးမည်ဖြစ်ပါသည်။

ဘက်စုံပညာထူးချွန်ဆုရရှိသူများအားလုံး နေပြည်တော်စုပေါင်းစခန်းသို့ရောက်ရှိသည့်အချိန်တွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✪

ဘက်စုံပညာထူးချွန်လူငယ်များ လေ့ပြိုင်ပွဲနှင့် မျိုးစေ့ထုတ်လုပ်ငန်း ကြည့်ရှုလေ့လာ

ညောင်ရွှေ မေ ၂၇

ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း(အင်းလေး)မှ ဘက်စုံပညာထူးချွန်လူငယ်များသည် မေ ၂၇ ရက် နံနက်ပိုင်းတွင် စက်လှေများဖြင့် အင်းလေးကန်အတွင်းသို့ သွားရောက်ပြီး အင်းလေးကန်ရေလယ်ဇေည့်ရိပ်သာတွင် ကျင်းပသည့် အင်းသားရိုးရာလှေပြိုင်ပွဲ၊ ရိုးရာဆွမ်းပို့လှေ၊ ဈေးရောင်းလှေနှင့် ငါးဖမ်းလှေလှော်ခတ်သရုပ်ပြမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဘက်စုံပညာထူးချွန်လူငယ်များကို အင်းသားရိုးရာအမျိုးသားရာကျော်လှေပြိုင်ပွဲတွင် အိုင်ထောင့်ကြီးအသင်းနှင့် ရွှေ့ဝကြီးအသင်းတို့၏ ယှဉ်ပြိုင်လှော်ခတ်မှု၊ ရိုးရာဆွမ်းပို့လှေလှော်ခတ်မှု၊ ရေပေါ်ဈေးတွင် ဈေးရောင်းလှေများလှော်ခတ်ရောင်းချမှု၊ ငါးဖမ်းလှေသရုပ်ပြသမှုတို့ဖြင့် လှော်ခတ်ပြသခဲ့ကြသည်။

ထို့နောက် တိလောကျေးရွာအုပ်စု ကွင်းအမှတ်(၁၃)ဦးပိုင် (၁၁၇)ရှိ တောင်သူဦးဝင်းရွှေ၏ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း လေးဧကသို့သွားရောက်ပြီး မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းများကို လေ့လာခဲ့သည်။**(အပေါ်ပုံ)**ညနေပိုင်းတွင် ဘက်စုံပညာထူးချွန်အပန်းဖြေစခန်းတွင် ခင်းကျင်းပြသထားသည့် ယဉ်ကျေးမှုပြခန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြခန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြခန်း၊ အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးစီမံကိန်း (ဆည်မြောင်း)ပြခန်း၊ စိုက်ပျိုးရေးမွေးမြူရေးပြခန်းတို့ကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(နေမျိုးသူရိန်)

ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် အထပ်မြင့်အိမ်ရာစီမံကိန်းလုပ်ငန်းများ ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များတွင် ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၂၆ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) ငမိုးရိပ်ချောင်းတစ်လျှောက် စည်ပင်သာယာရေး စီးပွားရေးဇုန်၊ ပါရမီဘေလီတံတားအနီး ထုပ်တန်းရိုက် မြေဖြည့်တာပေါင်ဖို့ခြင်းလုပ်ငန်းအား ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ သဲကွင်းရေတံခါး ဆောင်ရွက်နေမှု၊ တပင်ရွှေထီးလမ်းနှင့် မန္တလေးလမ်းထောင့်ရှိ ရေထုတ်ပြွန် Box Culvert ၅/၂၀ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ မိုးမကျမီ လုပ်ငန်းများ ပြီးစီးရေး၊ ယာဉ်သွားလာမှုချောမွေ့ပြီး ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုကြပ်မတ်ဆောင်ရွက်ရန်တို့ကို မှာကြားပြီး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဒဂုံဆိပ်ကမ်းမြို့နယ် ဧရာဝဏ်နှင့် ရတနာအိမ်ရာ အထပ်မြင့်ဆောက်လုပ်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများ၊ ဆောက်လုပ်ရေးအထူးအဖွဲ့များက (၂၄)ခန်းတွဲ၊ (၁၈)ထပ်၊ ပထမအဆင့်အလုံး ၂၀၊ ဒုတိယအဆင့် ၁၃ လုံး၊ တတိယအဆင့် ၁၆ လုံး စုစုပေါင်း ၄၉ လုံးတို့၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ယခုအထပ်မြင့်အိမ်ရာစီမံကိန်းလုပ်ငန်းမှာ နိုင်ငံတော်အစိုးရမှ ပြည်သူများ၏ နေထိုင်ရေးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေးဖြစ်ပါကြောင်း၊ သတ်မှတ်ချိန်ပြီးစီးရေး ဆောင်ရွက်ရန် မှာကြားပြီး ရတနာအိမ်ရာစီမံကိန်း၊ Percal (G) အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်နိုင်

ရန်ကုန် မေ ၂၇

သွေးလွန်တုပ်ကွေး တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ရာတွင် လူမှုရေးအသင်းအဖွဲ့များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

“ကူညီမယ့်သူတွေအနေနဲ့လည်း ဆက်သွယ်နိုင်သလို Volunteer အနေနဲ့ပဲဖြစ်ဖြစ်၊ မည်သူမဆို သွေးလွန်တုပ်ကွေးအတွက် ပူးပေါင်းဆောင်ရွက်လိုသူတွေအနေနဲ့ ဆက်သွယ်နိုင်ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာဒေါ်မာလာစိုးက အမျိုးသားကျန်းမာရေးပြတိုက်၌ ပြုလုပ်သည့် ကျန်းမာရေးဖိုရမ်တွင် ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများပြားသည့် မြို့နယ်နှင့် ငှက်ဖျားရောဂါဖြစ်ပွားမှု များပြားသည့် မြို့နယ်တို့ရှိကြခြင်းကြောင့် ရောဂါကာကွယ်တိုက်ဖျက်မှုလုပ်ငန်းများကို ယခုလို နွေရာသီကတည်းက အစီအစဉ်ချဆောင်ရွက်နေပြီး ကျောင်းဖွင့် ရာသီမတိုင်မီ မေလတွင်လည်း စာသင်ကျောင်းများ၌ပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်မှ ဖြစ်ပွားခြင်းဖြစ်ပြီး ရောဂါပိုးသယ်ဆောင်လာသော ခြင်ဖြစ်လာမည့် ပိုးလောက်လမ်းများ ပေါက်ပွားမှု မရှိစေရန် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့သော သွေးလွန်တုပ်ကွေးလုပ်ငန်းများအတွက် INGO အချို့နှင့် ပြည်ပရောက် မြန်မာများစုဖွဲ့လှူဒါန်းကူညီရန် အစီအစဉ်ရှိကြောင်း PSI (Myanmar) AMTR Project မှ ဒေါက်တာ ဒီပါကျော်က ဆိုသည်။ ထို့အပြင် စင်ကာပူရောက် မြန်မာများစုဖွဲ့ပြီး မြို့နယ်တစ်ခုတွင် ကူညီလုပ်ဆောင်ပေးရန် ကျန်းမာရေးဦးစီးဌာနသို့ မကြာသေးမီက ဆက်သွယ်အကြောင်းကြားထားခြင်းများ ရှိကြောင်း သိရသည်။

၂၀၁၃ ခုနှစ်အတွင်းကလည်း ဒလ၊ လှိုင်သာယာ၊ ဒေါပုံစသည့် မြို့နယ်များတွင် World Vision အဖွဲ့အစည်းမှ တာဝန်ယူဆောင်ရွက်ကာ အကူအညီပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ထက်ခိုင်(စမ်းချောင်း)

တောင်ငူတွင် ဆင်ဖြင့်ရှင်လောင်းလှည့်လည်ပွဲ ကျင်းပ

တောင်ငူ မေ ၂၇

မြန်မာ့ရိုးရာဓလေ့ ရှင်ပြုအလှူတော်မင်္ဂလာပွဲများတွင် ဆင်များပါဝင်သည့်အလှူမှာ နည်းပါးလာပြီး ပုဂ္ဂလိကဆင်အများအပြားရှိနေသော တောင်ငူဒေသတွင် ဆင်ဖြင့် ရှင်လောင်းလှည့်လည်သည့်ဓလေ့မှာ ယနေ့တိုင်တွင်ကျယ်ဆဲဖြစ်သည်။ ဆင်ငှားရမ်းခဈေးနှုန်းမြင့်တက်လာခြင်း၊ သစ်ထုတ်ဆင်များမှာ ဒေသတွင်းတွင် အခြေချလုပ်ကိုင်မှု မရှိတော့ဘဲ နိုင်ငံအနှံ့သစ်ထုတ်လုပ်ရေးဒေသအသီးသီးတွင် ရောက်ရှိနေကြခြင်းတို့ကြောင့် ဆင်အများအပြားဖြင့် ရှင်ပြုနိုင်ခြင်းမရှိကြတော့သည့်အပြင် ဆင်ဖြင့်ရှင်ပြုပွဲများလည်း ရှားပါးလာသည်ကို တွေ့ရသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်အထိ ဆင်တစ်ကောင်ငှားရမ်းခ ကျပ်သုံးသိန်းရှိရာမှ ယခုအချိန်တွင် ဆင်တစ်ကောင်ငှားရမ်းခမှာ ကျပ်ငါးသိန်းခွဲဖြစ်လာသည်။ အလှူရှင်က ဆင်ငှားရမ်းခအပြင် ဆင်စာအဖြစ်စပါး၊ ဆန်၊ ကြံချောင်းနှင့် မန်ကျည်းမှည့်များကိုပါ ကျွေးမွေးရသည်။ ရှင်ပြုပွဲများအတွက် ယဉ်ပါးသည့် ဆင်များသာ အငှားလိုက်ပါနိုင်ပြီး ရှင်ပြုပွဲတွင် သုံးစွဲခဲ့သောဆင်မှာ ယခုနှစ်အတွင်း ရှင်ပြုပွဲရှစ်ကြိမ် အငှားလိုက်ပါခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ဟိုင်းလပ်စ်ယာဉ်ပိုင်ရှင်များ သတင်းစာရှင်းလင်း

ရန်ကုန် မေ ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် (၁၂)ရပ်ကွက် ကံ့ကော်လမ်း၌ မေ ၂၆ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ပြေးဆွဲနေသော (ဟိုင်းလပ်စ်)ယာဉ်ပိုင်ရှင်များစုပေါင်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြသည်။

ရန်ကုန်မြို့တွင်းပြေးဆွဲနေသော ဟိုင်းလပ်စ်ယာဉ် ၅၀၀ ကျော်တို့ကို မှီခိုစားသောက်နေရသော ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ၎င်းတို့အား မှီခိုစားသောက်နေရသော မိသားစုဝင်များအခက်အခဲများနှင့်ကြုံတွေ့ကြရမည့်အရေးကို မထသ(ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား အကြိမ်ကြိမ်တင်ပြသော်လည်း အရေးတယူ စဉ်းစားဆောင်ရွက်ပေးခြင်းမရှိခဲ့ကြောင်း၊ ဟိုင်းလပ်စ်ယာဉ်ပြေးဆွဲခွင့်ကာလကို ၂၀၁၄ ခုနှစ်ကုန်အထိ ပြောင်းလဲသတ်မှတ်ပေးရန် အဓိကထားတောင်းဆိုလိုကြောင်း၊ သတင်းစာ၊ ဂျာနယ်၊ ရုပ်သံလွှင့်ဌာနမှ တာဝန်ရှိသူများကို ယာဉ်လိုင်းတာဝန်ရှိသူများက ရင်ဖွင့်ပြောကြားသွားကြောင်း သိရသည်။

(မင်းထက်ပိုင်-လှိုင်သာယာ)

❖ ကျောဘုံးမှ

ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းမှုရှိ၍ တရားဥပဒေစိုးမိုးမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်မှု မရှိဘူးဆိုလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်နိုင်မည် မဟုတ်ကြောင်း၊ လွှတ်တော်အတွင်း၌ ပါတီပေါင်း ၁၉ ခုမှ ကိုယ်စားလှယ်များပါဝင်လျက်ရှိကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ တိုင်းရင်းသားပါတီများ အစရှိသည့် ပါတီများပါဝင်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြည့်ပါက သိရှိနိုင်ပါကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုယခင်ခေတ်ကာလများကလည်း လုပ်ဆောင်ခဲ့ကြောင်း၊ တွေ့ကြုံသိမြင်ရသည့် အတွေ့အကြုံများအရ မလုပ်သင့်သည်များ၊ ကာလပေါ်လွင်သင့်သည့်လုပ်ငန်းများကို ပြောကြားရန်လိုကြောင်း၊ အပြောနှင့်အလုပ် ညီညွတ်မှုရှိရန် အပြောင်းအလဲကို ယုံကြည်ရန်လိုကြောင်း၊ တိုင်းရင်းသားများကို အခြေခံ၍ ပါတီများရှိကြောင်း၊ မည်သည့်ပါတီဖြစ်စေ ပြည်ထောင်စုအကျိုးအတွက် ဆောင်ရွက်မည်ဟူသော ရည်မှန်းချက်၊ ရည်ရွယ်ချက်တူညီကြောင်း၊ တစ်ပါတီနှင့် တစ်ပါတီ ရန်သူကဲ့သို့ သဘောထားမှု မရှိကြောင်း။

ကရင်ပြည်နယ်အတွင်းယခင်က ငြိမ်းချမ်းမှုမရှိ၍ ပြည်သူများ နေထိုင်လုပ်ကိုင်စားသောက်မှု မည်မျှအခက်အခဲကြုံရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရေးအတွက် နှစ်ဖက်လက်နက်ကိုင်အဖွဲ့များ တွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူများလည်း ပါဝင်ရန် လိုအပ်ကြောင်း၊ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ဘားအံမြို့သို့ ပထမအကြိမ် လာရောက်စဉ် တင်ပြခဲ့သည်များကို အချိန်အတိုင်းအတာတစ်ခုအရ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ လိုအပ်ချက်အခက်အခဲများကို ပွင့်ပွင့်လင်းလင်းပြောကြားရန်လိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အတွင်း၌ ဆောင်ရွက်နေသော်လည်း အချိန်အကန့်အသတ်ရှိပါကြောင်း၊ ခရီးစဉ်များအတွင်း တင်ပြချက်များသည် လွှတ်တော်အတွင်းတင်ပြချက်များထက် ထူးခြားသည်များကို ကြားသိရပါကြောင်း၊ ဒေသလိုအပ်ချက်၊ ပြည်နယ်လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် တစ်ဝက်တစ်ပျက် ပါဝင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းက ပြည်နယ်လွှတ်တော်က ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီနှင့် ဖာပွန်မြို့နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များနှင့် မြို့မိမြို့ဖများဖြစ်ကြသော ဖဒိုဦးအောင်ဆန်း၊ ဦးစောဟန်တင်၊ ဦးစိုးမြင့်၊ ဦးဘုဒ်မန်း၊ ဦးရဲမြင့်၊ ဦးစောဟာဒင်ရွှေ၊ ဦးလှတင်၊ ဦးစောထူးခေါ်လင်း၊ ဦးကြည်လွင်၊ ဦးအောင်မျိုး၊ ဦးသန်းရွှေ၊ ဦးညိုသိန်းထွန်း၊ ဦးမျိုးချစ်ကိုနှင့် ဒေသဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

အလားတူ ဒေသခံပြည်သူများဖြစ်သော ဘားအံမြို့နယ်မှ ဒေါ်အဖူး၊ ဦးစောအောင်နိုင်မြင့်၊ ဦးစောထိန်ဝင်း၊ ဦးလှမြင့်၊ ဒေါ်စိန်စိန်ရီ၊ ဦးစောစိန်သန်း၊ ဒေါ်ခင်ခင်ထွေး၊ ဦးစောညာဏ်ဝင်း၊ ဦးစောအောင်သိန်း၊ ဒေါ်နော်ခင်ရွှေ၊ ဦးစောညာဏ်လင်း၊ ဦးစောမောင်ငြိမ်းနှင့် ဒေါ်နန်းခင်ထွေးတို့က အထွေထွေဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။ (သတင်းစဉ်)

(၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် ပြိုင်ပွဲများကျင်းပ
အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်ကြည့်ရှုဆုများချီးမြှင့်

နေပြည်တော် မေ ၂၇

အားကစားဝန်ကြီးဌာန အာရှပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၉)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ်ပြေးခုန်ပစ်ပြိုင်ပွဲအား အရှေ့တောင်အာရှဒေသအတွင်း ပြေးခုန်ပစ်အားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသအတွင်း လူငယ်ပြေးခုန်ပစ် အားကစားသမားများအတွက် နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရစေရန်၊ မြန်မာလူငယ်ပြေးခုန်ပစ် အားကစားသမားများ နိုင်ငံတကာအတွေ့အကြုံရရှိစေပြီး မြန်မာပြေးခုန်ပစ်အားကစား ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပရာ ပြိုင်ပွဲ၏ပထမနေ့ပွဲစဉ်များကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း၌ ဖွင့်ပွဲအခမ်းအနားအပြီး ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲကို အိမ်ရှင်မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို ပြိုင်ပွဲဝင် ခုနစ်နိုင်ငံမှ အသက်(၁၆)နှစ်အောက် ကစားသမား ၂၀၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ယနေ့မနက်ပိုင်းပွဲစဉ်များအဖြစ် အမျိုးသား သံလုံးပစ်ဗိုလ်လုပွဲစဉ်၊ အမျိုးသမီး မီတာ ၄၀၀ ဗိုလ်လုပွဲစဉ်၊ အမျိုးသား မီတာ ၁၀၀ လူရွေးပွဲစဉ်၊ အမျိုးသမီး လှံတံပစ်ဗိုလ်လုပွဲစဉ်၊ အမျိုးသား မီတာ ၁၅၀၀ ဗိုလ်လုပွဲစဉ်၊ အမျိုးသမီး မီတာ၁၅၀၀ ဗိုလ်လုပွဲစဉ်၊ အမျိုးသား တုတ်ထောက်ခုန် ဗိုလ်လုပွဲစဉ်များကိုလည်းကောင်း၊ ညနေပိုင်းပွဲစဉ်များအဖြစ် အမျိုးသားကြိုးတပ်သံလုံးပစ်ဗိုလ်လုပွဲစဉ်၊ အမျိုးသမီး သံပြားပစ်ဗိုလ်လုပွဲစဉ်၊ အမျိုးသား အလျားခုန် ဗိုလ်လုပွဲစဉ်၊ အမျိုးသား မီတာ ၁၁၀ တန်းကျော်လူရွေးပွဲစဉ်၊ အမျိုးသမီး မီတာ ၁၀၀ တန်းကျော် လူရွေးပွဲစဉ်၊ အမျိုးသမီးအမြင့်ခုန်ဗိုလ်လုပွဲစဉ်၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ ဗိုလ်လုပွဲစဉ်များ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ ဗိုလ်လုပွဲစဉ်များ၊ အမျိုးသား မီတာ ၁၁၀ တန်းကျော် ဗိုလ်လုပွဲစဉ်၊ အမျိုးသမီး (၃)ဆင့်ခုန်ဗိုလ်လုပွဲစဉ်၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ လက်ဆင့်ကမ်း ဗိုလ်လုပွဲစဉ်များ၊ အမျိုးသား/အမျိုးသမီး မီတာ ၂၀၀ လက်ဆင့်ကမ်းပွဲစဉ်များ ကျင်းပခဲ့ရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ဆုရရှိကြသည့် ပထမဆုရ မြန်မာနိုင်ငံမှ အေးအေးအောင်၊ ဒုတိယဆုရ မြန်မာနိုင်ငံမှ နှင်းသဇင်၊ တတိယဆုရ မြန်မာနိုင်ငံမှ အဲလက်စ်တို့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဦးအောင်ဒင်က လည်းကောင်း၊ အမျိုးသား မီတာ(၁၅၀၀)ပြိုင်ပွဲတွင် ဆုရရှိကြသည့် ပထမဆုရ မြန်မာနိုင်ငံမှ စိန်အောင်၊ ဒုတိယဆုရ မြန်မာနိုင်ငံမှ အောင်ကိုဝင်း၊ တတိယဆုရ မြန်မာနိုင်ငံမှ သော်ဇင်ထက်တို့အား ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဒါရိုက်တာ ဦးကျော်ခင်က လည်းကောင်း၊ အမျိုးသမီး လှံတံပစ်ပြိုင်ပွဲတွင် ဆုရရှိကြသော ပထမဆုရ ဗီယက်နမ်မှ အားကစားသမား၊ ဒုတိယဆုရ ဗီယက်နမ်မှ အားကစားသမား၊ တတိယဆုရ အင်ဒိုနီးရှားမှ အားကစားသမားတို့အား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစံသောင်းက လည်းကောင်း၊ အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ဆုရရှိကြသည့် ပထမဆုရ ထိုင်းနိုင်ငံမှ အားကစားသမား၊ ဒုတိယဆုရ ဗီယက်နမ်မှ အားကစားသမား၊ တတိယဆုရမြန်မာနိုင်ငံမှ အားကစားသမားတို့အား အားကစားဝန်ကြီးဌာနရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးကလည်းကောင်း၊ အမျိုးသမီး သံပြားပစ်ပြိုင်ပွဲတွင် ဆုရရှိကြသည့် ပထမဆုရ ဗီယက်နမ်မှ အားကစားသမား၊ ဒုတိယဆုရ ထိုင်းနိုင်ငံမှအားကစားသမား၊ တတိယဆုရ မြန်မာနိုင်ငံမှ ရိုစပီးနာတို့အား အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦးက လည်းကောင်း၊ အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ဆုရရှိကြသည့် ပထမဆုရ မြန်မာနိုင်ငံမှ ခွန်တီးလုံး၊ ဒုတိယဆုရ မြန်မာနိုင်ငံမှ ကျော်သူ၊ တတိယဆုရ မြန်မာနိုင်ငံမှ မိုးမင်းလှိုင်တို့အား မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆုများချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❒ **ရန်ကုန်-နေပြည်တော်မှ**

ယနေ့နံနက် ၅ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်-မန္တလေး လမ်းဟောင်းတစ်လျှောက် ဆက်သွယ်ထားသော ရန်ကုန်-နေပြည်တော်- မန္တလေး အရန်ဖိုင်ဘာဆက်ကြောင်းသည် တောင်ငူမြို့နှင့် ရေတာရှည်မြို့အကြား ရေတာရှည်မြို့မှ လေးကီလိုမီတာခန့်အကွာတွင် မော်တော်ယာဉ်တစ်စီးနှင့် မတော်တဆတိုက်မိမှုကြောင့် ပြတ်တောက်မှုဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်၍ တောင်ငူမြို့မှ မြန်မာ့ဆက်သွယ်ရေးဝန်ထမ်းများ သွားရောက်ပြုပြင်နေစဉ် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက် ဆက်သွယ်ထားသော ရန်ကုန်-နေပြည်တော်-မန္တလေး မြေအောက်ဖိုင်ဘာဆက်ကြောင်းကို မိုင်တိုင်အမှတ်(၈၉)အနီးတွင် မြေတူးစက် (Back Hole) တစ်စီး မြေတူးစဉ် မတော်တဆ ထိခိုက်မှု ထပ်မံဖြစ်ပေါ်ခဲ့သောကြောင့် ရန်ကုန်-နေပြည်တော်-မန္တလေးအကြား ချိတ်ဆက်ထားသော မိုဘိုင်းလ်လိုင်းများနှင့် အင်တာနက်လိုင်းများ ဆက်သွယ်မှုပြတ်တောက်ခဲ့ရခြင်းဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆက်သွယ်မှုအမြန်ပြန်လည်ရရှိရေးအတွက် ပြတ်တောက်မှုဖြစ်ပေါ်ခဲ့သော ရန်ကုန်-မန္တလေး အမြန်လမ်းဖိုင်ဘာလမ်းကြောင်းအား ပဲခူးမြို့နှင့် ပဲနွယ်ကုန်းမြို့ အကြားတွင် ရန်ကုန်-မန္တလေးလမ်းဟောင်း အရန်ဖိုင်ဘာလမ်းကြောင်းပေါ်သို့ ယာယီပြောင်းရွှေ့ပေးခဲ့ရာ နံနက် ၁၁ နာရီတွင် ချွတ်ယွင်းခဲ့သည့် မိုဘိုင်းလ်လိုင်းများအားလုံးနှင့် အင်တာနက်လိုင်းတချို့ ဆက်သွယ်မှုပြန်လည်ရရှိခဲ့ပြီး ညနေ ၅ နာရီခွဲတွင် ရန်ကုန်-မန္တလေး အမြန်လမ်းရှိဖိုင်ဘာလမ်းကြောင်းကို ပြင်ဆင်မှုပြီးစီးသွား၍ အင်တာနက်လိုင်းများ ပုံမှန်ပြန်လည်ရရှိခဲ့ကြောင်း သိရှိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက “ကျွန်တော်တို့ အဓိကဖြစ်တဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမှာရှိတဲ့ ဖိုင်ဘာလမ်းကြောင်းကို ဒီနေ့ ညနေ ၅ နာရီခွဲမှာ ပြင်ဆင်လို့ ပြီးသွားခဲ့ပါတယ်။ လမ်းဟောင်းနဲ့ အမြန်လမ်းမှာ အဓိက ဖိုင်ဘာလမ်းကြောင်းနဲ့ အရန်ဖိုင်ဘာလမ်းကြောင်းဆိုပြီး နှစ်ခုရှိတာမှာ တိုက်တိုက်ဆိုင်ဆိုင် နှစ်ခုလုံး ချွတ်ယွင်းသွားတဲ့အတွက် အမြန်လမ်းကြောင်းမှာရှိတာကိုတော့ ပြင်ဆင်ပြီးသွားပါပြီ။ လမ်းဟောင်းမှာရှိတဲ့ ဖိုင်ဘာလမ်းကြောင်းကိုလည်း ဆက်လက်ပြင်ဆင်နေပါတယ်။ အခုတော့ အင်တာနက်လိုင်းတွေ အားလုံး ပြန်ရရှိသွားပါပြီ”ဟု ပြောပြခဲ့သည်။

(သတင်းစဉ်)

❍ **မြန်မာ-အိန္ဒိယမှ**

ဈေးနှုန်းချိုသာစွာဖြင့် သုံးစွဲနိုင်ခြင်းမှာ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ကောင်းမွန်သည့်အတွက်ကြောင့်ဖြစ်သည်ဟု ဦးညီညီထွန်းက ဆက်လက် ပြောပြသည်။

ထို့ကြောင့် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်က အိန္ဒိယ-မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ၁၂ ရာသီ အဆင်ပြေစွာ ကုန်သွယ်သွားလာနိုင်ရန်အတွက် မိုးရေး-တမူး-မုံရွာ-မန္တလေးကုန်သွယ်ရေးလမ်းကြောင်းနှင့် ကျန်ဖိုင်း-ရိဒ်-ကလေး ကုန်သွယ်ရေးလမ်းကြောင်းများအား အဆင့်မြှင့်တင်တိုးချဲ့သွားရန် သဘောတူညီခဲ့ပြီး ထိုလမ်းကြောင်းပေါ်ရှိ တံတား ၇၁ စင်းအား အမြန်ဆုံးတည်ဆောက်ပေးသွားမည်ဟု ပြောကြားသွားခဲ့ကြောင်း သိရသည်။

(တိုးတိုးဝင်း)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကယားပြည်နယ် စုပေါင်းကေ့ထျိုးဘိုး(ခေါ်) တံခွန်တိုင်ပွဲတော်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၇

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယမန်နေ့ညနေ ၃ နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ချိကယ်ကျေးရွာအုပ်စု ထေးသမကျေးရွာ တံခွန်တိုင်ဗိမာန်၌ ကျင်းပသည့် ကယားပြည်နယ် စုပေါင်းကေ့ထျိုးဘိုး (ခေါ်) တံခွန်တိုင်ပွဲတော်အတွက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌက လှူဒါန်းသည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကယားပြည်နယ် စုပေါင်းကေ့ထျိုးဘိုး(ခေါ်) တံခွန်တိုင်ပွဲတော်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်လာစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ဦးလှသိန်းဆွေ၊ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ကော်မတီဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကား ပြောကြားရာတွင် ယခုလို လာရောက်လှူဒါန်းခြင်းမှာ ပြည်ထောင်စုလွှတ်တော်ကို ကိုယ်စားပြုပါကြောင်း၊ လိုအပ်သော ဘာသာရေး၊ သာသနာရေး၊ ပညာရေးစသည်ဖြင့် လှူဒါန်းရန်နှင့် ငွေကြေး၊ အဝတ်အထည်များ လှူဒါန်းရန် လာရောက်ခြင်း ဖြစ်သည့်အတွက် မေတ္တာတရားကို အရင်းခံ၍ ရောက်လာသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ အာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးသည့်နေရာတွင် လွှတ်တော်က ဥပဒေပြုရေးအာဏာကို အဓိကကျင့်သုံးသော အဖွဲ့အစည်းဖြစ်ကြောင်း၊ ယင်းသို့ ကျင့်သုံးရာတွင် ပြည်သူကို ဗဟိုပြုရသည်ဖြစ်သည့်အတွက် လွှတ်တော်၏ဆောင်ပုဒ်နှင့်အညီ ဦးထိပ်ထားဆောင်ရွက်လျက်ရှိကြောင်း။

လွှတ်တော်တွင် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီကိုဖွဲ့စည်းပြီး သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်းကောင်း၊ အခြားသော ပြည်သူများ၏ လိုအပ်ချက်များကို လိုက်လံလှူဒါန်းလျက်ရှိရာ ရခိုင်၊ ကချင်၊ မွန်၊ ကရင်စသည်ဖြင့် လှူဒါန်းထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က အမှာစကားပြောကြားပြီး ဒေါက်တာခင်ရွှေက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အလှူငွေကျပ် သိန်းတစ်ရာကိုလှူဒါန်းရာ ကေ့ထျိုးဘိုး (ခေါ်) တံခွန်တိုင်ရိုးရာ ဂေါပကအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပိုးရယ်အောင်သိန်းက လက်ခံသည်။ ထို့နောက် ၎င်းက ကျေးဇူးတင်စကား ပြောကြားရာ ကယားတိုင်းရင်းသား မျိုးနွယ်စုများ၏ ကေ့ထျိုးဘိုး(ခေါ်)တံခွန်တိုင်ပွဲတော်ကို လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ မိုးလေဝသမှန်ကန်ရန်၊ ဆန်ရေစပါးပေါများရန်၊ ရောဂါဘယကင်းရှင်းရန်၊ တိုင်းပြည်အေးချမ်းသာယာဝပြော တိုးတက်ရန် ရည်ရွယ်၍ ဆုတောင်းတိုင်တည်ကြသည့် ပွဲတော်ဖြစ်ကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် လွိုင်ကော်မြို့ရှိ ဆုတောင်းပြည့် မြို့နာမ်စေတီတော်၊ သမိုင်းဝင်တောင်ကွဲစေတီတော်များသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေကျပ် ၁၀ သိန်းစီကို လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

မိုးဦး၊ လေဦးကာလ သတိပေးနှိုးဆော်

နေပြည်တော် မေ ၂၇

မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင်မုတ်သုံရာသီမကျရောက်မီ မိုးဦး၊ လေဦးကာလအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသ ဖြစ်စဉ်များဖြစ်ပေါ်နိုင်ပြီး လေပြင်းတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် မုတ်သုံရာသီ မကျရောက်မီ မိုးဦး၊ လေဦးကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြု နေထိုင်သွားကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှုဇုန်များ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးဆွေးနွေး

ရန်ကုန် မေ ၂၇

ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ် နွေရာသီတွင် စက်မှုဇုန်များလျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေနှင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်မှုအပေါ် မှန်ကန်စွာရှုမြင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်က ၂၀၁၃ ခုနှစ် နွေရာသီကာလက ဓာတ်အားထုတ်လုပ်မှုလျော့နည်းသဖြင့် စက်မှုဇုန်များကို နှစ်အုပ်စုခွဲပြီး တစ်အုပ်စုကို ငါးနာရီသာ ဓာတ်အားပေးနိုင်သည့် ကာလသုံးလနှင့် စက်မှုဇုန်အားလုံး ဓာတ်အားဖြတ်တောက်ထားရသည့်ကာလတစ်လ ရှိခဲ့ကြောင်း၊ ယခုနှစ်တွင် စက်မှုဇုန်အားလုံးသို့ ဓာတ်အားဖြတ်တောက်မှုမရှိ၊ အပြည့်အဝ ဓာတ်အားပေးလျက်ရှိပြီး အသစ်ပြင်ဆင်သောနှုန်းထားအရ ဓာတ်အားသုံးစွဲမှုပမာဏအလိုက် ကောက်ခံမည့်နှုန်းထားမှာ အမြင့်ဆုံးတစ်ယူနစ်လျှင် ၁၅၀ ကျပ်သာရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူနေမှုဘဝမြင့်တင်ရေးတွင် မရှိမဖြစ် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ပြည့်စုံလုံလောက်စွာရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ယခုနှစ်တွင် စက်မှုဇုန်များ လျှပ်စစ်မီးအပြည့်အဝရရှိမှုနှင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများနှင့် ပတ်သက်၍ ဆွေးနွေးကြရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

အတွေး အရေး | **သီလဝသား**

အမြန်လမ်း၊ အမြန်မောင်းကြရာဝယ်...

ဖြူးဖြောင့်သာယာလှပစွာ တည်ဆောက်ထားသော အမြန်လမ်းမကြီးမှာ အကျည်းတန်အရုပ်ဆိုးလှသော အနိဋ္ဌာရုံများ ယခုရက်ပိုင်းအတွင်း ဆက်တိုက်လိုလို ဖြစ်ခဲ့ရပါသည်။ ဆရာခင်မောင်ဌေး(ပညာရေး)၏ ဆောင်းပါးကို ဖတ်ရှုရသည်မှာ များစွာဆင်ခြင်လိုက်နာအပ်ပေသည်။ ကိုယ်ပိုင်ယာဉ်မောင်းများ၏ မကျွမ်းကျင်၊ မလိမ္မာမှုကြောင့်လည်းကောင်း၊ အိပ်ငိုက်မှုများကြောင့်လည်းကောင်း တန်ဖိုးရှိလှသော အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။ တစ်ဖန် အမြန်ယာဉ်များ၏ ယာဉ်မောင်းဆရာတို့၏ တာဝန်ယူစိတ်ကင်းမဲ့စွာ၊ ခရီးသည်အပေါ် ကိုယ်ချင်းစာနာစိတ်ကင်းမဲ့စွာ မောင်းနှင်မှုကြောင့်လည်း ယခုကဲ့သို့ ကြောက်ခမန်းလိလိ ယာဉ်တိုက်မှုများဖြစ်ပေါ်ရသည်ဟု စာရေးသူ ထင်မြင်မိပါသည်။ လမ်းအနေအထားကို သီလဝသားတင်ပြလိုပါသည်။ မိမိသည် လမ်းအင်ဂျင်နီယာတစ်ဦး မဟုတ်ပါ။ အတွေ့အကြုံရှိခဲ့သည်ကို တင်ပြလိုခြင်းသာဖြစ်ပါသည်။ သင့်မသင့်၊ တော်မတော် သက်ဆိုင်ရာမှ စဉ်းစားဆုံးဖြတ်ပြီး ပြုပြင်လိုက်ရင်ဖြင့် သေကြေဒဏ်ရာရမှုနည်းသွားမည်ဟု ယူဆမိပါသည်။ လမ်းအကွေ့ကြီးသောနေရာများ၌ ကွန်ကရစ်ဘလောက်တုံးများ စီစီရီရီခံထားသည်ကို ကွေ့တိုင်းမှာ တွေ့မြင်နိုင်ပါသည်။ နိုင်ငံရပ်ခြားတိုင်းပြည်များ၌ ဘလောက်တုံးများကို ပလတ်စတစ်ဘလောက်တုံးများ ပြုလုပ်ထားပြီး မရွေ့မပြောင်းနိုင်ရန် ရေအပြည့်ထည့်ထားကာ အဖုံးကို လုံခြုံတင်းကြပ်စွာထားရှိသည်ကို တွေ့ရှိခဲ့ရပါသည်။ မတော်တဆ ထိခိုက်မိပါက ရေအလေးချိန်များစွာရှိသဖြင့် ရုတ်တရက် မပေါက်ကွဲလွယ်ပါ။ ယာဉ်သည်လည်း အရှိန်ပြင်းစွာ ဝင်ဆောင့်သဖြင့် ထိခိုက်ပျက်စီးမည်မှာ အမှန်ပါ။ လွန်စွာအရှိန်ပြင်းပါက ရေဘလောက်တုံးသာ ကွဲသွားမည်ဖြစ်ပြီး လူနှင့်ယာဉ်မှာ ထိခိုက်မှုသက်သာနိုင်မည်ဟု ယူဆရပါသည်။ ကွန်ကရစ်ဘလောက်တုံးနှင့် တွေ့မည်ဆိုပါက ယာဉ်နှင့် လူထိခိုက်မှုမှာ မှန်းဆ၍မရနိုင်တော့ပါ။ ထို့အတူ လွန်ခဲ့သော တစ်နှစ်ခန့်ကလမ်းဘေးတွင် ဗီနိုင်းကားချပ်ကြီးများဖြင့် ဤနေရာ၌ ဤကဲ့သို့ ကားမတော်တဆမှု ဖြစ်ပွားခဲ့သည်ဆိုသည့် သတိပေးဆိုင်းဘုတ်များ ခိုင်မာစွာ ထောင်ထားခဲ့ပါသည်။ ယခုမရှိတော့ပါ။ ယင်းပုံရိပ်များမှာ အနိဋ္ဌာရုံများဖြစ်ပါသည်။ ကျက်သရေမရှိတာလည်း လက်ခံရပါမည်။ သို့သော် လူဆိုသည်မှာ မျက်ကန်းတစ္ဆေမကြောက်သည်က များပါသည်။ ဤဆိုင်းဘုတ်များ တွေ့ရှိရပါက အသိသတိတရား၊ အကြောက်တရားရရှိပြီး ထိန်းထိန်းသိမ်းသိမ်း မောင်းနှင်မည်ဟု သီလဝသားယူဆပါသည်။ အရှိန်ထိန်းဖမ်းဆီးနေရုံမျှဖြင့် အပြစ်မဲ့ပြည်သူတွေ၏ အသက်ကို မကယ်နိုင်ပါ။ ယာဉ်နှင့် ယာဉ်မောင်းဆရာများကို နည်းလမ်းပေါင်းစုံသုံးရန် အသိသတိ၊ ပညာပေး၊ အရေးယူ(ကြီးလေးသော အပြစ်ဒဏ်) ဆောင်ရွက်ခြင်းဖြင့် ခရီးသွားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နိုင်မည်ဟု ယူဆမိပါသည်။ ။

ရခိုင်အမျိုးသားညီလာခံ (ကျောက်ဖြူ) ဖွင့်ပွဲအခမ်းအနားကျင်းပ

စစ်တွေ မေ ၂၇

ရခိုင်အမျိုးသားညီလာခံ (ကျောက်ဖြူ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ကျောက်ဖြူမြို့ အစိုးရရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဝင်းကွင်းပြင်၌ ကျင်းပရာ ရခိုင်အမျိုးသားညီလာခံ(ကျောက်ဖြူ) ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဆရာတော် ဦးဝိမလ ဘိဝံသ (ရန်ကုန်) က ဩဝါဒကထာ မြွက်ကြားပြီးနောက် ပြည်ထောင်စုဝန်ကြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် စာရေးဆရာ ဦးကျော်ဝင်းနှင့် ဆရာဖေမြင့်တို့က မြန်မာနိုင်ငံဒီမိုကရေစီဆိုင်ရာ လူမှုစီးပွားပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ လည်းကောင်း၊ အသင်းအဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များက အထွေထွေသဝဏ်လွှာဖတ်ကြား၍လည်းကောင်း၊ ခရိုင်ငါးခရိုင် ကိုယ်စားပြု ကိုယ်စားလှယ် ငါးဦးတို့က ညီလာခံအပေါ် အမြင်နှင့် မျှော်မှန်းချက်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ညီလာခံကို မေ ၁ ရက်အထိ ၅ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါညီလာခံမှ ရှေ့ဆက်ဆောင်ရွက်မည့် အမျိုးသားမူဘောင်များ အပြီးသတ်ရေးဆွဲခြင်းနှင့် ယင်းညီလာခံမှ ရလဒ်များကို သဘောထားရေးဆွဲ ထုတ်ပြန်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (ပြည်နယ်ပြန်/ဆက်)

သုံးခွမြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်

ရန်ကုန် မေ ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကံမြင့်ကျေးရွာနှင့် ပျဉ်းမကန်ကျေးရွာ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ကံမြင့်ကျေးရွာရှိ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သုံးခွမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြသိန်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကွန်ကရစ်လမ်းသစ် မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ကံမြင့်ကျေးရွာနှင့် ပျဉ်းမကန်ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်သည် စုစုပေါင်းအရှည် ၃ မိုင် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ခုနစ်လက်မရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်သိန်း ၂၀၀၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၁၅၅၀ ဒသမ ၃ သိန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၅၅၀ စုစုပေါင်း ကုန်ကျငွေကျပ် ၂၃၀၀ ဒသမ ၃ သိန်းဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ဆိုင်ကယ်(ကယ်ရီ) များ စည်းကမ်းတကျ ဖြစ်စေရေးမှာကြား

နေပြည်တော် မေ ၂၇

နေပြည်တော်ကောင်စီဝင် ဦးစောလှသည် ဒက္ခိဏသီရိမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့်အတူ မေ ၂၆ ရက် နံနက် ၈ နာရီ မိနစ် ၄၀ က မြို့နယ်အတွင်းရှိ ဆိုင်ကယ်(ကယ်ရီ) ဂိတ်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆိုင်ကယ်(ကယ်ရီ) ပြေးဆွဲသူများအနေဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျ မောင်းနှင်ပြေးဆွဲရေး မှာကြားခဲ့သည်။ ဒက္ခိဏသီရိမြို့နယ်အတွင်း ဆိုင်ကယ်(ကယ်ရီ) ဂိတ် ၁၁ ခု သတ်မှတ်ထားရှိပြီး ဆိုင်ကယ်(ကယ်ရီ) စီးရေ ၄၀၀ ခန့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ထွေ/အုပ်)**

စာမျက်နှာ ၆ မှ

ကျောင်းများမှ ကင်းထောက်လူငယ် မောင်မယ်များနှင့် စံပြကြက်ခြေနီလူငယ်မောင်မယ်များလည်း ရောက်ရှိလာကြမည်ဖြစ်ရာ ဘက်စုံပညာထူးချွန်ဆုရရှိကြသူများ၊ ကင်းထောက်လူငယ်မောင်မယ်များ၊ စံပြကြက်ခြေနီ လူငယ်မောင်မယ်များ စုပေါင်းတွေ့ဆုံပွဲကို ကျင်းပရန် စီစဉ်ထားပြီးဖြစ်ပါသည်။ အဆိုပါတွေ့ဆုံပွဲသည် ဒီမိုကရေစီ၏ အသက်သွေးကြောဖြစ်သည့် အခြေခံပညာကျောင်းများရှိ ကျောင်းကောင်စီအဖွဲ့၏အောက်မှ လူငယ်မောင်မယ်များ တွေ့ဆုံပွဲကြီးလည်းဖြစ်ရာ ဒီမိုကရေစီယန္တရားအတွက် အဓိပ္ပာယ်ရှိပြီး အနှစ်သာရပြည့်ဝသော၊ ထူးခြားလေးနက်သော၊ ရည်ရွယ်ချက်မြင့်မားသော တွေ့ဆုံပွဲကြီးဖြစ်ပါသည်ဟု ကောင်းချီးထောမနာပြုရမည်ဖြစ်ပါသည်။

ယခုနှစ်ဦးတွင်ကျင်းပမည်ဖြစ်သော လူငယ်တွေ့ဆုံပွဲကြီးသို့ တက်ရောက်ကြမည့်လူငယ်မောင်မယ်များသည် ဉာဏ်ပညာထက်မြက်သော၊ စိတ်ဓာတ်ကြံ့ခိုင်သော၊ စည်းကမ်းကောင်းမွန်သော၊ ကိုယ်ကျင့်တရားဖြူစင်သော၊ လူမှုဝန်ထမ်း စိတ်ဓာတ်ရင့်သန်သော၊ ဗလငါးတန်နှင့်ပြည့်ဝသော အခြေခံပညာကျောင်းများမှ အခြေခံပညာကျောင်းသား ကျောင်းသူများဖြစ်ကြရာ အဆိုပါကျောင်းသား ကျောင်းသူများသည် နှစ်ဦးတွင်မြူးဝင့်နေသောပုရစ်ဖူးလေးများနှယ် နုပျိုတက်ကြွလန်းဆန်းခြင်းနှင့်အတူ မကြာမီအနာဂတ်ကာလတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘက်စုံကောင်းကျိုးသယ်ပိုးဆောင်ရွက်ပေးကြမည့် နှစ်ဦးတွင်မြူးဝင့်နေသောပုရစ်ဖူးလေးများဟူ၍ ဂုဏ်ပြုတင်စား ထုတ်ဖော်ရေးသားလိုက်ရပါသတည်း။ ။

ဒလမြို့နယ်နေပြည်သူများအတွက် သောက်သုံးရေတိုးမြှင့်ပေးဝေ

ရီရီမြင့်၊ ဥမ္မာသန့်

ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ လူဦးရေလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာလျက်ရှိသည်။ တိုးတက်များပြားလာသော မြို့နေပြည်သူများအတွက် အဓိကလိုအပ်ချက်သည် သန့်ရှင်းသော သောက်သုံးရေဖြစ်သည်။ ထမင်းအသက် ခုနစ်ရက် ရေအသက် တစ်မနက်ဟူသော ဆိုရိုးစကားအတိုင်း လူတို့အတွက် မရှိမဖြစ် ရေရရှိရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

တံခွန်တိုင် ရေပေးဝေရေးစခန်းနှင့် စက်ရေတွင်းများမှ တစ်ရက်လျှင် ရေဂါလန် သန်း၁၆၀ မှ ယခုအခါ ရေဂါလန် ၂၀၅ သန်း ဖြန့်ဝေပေးလျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့နေပြည်သူများအား သောက်သုံးရေ ဖူလုံစွာပေးဝေနိုင်ရေးအတွက် ရေသယံဇာတအရင်းအမြစ်များ ရှာဖွေဆောင်ရွက်လျက်ရှိပြီး ယခုအခါ ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ ဒလမြို့နယ်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဆောင်ရွက် ရှာဖွေခဲ့ရာ ရေချိုများ တစုတဝေး ရရှိနိုင်မည့် ဒလမြို့နှင့် ကိုးမိုင်အကွာရှိ တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာအနီးတွင် ပင်မရေပေးဝေရေးစခန်းတစ်ခုကို ၂၀၀၀ ပြည့်နှစ်က အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ဘဏ္ဍာရေးနှစ်အလိုက် အားဖြည့်တိုးမြှင့်ဆောင်ရွက်ခဲ့ကာ ဒလမြို့နယ်သို့သောက်သုံးရေများ ဖြန့်ဝေပေးခဲ့သည်။

ရန်ကုန်ပေါက်ရှိ ပင်မရေပေးဝေရေးစခန်းမှ ဒလမြို့သို့ သောက်သုံးရေဖြန့်ဝေပေးရာတွင် ဒလမြို့တစ်ဆင့်ခံ ရေပေးဝေရေးစခန်းရှိ ရေစုကန်သို့

ဒလမြို့နယ်တွင် ၂၄ လက်မ ကွန်ကရစ်ပိုက်လိုင်း (၄ ဒသမ ၅)မိုင် ဆက်သွယ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နွေရာသီ ရေပေးဝေမှုအခြေအနေများနှင့် သောက်သုံးရေလုံလောက်စွာရရှိစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) က ရေဖြန့်ဝေမှုစနစ်များ၊ ရေပိုက်လိုင်းများ တိုးချဲ့ဆောင်ရွက်ပေးမည့်အစီအစဉ်၊ ရေပေးဝေမှုပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်များရှိကြောင်း သိရသည်။

ယခုအခါ ရန်ကုန်မြို့ရှိ မြို့နယ်များသို့ ဂျိုးဖြူရေလှောင်ကန်၊ ဖူးကြီးရေလှောင်ကန်၊ လှော်ကားရေလှောင်ကန်၊ ငမိုးရိပ် ရေသန့်စင်စက်ရုံ၊ လျက်ရှိသည်။

ဒလမြို့နယ်နေ ပြည်သူများသည် ယခင်က သောက်သုံးရေကန် ၁၁၉ ကန်ကို အမှီပြုအားထားအသုံးပြုရသည်။ နောက်ပိုင်းတွင် လူဦးရေများပြားလာသည်က တစ်ကြောင်း၊ နွေရာသီကာလများတွင် ရေများခန်းခြောက်လာသည်က တစ်ကြောင်း၊ ရေကန်များတွင် ရေသုံးစွဲမှုများ ခက်ခဲလာသည်။

ယင်းခက်ခဲမှုများကို ဖြေရှင်းပေးနိုင်ရန်ရည်ရွယ်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရေသယံဇာတ အရင်းအမြစ်များ ရေအားဖြည့် ကွန်ကရစ်ပိုက်များဖြင့် ဆက်သွယ်ပေးပို့ပြီး ယင်းမှတစ်ဆင့် ရေတွန်းစက်များဖြင့် တွန်းပို့၍ ဒလမြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၂၄ ရပ်ကွက်ရှိသည့်အနက် ၁၀ ရပ်ကွက်သို့လည်းကောင်း၊ ရန်ကုန်ပေါက်ရှိ ပင်မရေပေးဝေရေးစခန်းမှ ရပ်ကွက် ၁၀ ရပ်ကွက်သို့လည်းကောင်း၊ စုစုပေါင်း ရပ်ကွက် ၂၀ သို့ နေ့စဉ်သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။ ကျန်ရှိသော ရပ်ကွက်လေးရပ်ကွက်နှင့် ကျန်ရပ်ကွက်များ သောက်သုံးရေ ပိုမိုဖြန့်ဝေပေးနိုင်ရန်အတွက် ယခင် အချင်းပိုက် ၁၆ လက်မမှ ယခု ၂၄ လက်မရေပို့ပိုက်လိုင်းများ ထပ်မံတိုးချဲ့ဆက်သွယ်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

"ပိုက်လိုင်းမရှိသေးတဲ့ သမ္မတကမ်းခြေရပ်ကွက်ကို ၁၆ လက်မရေပို့ပိုက် ထပ်ဆက်ပေးလိုက်တယ်။ ဒီနှစ်မှာ သမ္မတကမ်းခြေရပ်ကွက်ကို အုတ်ကန်တွေ ဆောက်ပြီးတော့ ရေပေးဖို့လုပ်နေတယ်။ ပိုက်လိုင်းရှိတဲ့နေရာတွေကို ပိုက်ကြီးတွေဆက်ပေးလိုက်တော့ ရေအားပိုကောင်းသွားတယ်။ ပိုက်လိုင်းမရှိတဲ့နေရာတွေမှာ အုတ်ကန်လေးတွေနဲ့ လတ်တလောရေရအောင် လုပ်ပေးထားတယ်။ နောက်ပိုင်းမှာ ရေရဖို့ပိုက်လိုင်းတွေ ထပ်ချိတ်ဆက်ဖို့ ကြိုးစားနေတယ်။ တဖြည်းဖြည်းနဲ့ အဲဒီရပ်ကွက်တွေမှာ ပိုက်လိုင်းစနစ်နဲ့ရေရဖို့ လုပ်ပေးသွားမှာပါ။ အရင်ဆုံးပိုက်ကြီးတွေ ချပေးထားတယ်။

"အရင်က ၁၆ လက်မပိုက်နဲ့ဆိုတော့ ရန်ကုန်ပေါက်ကနေ တစ်နေ့ကို ရေဂါလန် တစ်သန်းခွဲ၊ နှစ်သန်းအထိပေးနိုင်တယ်။ အခု ၂၄ လက်မပိုက်နဲ့ဆိုတော့ လေးသန်းခွဲ၊ ငါးသန်းအထိပေးနိုင်တယ်။ ရေတွန်းစက်ဆိုရင်လည်း ရန်ကုန်ပေါက်မှာ ၂၂ ကီလိုဝပ်နှစ်လုံးနဲ့ တွန်းပေးတယ်။ အခုဆိုရင် နောက်ထပ် ၃၇ ကီလိုဝပ်နှစ်လုံးပါ ထပ်ထည့်တွန်းပေးတယ်။ မြို့နယ်ရဲ့ အရှေ့ဘက်အပိုင်းမှာလည်း ရေတွန်းစက်တစ်ခု ထပ်ထိုင်ထားပြီး အားဖြည့်ပေးထားပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) လက်ထောက်ဌာနမှူး ဦးမျိုးသိန်းက ပြောပြသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအမံများဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေပြည်သူများသည် သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာအပြည့်အဝရရှိတော့မည်ဖြစ်ပါကြောင်း။

သမီးအဖြစ်မှစွန့်လွှတ်ကြောင်း

ကျွန်တော်(ဖခင်)ဦးအင်ဂွမ်း(ခ)ဦးအဝမ်[၁၄/ပသန(နိုင်)၀၄၇၀၈၂]၏အိမ်ထောင်ခွဲ သမီးဖြစ်သူ မမြင့်မြင့်မူ[၁၂/မဂဒ(နိုင်) ၀၁၃၀၆၀]သည် ကျွန်တော်မရှိခိုက် ကွယ်လွန်သူမိခင်၏ လက်ဝတ်တန်ဆာရတနာများနှင့် အိမ်မြေနှင့်ပတ်သက်သောစာချုပ်စာတမ်းများကို ယူသွားပါသည်။

မိဘ၏မွေးကျေးဇူးမသိသောသမီးကို ဖခင်ထံမှ အမွေဆက်ခံခွင့်မရှိပါ။ သမီးအဖြစ် ယုံကြည်မှု မရှိတော့ပါ။ နောက်နောင်တွင် ၎င်းမမြင့်မြင့်မူနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်မရှိပါကြောင်း။ သမီးအဖြစ်မှ အသိအမှတ်မပြုပါကြောင်း ကြော်ငြာအပ်ပါသည်။

ဖခင်ဦးအင်ဂွမ်း(ခ)ဦးအဝမ်
[၁၄/ပသန(နိုင်)၀၄၇၀၈၂]
အမှတ်(၆၆)၊ နှင်းဆီလမ်း၊ ၃/ကရပ်ကွက်၊ မင်္ဂလာဒုံ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၇-ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ်(၆)၊ ၄-လွှာ၊ (ခြေရင်းခန်း)ရေမီးစုံတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဦးဇာနည်အောင်[၁၂/မဂတ(နိုင်)၀၀၂၈၅၇]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ တရားဝင်ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်(ဘဏ်)**B.A,R.L**	ဒေါ်ခင်နှင်းရည် **B.A,R.L**
(စဉ်-၄၉၀၃)	(စဉ်-၄၆၆၂)
တရားလွှတ်တော်ရှေ့နေနှင့်	တရားလွှတ်တော်ရှေ့နေ
မြန်မာ့စီးပွားရေးဘဏ်ရှေ့နေ	

အိမ်-တိုက်(၂)၊ အခန်း(၀၁၇)၊ နှင်းဆီလမ်း၊ယုဇနကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၀၆၄၀၆၊ ၀၉-၅၁၅၅၀၆၇၊ ၀၉-၂၅၄၀၇၀၁၇၁





နေရောင်ခြည်စွမ်းအင်သုံး ကျန်းမာရေးအထောက်အကူပြု ရေခဲသေတ္တာများ

ဒေါက်တာသန့်စင် (ရူပဗေဒ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသည် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဘဝကို တိုးတက်ဖွံ့ဖြိုးစေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၊ NGO အဖွဲ့များ၊ ပြည်တွင်းစေတနာရှင် အလှူရှင်များ၊ အတတ်ပညာရှင်၊ အသိပညာရှင်များအား လိုအပ်သောလမ်းညွှန်ပံ့ပိုးမှုများပေးပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ဖျာပုံခရိုင် ကျန်းမာရေးဦးစီးဌာနနှင့် 3MDG (Three Millennium Development Goal Fund) အဖွဲ့တို့၏ ပူးပေါင်းမှုဖြင့် ဖျာပုံခရိုင်အတွင်းရှိ ကျေးရွာ ကိုးရွာနှင့် ဖျာပုံဆေးရုံကြီးတွင် နေရောင်ခြည်စွမ်းအင်သုံး ကျန်းမာရေးအထောက်အကူပြု ရေခဲသေတ္တာများကို PKS+3 ကုမ္ပဏီက သုတေသနပြု တပ်ဆင်ခဲ့ပြီးဖြစ်ပါသည်။

ဖျာပုံခရိုင်အတွင်းရှိ သမိန်ထော၊ ကျုံကဒွန်း၊ ဒေါ်ငြိမ်း၊ အမာ၊ ကျုံကျိုက်၊ ကြက်ဖမွေးဇောင်း၊ ကျုံတာ၊ တမံ၊ နောက်မီး ကျေးရွာများတွင် နေရောင်ခြည်စွမ်းအင်သုံး ရေခဲသေတ္တာများကို ၂၀၁၄ ခုနှစ် ဧပြီလ ပထမပတ်အတွင်းက တပ်ဆင်ပေးခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ကျန်းမာရေးမှူးများက ကျေးရွာကျန်းမာရေးအတွက် စတင်အသုံးပြုနေပြီဖြစ်ပါသည်။

စာရေးသူသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် တွဲဖက်ပါမောက္ခတာဝန်ထမ်းဆောင်နေစဉ်ကပင် နေရောင်ခြည်စွမ်းအင်အသုံးပြု၍ အိမ်များ၊ လမ်းများ မီးထွန်းခြင်း၊ ရေငန်မှ ရေချိုသို့ နေရောင်ခြည်စွမ်းအင်အသုံးပြု၍ ကျိုချက်ခြင်း၊ နေရောင်ခြည်စွမ်းအင်သုံးမီးဖို၊ စပါးအခြောက်ခံကိရိယာများကို ပညာရေးဝန်ကြီးဌာန၊ ရန်ကုန် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် သုတေသနများစွာ ပြုလုပ်ခဲ့ပါသည်။ ယခုအခါ ဟသ်ာတတက္ကသိုလ်သို့ ပါမောက္ခတာဝန်ဖြင့်ပြောင်းရွှေ့ခဲ့ပြီး ဟသ်ာတဒေသရှိ ဘုန်းကြီးကျောင်းအချို့တွင် နေရောင်ခြည်စွမ်းအင်သုံး မီးချောင်းများ တပ်ဆင်ခြင်း၊ ဟသ်ာတတက္ကသိုလ်မှ မဟာသိပ္ပံကျောင်းသား ကျောင်းသူများအား Solar energy နှင့်ဆိုင်သော သုတေသနကျမ်းများ ပြုစုနိုင်ရန် သင်ကြားပေးခြင်းတို့ကို ဆက်လက်ပြုလုပ်နေပါသည်။

ယခုအခါ ကျေးလက်ကျန်းမာရေးအတွက် အသုံးပြုရန် နေရောင်ခြည်စွမ်းအင်သုံးရေခဲသေတ္တာများသည် မီးမရရှိသော ကျေးလက်များတွင် ကျန်းမာရေးအထောက်အကူပြုဆေးပစ္စည်းများ ထည့်သွင်းသိုလှောင်ထားရန် များစွာလိုအပ်နေပါသည်။ ထိုရေခဲသေတ္တာများ ၂၄ နာရီ အအေးဓာတ်ရရန် ပြန်ပြည့်မြဲစွမ်းအင် (Renewable energy) တစ်ခုဖြစ်သော နေရောင်ခြည်ကို အသုံးပြုနိုင်ပါက ကျေးရွာများတွင် များစွာအထောက်အကူဖြစ်ပြီး အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး ရေခဲသေတ္တာကို သုတေသနပြုတည်ဆောက်နိုင်ရန် စာရေးသူသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတေသနပြုလုပ်ခဲ့ပါသည်။

နေရောင်ခြည်စွမ်းအင်အသုံးပြု ရေခဲသေတ္တာများအကြောင်းကို အင်တာနက်မှတစ်ဆင့် WHO အဖွဲ့အစည်းများတွင် မည်သို့အသုံးပြုနေသည်ကို ကမ္ဘာ့တက္ကသိုလ်အသီးသီးရှိ သုတေသနဌာနများ၏ Website များကို ဝင်ရောက်လေ့လာခဲ့ပါသည်။ ကမ္ဘာပေါ်တွင် လက်ရှိတွင် နေရောင်ခြည်စွမ်းအင်သုံး ရေခဲသေတ္တာများ ငါးထောင်ကျော် ခန့်အသုံးပြုနေသည်ကို တွေ့ရပါသည်။

ထို့ကြောင့် လိုအပ်သော LG အမျိုးအစား 2 door ရေခဲသေတ္တာ၊ ၃၀၀ ဝပ်ဆိုလာပြားများ၊ ဆိုလာဘက်ထရီများ၊ နေရောင်ခြည်စွမ်းအင်ထိန်းကိရိယာများ၊ အင်ဗာတာများနှင့် အခြားပစ္စည်းများကို ဝယ်ယူကာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ မြေနေရာတစ်ခုတွင် စာရေးသူတို့ ဝါသနာရှင်တစ်စု သုတေသနပြု တပ်ဆင်အသုံးပြုလေ့လာကြပါသည်။

တစ်နေ့တာ နေရောင်ခြည်ရရှိမှု၊ ဆိုလာပြားများ၏ စွမ်းရည်အနည်းအများ၊ အင်ဗာတာ၏ ပါဝါထိန်းနိုင်မှု၊ ဘက်ထရီ၏ လျှပ်စစ်စွမ်းအားသိုလှောင်နိုင်မှု စသည်တို့ကို သုတေသနပြု လုပ်ဆောင်ရာတွင် အခက်အခဲများစွာ ကြုံရပါသည်။ တချို့ပစ္စည်းများမှာ ပစ္စည်းတွင် ဖော်ပြထားသော အချက်များနှင့် လက်တွေ့ထွက်ရှိသောအချက်များမှာ များစွာကွာခြားပါသည်။ တစ်ခါတစ်ရံတွင် ရေခဲသေတ္တာမှာ သုံးရက်ခန့်မောင်းပြီး နေ့တစ်ဝက်ခန့် ရပ်သွားသဖြင့် မည်သည့်ပစ္စည်း၏ အားနည်းချက် ဖြစ်သည်ကို ပြန်လည် သုံးသပ်ရပြန်ပါသည်။ နေရောင်ခြည်စွမ်းအင် အသုံးပြု သုတေသန စာရွက်စာတမ်းများစွာ ရရှိထားသော်လည်း နေရောင်ခြည် ရရှိမှုမှာ နေရာဒေသတစ်ခုနှင့်တစ်ခု မတူသဖြင့် သုတေသနလုပ်ရာတွင် တစ်ဦးနှင့်တစ်ဦး မတူနိုင်ပါ။

၂၀၁၄ ခုနှစ် မတ်လတွင် စာရေးသူတို့၏ သုတေသနအလုပ်မှာ အောင်မြင်မှုရရှိခဲ့ပါသည်။ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုကာ LG အမျိုးအစား ရေခဲသေတ္တာထဲတွင် ဆေးဝါးပစ္စည်းများကို ကောင်းစွာအအေးခံ၍ အသုံးချနိုင်ပြီဖြစ်ပါသည်။ ထို့ပြင် ကျေးလက်ကျန်းမာရေးဌာနတွင် အရေးပေါ် ညအချိန်ကုသရာ၌ နေရောင်ခြည်စွမ်းအင်သုံးမီးအသုံးပြု၍ ခွဲစိတ်နိုင်ရန် စီမံပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

ထို့ကြောင့် ၂၀၁၄ ခုနှစ် ဧပြီလ ပထမပတ်တွင် ဖျာပုံခရိုင်ရှိ ကျေးရွာ ကိုးရွာနှင့် ဆေးရုံတို့တွင် နေရောင်ခြည်စွမ်းအင်သုံး ရေခဲသေတ္တာများကို ရန်ကုန်မြို့မှ တင်ဆောင်ကာ ကုန်းလမ်း၊ ရေလမ်းခရီးဖြင့် ကျေးရွာများအရောက် တပ်ဆင်နိုင်ခဲ့ပြီဖြစ်ပါသည်။

မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်မတိုင်မီ အဆိုပါကျေးရွာများတွင် တပ်ဆင်ပေးနိုင်ခဲ့သောကြောင့် ကျေးရွာနေပြည်သူများ နှစ်သစ်တွင် ပျော်ရွှင်စွာဖြင့် ကျန်းမာရေးသုခကို ခံစားနိုင်တော့မည်ဖြစ်သဖြင့် များစွာဝမ်းသာမိပါတော့သည်။ ။

နေရောင်ခြည်စွမ်းအင်ဖြင့် မီးအားအသုံးပြုသော ရေခဲသေတ္တာတပ်ဆင်ထားသည်ကိုတွေ့ရစဉ်။

စဉ့်ကိုင်၌မိုးသက်လေပြင်းကျ မိုးသည်းထန်စွာရွာသွန်း

စဉ့်ကိုင် မေ ၂၇

ယခုအချိန်ကာလသည် မိုးကြိုကာလဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအနှံ့အပြား၌ မိုးတိမ်တောင်ကြီးများ ဖြတ်သန်းရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာခြင်း၊ မိုးသီးများကြွေကျခြင်းစသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မေ ၂၆ ရက် နံနက် ၇ နာရီ မိနစ် ၅၀ မှ ၉ နာရီ မိနစ် ၄၀ အထိ အရှေ့နှင့်အရှေ့မြောက်ဘက်မှ လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း၊ လေပြင်းများတိုက်ခတ်မှုကြောင့် ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်တွင် စိုက်ပျိုးထားသော အရိပ်ရသစ်ပင်အချို့ သစ်ကိုင်းများကျိုးကျခြင်း၊ ကားလမ်းပေါ်သို့ လဲပြိုကျခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ စဉ့်ကိုင်မြို့မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ မျက်စိဆေးရုံရှေ့မှ ထနောင်းပင်ကြီးတစ်ပင်မှာ အရင်းမှကျိုးကျသွားပြီး အနောက်ဘက်ရှိကားလမ်းပေါ်သို့ လဲပြိုခဲ့ကြောင်း **(အပေါ်ပုံ)**၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးအတွက် သက်ဆိုင်ရာမှ ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် လိုက်လံရှင်းလင်းလျက်ရှိကြောင်း လောလောဆယ်လျှပ်စစ်ဓာတ်အားများ ပြတ်တောက်လျက်ရှိကြောင်း၊ မိုးရွာသွန်းပြီးနောက်အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ်သို့ ကျဆင်းသွားကြောင်း လူနှင့်တိရစ္ဆာန်များသေကျေခြင်း၊ အဆောက်အအုံများပျက်စီးခြင်းမရှိကြောင်း အပူချိန်ကျဆင်းပြီး မီးဘေးအန္တရာယ် စိတ်ချသွားရသောကြောင့် ဒေသခံများ ဝမ်းသာလျက်ရှိကြောင်းသိရသည်။

အောင်မင်း(စဉ့်ကိုင်)

နေပြည်တော် နွေရာသီရေကူးသင်တန်းနှင့် နေပြည်တော်ဝဏ္ဏသိဒ္ဓိ ရေကူးကလပ်အသင်း ဖွင့်လှစ်မည်

ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရေး အရေးကြုံက သက်လုံကောင်းစေရန်နှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအားရှေးရှု၍ နွေရာသီရေကူးသင်တန်းကို နေပြည်တော်ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်းရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင်မေလ ၅ ရက်မှ ဇွန်လ၅ရက် အထိ သင်တန်းကာလ(၁)လ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကလပ်အသင်းအား ဆက်လက်ဖွဲ့စည်းသွားမည် ဖြစ်ပါ သည်။

- သင်တန်းချိန်များအား နံနက်ပိုင်း ၇း၃၀ နာရီမှ ၉နာရီထိ၊ ညနေပိုင်း ၁၆း၀၀ နာရီမှ ၁၇း၃၀နာရီထိ သင်တန်းချိန်(၂)ချိန်ခွဲ၍ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ကြိုက်နှစ် သက်ရာ သင်တန်းချိန်တွင် တက်ရောက်နိုင်ပါသည်။
- သင်တန်းကြေးအဖြစ် တစ်ဦးလျှင် ကျပ်(၂၀၀၀၀/-)နှုန်း သတ်မှတ်ကောက်ခံသွားမည် ဖြစ်ပါသည်။

အထက်ပါ သင်တန်းဖွင့်လှစ်ပြီးပါက နေပြည်တော် ဝဏ္ဏသိဒ္ဓိ ရေကူးကလပ်အသင်းအား စတင်တည်ထောင်ဖွဲ့စည်းသွားမည်ဖြစ်ပြီး သင်တန်းသားနှင့် ကလပ်အသင်းဝင်အဖြစ် အသက်အရွယ်မရွေး မည်သူမဆို ဝင်ရောက်စာရင်းပေးသွင်းနိုင်ပါသည်။

နေပြည်တော် ဝဏ္ဏသိဒ္ဓိ ရေကူးကလပ်အသင်း အသင်းဝင်ကြေးအဖြစ် တစ်ဦး လျှင်

(က) ၁လလျှင် ကျပ်(၁၀၀၀၀/-)နှုန်း
(ခ) ၃လအတွက် ကျပ်(၂၅၀၀၀/-)နှုန်း
(ဂ) ၆လအတွက် ကျပ်(၅၀၀၀၀/-)နှုန်း
(ဃ) ၁နှစ်အတွက် ကျပ်(၁၀၀၀၀၀/-)နှုန်း သတ်မှတ်ကောက်ခံသွားမည် ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဝဏ္ဏသိဒ္ဓိ ရေကူးကန်အုပ်ချုပ်ရေးမှူး ဖုန်း-၀၉-၇၃၀၅၄၀၄၄ ထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပေါက်ဈေးအမှန်ဖြင့်
ဝယ်လိုပါသည်။
ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်း
ဖုန်း-၀၉-၄၂၀၀၅၆၆၈၈၊
၀၉-၅၀၁၈၃၉၀

၂၀၁၄ ခုနှစ်အတွက် လက်တင်တေးဂီတဆုချီးမြှင့်ပွဲ Marc Anthony ဆုဆယ်မျိုးဆွတ်ခူးနိုင်ခဲ့

၂၀၁၄ ခုနှစ်အတွက် လက်တင်တေးဂီတဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၂၄ ရက်က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ BankUnited Center ၌ ကျင်းပခဲ့ရာ Social Artist of the Year ဆုကို နာမည်ကျော် လက်တင်တေးသံရှင် ရှာကီရာက လည်းကောင်း၊ Artist of the Year ဆုအပါအဝင် ဆုအမျိုးအစား ၁၀ မျိုးကို လက်တင်ဂရမ်မီ လေးဆုရှင် Marc Anthony **(ယာပုံ)** က လည်းကောင်း ရရှိဆွတ်ခူးခဲ့သည်။

ထို့အပြင် ယင်းဆုပေးပွဲမှ ထိပ်တန်းဆုများရှင် Marc Anthony ၏ 3.0 အယ်လ်ဘမ်က ထိပ်တန်း လက်တင်တေးအယ်လ်ဘမ်ဆုကို လည်းကောင်း၊ အဆိုပါအယ်လ်ဘမ်မှ Vivir Mi Vida သီချင်းက ရေပန်းအစားဆုံး လက်တင်သီချင်းဆု၊ အကောင်းဆုံး ဒစ်ဂျစ်တယ် သီချင်းဆု၊ အကောင်းဆုံး လက်တင်ပေါ့ပ်သီချင်းဆုတို့ကို ရရှိခဲ့သည်။

ယင်းအပြင် အထူးဆုများအနေဖြင့် Billboard Hall of Fame Award ဆုကို တေးရေးဆရာနှင့် တေးသံရှင် Franco De Vita အား လည်းကောင်း၊ တစ်သက်တာအကောင်းဆုံးဆုကို တေးသံရှင် Andrea Bocelli အား လည်းကောင်း၊ Spirit of Hope Award ဆုကို Carlos Vives အား လည်းကောင်း ချီးမြှင့်ခဲ့သည်။

လက်တင်တေးဂီတဆုချီးမြှင့်ပွဲသည် ၂၀၁၃ ခုနှစ်အတွင်း ရေပန်းစားကျော်ကြားခဲ့သည့် လက်တင်တေးအယ်လ်ဘမ်များ၊ လက်တင်သီချင်းများနှင့် ဖျော်ဖြေမှုများ၏ ရောင်းအား၊ ရေဒီယိုထုတ်လွှင့်မှုနှင့် လူမှုကွန်ရက်မှ အချက်အလက်များကို အခြေခံကာ ရွေးချယ်ဆုချီးမြှင့်သည့် လက်တင်ဂီတ ဆုအမျိုးအစားတစ်ခုလည်းဖြစ်သည်။

Crouching Tiger ၏ နောက်ဆက်တွဲဇာတ်ကား နယူးဇီလန်တွင်စတင်ရိုက်ကူးလျက်ရှိ

၂၀၀၀ ခုနှစ်က အော်စကာဆုရှင် ဒါရိုက်တာအန်းလီ ပုံဖော်ရိုက်ကူးခဲ့သည့် Crouching Tiger Hidden Dragon ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားကို နယူးဇီလန်ရှိ Auckland စတူဒီယို၌ စတင်ရိုက်ကူးပုံဖော်လျက်ရှိကြောင်း သိရသည်။

ယင်းဇာတ်ကား၏ အဓိကဇာတ်ဝင်ခန်းများကိုသာ နယူးဇီလန်ရှိ Auckland စတူဒီယိုတွင် ရိုက်ကူးခြင်းဖြစ်ပြီး ကျန်ဇာတ်ဝင်ခန်းများကိုမူ တရုတ်နိုင်ငံ၌ပင် ရိုက်ကူးမည်ဖြစ်ကြောင်း နယူးဇီလန်ရှိ 3News သတင်းအေဂျင်စီမှ ထုတ်ပြန်ထားသည်။ "အဲဒီဇာတ်ကားက အနည်းဆုံး ၁၈ လလောက်ကြာမြင့်မယ်လို့ခန့်မှန်းရပါတယ်၊ ဒီဇာတ်ကား ထုတ်လုပ်ရေးအောင်မြင်ဖို့ဆိုရင် အင်အားကြီးမားတဲ့ နည်းပညာရှင်တွေ၊ ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့တွေ၊ ဒေသတွင်း ကူညီပံ့ပိုးမှုတွေ အများကြီးလိုအပ်ပါလိမ့်မယ်"ဟု Auckland စတူဒီယိုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခုလက်ရှိတွင် ယင်းနောက်ဆက်တွဲဇာတ်ကားကို The Green Destiny ဟု အမည်ပေးထားပြီး ယင်းဇာတ်ကားတွင် တရုတ်ငွေကြယ်ပွင့်များဖြစ်ကြသည့် Donnie Yen နှင့် Michelle Yeoh တို့က အဓိကပါဝင်သရုပ်ဆောင်ကြမည်ဖြစ်သည်။

ဂျက်ကီချန်း၏ (၆၀)နှစ်ပြည့်မွေးနေ့အတွက် လမ်ဘော်ဂီနီမှ ဂုဏ်ပြု

အက်ရှင်မင်းသားကြီး ဂျက်ကီချန်း၏ (၆၀)နှစ်ပြည့်မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် Luxury အော်တိုမိုဘိုင်းကုမ္ပဏီမှ အသစ်ထပ်မံထုတ်လုပ်လိုက်သည့် လမ်ဗော်ဂီနီကားအမျိုးအစား မော်ဒယ်လ်သစ်ကို ဂျက်ကီချန်း၏ အမည်နာမကိုအစွဲပြုကာ Lambor ghini Aventador Jackie Chan Edition ဟု အမည်ပေးထားလိုက်ကြောင်း သိရသည်။

ထို့အပြင် ယင်းကားမော်ဒယ်ကို အက်ရှင်စူပါစတား ဂျက်ကီချန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားခြင်းဖြစ်ကြောင်း အဆိုပါကားကုမ္ပဏီက ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအပြင် အဆိုပါအထူးတီထွင်ထုတ်လုပ်ထားသည့် ကားမော်ဒယ်သစ်သည် ကုမ္ပဏီမှ သရုပ်ဆောင် ဂျက်ကီချန်းအတွက် သီးသန့်လက်ဆောင်မဟုတ်သော်လည်း ယင်းမော်ဒယ်သစ်ကားကို ဈေးနှုန်းမြင့်မားစွာဖြင့် လေလံတင်ရောင်းချပြီး ရောင်းချငွေများကို တရုတ်ရုပ်ရှင်လောက တိုးတက်ရေးဆောင်ရွက်လျက်ရှိသော ဂျက်ကီချန်း၏ ပရဟိတဖောင်ဒေးရှင်းလုပ်ငန်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင်
စုစည်းသည်

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၈-၄-၂၀၁၄ (တနင်္လာနေ့)[(၁၃၇၆ ခုနှစ်၊ တန်ခူးလကွယ်၊ (ဥပုသ်နေ့)]

MRTV

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၁၅ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၈း၃၀ "စိတ်သဘောမပါ၊ နိုင်ငံရေးမစွက် လူမှုဝန်ထမ်းသက်သက်ဆောင်ရွက်ကြသည့်ကင်းထောက်လူငယ်များ"
- ၂း၄၅ "အမှတ်(၁၇)အထွေထွေအကြီးစားစက်ရုံ"(မလွန်)
- ၃း၂၀ "မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ"
- ၄း၁၅ "ရှင်နှောင်းကျောင်းရောက်ပြီ"
- ၅း၁၅ "ပြည်ထောင်စုထဲက ပအိုဝ်း"
- ၅း၃၀ အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၂၁၁)
- ၆း၂၀ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
  - ရုပ်မြင်သံကြားဇာတ်လမ်း "တစ်ပါးသီလ"(၂)
  ဖိုးသောကြာ၊ မြင့်စိုင်းသား အောင်အောင်၊ စောနိုင်(ရှမ်းပြည်)၊ တင်တင်လှ၊ ဟန်လေး)
  [ဒါရိုက်တာ-တင်မောင်အေး (တစ်ပါးသီလ)]

MRTV-4

- ၅း၀၀ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေး" တရားတော်(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး" (အပိုင်း-၇၂)
- ၇း၃၀ MRTV-4 သတင်း
- ၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းမင်းသမီးရဲ့သူရဲကောင်း" (အပိုင်း-၉)
- ၇း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရွှေသရဖူ" (အပိုင်း-၆)
- ၈း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး"(အပိုင်း-၃၂)
- ၉း၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၂း၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်

MWD

- ၆း၀၃ တရားတော်
- ၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၅ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၃၅ မြဝတီနေ့စဉ်သတင်း
- ၉း၁၀ သူနှင့်သူ၏သီချင်းများ
- ၄း၀၅ တစ်ပတ်အတွင်းမွေးမြူရေးသတင်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ မြန်မာသကြံန်
- ၅း၁၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မာရီမာ"အပိုင်း(၂၁)
- ၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြွေလွှာထက်ကတော်ဝင်လက်ရာ" အပိုင်း(၂၄)
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နွေပင်လယ်"အပိုင်း(၁၂)
  - နိုင်ငံတကာသတင်း
  - မိုးလေဝသသတင်း
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုယ့်ရင်ထဲကအချစ်ဆုံး" အပိုင်း(၁)

အက်စ်တာဒီယိုဒါလုဇ်ကွင်းဆီအရောက်သွားမှာ ဘိုင်ယန်လား ရီးယဲလ်လား

လာမည့် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တစ်ပွဲအဖြစ် ဘိုင်ယန်မြူးနစ်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ဘိုင်ယန်မြူးနစ်၏ အိမ်ကွင်း(အလိုင်းယန့်စ်ကွင်း)မှာယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ ရီးယဲလ်မက်ဒရစ်၏ အိမ်ကွင်း(ဘာနေဗျူး)၊ ပထမအကျော့ပွဲစဉ်မှာ အိမ်ရှင်အသင်းက ဘင်ဇီမာ၏ တစ်လုံးတည်းသော သွင်းဂိုးနှင့်အနိုင်ရသော်လည်း ဂိုးမပြတ်ခဲ့၍ ယခုဒုတိယအကျော့ပွဲမှာ နှစ်သင်းစလုံးအတွက် မျှော်လင့်ချက်ရှိနေပါသည်။ ဘိုင်ယန်မြူးနစ်၏ အလိုင်းယန့်စ်ကွင်းမှ နောက်ဆုံးဗိုလ်လုပွဲကျင်းပမည့် ဘင်ဖီကာ၏ အိမ်ကွင်းအက်စ်ကာဒီယိုဒါလုဇ်၏ ကွင်းကြီးဆီသို့ တက်လှမ်းမည့်အသင်းကို ဘယ်သူမျှ ယတိပြတ်ထုတ် မပြောနိုင်သေးသည့် အနေအထားဖြစ်နေသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ရီးယဲလ်မက်ဒရစ်ကို စပိန်မြေမှာ ရှုံးနိမ့်ခဲ့ရသော်လည်း အိမ်ရှင်အပေါ် ဘောလုံးပိုင်ဆိုင်မှု၊ ခြေစွမ်းအသာဖြင့် ပွဲချိန်တစ်လျှောက်လုံး ဖိအားပေးကစားနိုင်ခဲ့၍ ယခုဒုတိယအကျော့ အိမ်ကွင်းပွဲမှာ ရလဒ်ကောင်းတစ်ခု အရယူနိုင်မည်ဟု မျှော်လင့်ချက်ထားရှိနေသည်။ ရီးယဲလ်မက်ဒရစ်အသင်းကလည်း ပထမအကျော့အိမ်ကွင်းပွဲ အနိုင်ရလဒ်ကြောင့် ဗိုလ်လုပွဲဆီ အရောက်တက်လှမ်းနိုင်မည်ဟု မျှော်လင့်နေသည်။

ဘိုင်ယန်မြူးနစ်သည် ယခုအိမ်ကွင်းပွဲတွင် ပထမအကျော့ပွဲကအတိုင်းပင် ဘောလုံးပိုင်ဆိုင်မှု အသာစီးနှင့် ပွဲချိန်ပြည့်နီးနီး ဖိအားပေးကစားကာ အနိုင်ရအောင် အစွမ်းကုန်ကြိုးစားကစားမည်။ ရီးယဲလ်မက်ဒရစ်လည်း ပထမအကျော့ကလိုပင် ခံစစ်ကိုပိုမို အာရုံစိုက်ပြီး တန်ပြန်တိုက်စစ်ဖြင့် အဝေးဂိုးရအောင် ချောင်းကစားမည်ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းကို အိမ်ကွင်းမှာဧည့်ခံကစားခဲ့သည့် နောက်ဆုံးငါးပွဲတွင် တစ်ပွဲမှာရှုံးပွဲမကြုံတွေ့ခဲ့၊ လေးပွဲနိုင် တစ်ပွဲသရေဖြစ်ခဲ့သည်။ သို့သော် ငါးပွဲစလုံးဧည့်သည်ရီးယဲလ်၏ သွင်းဂိုးကိုခွင့်ပြုခဲ့ရသည်။ ယခုပွဲမှာတော့ ဧည့်သည်ကိုဂိုးပေးခဲ့မည်ဆိုလျှင် ဘိုင်ယန်မြူးနစ်၏ မျှော်လင့်ချက်ပျက်သွားပေလိမ့်မည်။ ဧည့်သည်ကို ဂိုးမပေးရရေးသည် ဘိုင်ယန်မြူးနစ်အတွက် အရေးကြီးဆုံးဖြစ်နေသည်။ ရီးယဲလ်ကလည်း အဝေးဂိုးရရေးအတွက် အားထည့်ကစားမည်ဖြစ်သည်။ ထို့အပြင် (ယခုနှစ်ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ) ဘိုင်ယန်မြူးနစ်မှာ အိမ်ကွင်းနောက်ဆုံးလေးပွဲတွင် ပြိုင်ဘက်အသင်းများကို ဂိုးပြန်ပေးရသည့် ပွဲသုံးပွဲအထိရှိခဲ့သည်။ ရီးယဲလ်မက်ဒရစ်မှာ အဝေးကွင်းနောက်ဆုံးလေးပွဲတွင် အဝေးကွင်းသွင်းဂိုးရခဲ့သည့် ပွဲသုံးပွဲရှိခဲ့သည်။ ဘိုင်းယန်မြူးနစ်အသင်းသည် အိမ်ကွင်းတွင် ခံစစ်ဇုန်အားနည်းချက်များရှိခဲ့ပြီး ရီးယဲလ်မက်ဒရစ်သည် အဝေးကွင်းတွင် တိုက်စစ်အား ကောင်းမွန်ထက်မြက်မှုရှိခဲ့သည်ဟု ဆိုနိုင်သည်။ ထို အားနည်းချက်၊ လိုအပ်ချက်နှင့် အားသာချက်များကို နှစ်သင်းနည်းပြများအနေဖြင့် ကြိုတင်ပြင်ဆင်ပြီး အကောင်းဆုံးနည်းဗျူဟာ၊ နည်းစနစ်ပိုင်းနှင့် အဓိက ကစားသမားအများစုကိုပွဲထုတ်ကာ မျှော်လင့်ချက်ကိုယ်စီအတွက် အားကုန်ထုတ် ယှဉ်ပြိုင်ကစားစေမှာဖြစ်သည်။ သို့ဖြစ်၍ ဘိုင်ယန်မြူးနစ်နည်းပြ ဂွါဒီယိုလာနှင့် ရီးယဲလ်မက်ဒရစ်နည်းပြ အန်စလော့တီတို့၏ နည်းဗျူဟာပိုင်း၊ ပွဲထွက်ကစားသမားများ၏ တစ်ဦးချင်းစွမ်းရည်၊ အသင်းလိုက် စွမ်းဆောင်နိုင်မှုပိုင်း အားပြိုင်မှုတို့သည် ပထမအကျော့ ဘာနေဗျူးကွင်းပွဲကထက် ပိုပြီးပြင်းထန်လာမည်မှာ သေချာသလောက်ရှိနေသည်။ သူတို့၏ အားပြိုင်မှုမှာ ဘယ်သူအနိုင်ရမလဲ---။ နောက်ဆုံးဗိုလ်လုပွဲဆီ ဘယ်အသင်းတက်ရောက်သွားမလဲ. . . စောင့်ကြည့်အားပေးကြပါစို့။ ။

အလုံကြီး

အာရှခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးပြည့်စုံမြင့်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး(၂)ဦးကိုကိုအောင်နှင့် ရုံးအဖွဲ့မှူး၊ ဗဟိုအလုပ် အမှုဆောင်များသည် ဧပြီ ၂၅ ရက်က စင်ကာပူနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

(မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်)

မြန်မာနှင့် ခြေစမ်းရန် Lion XII အသင်း ဧပြီ ၂၈ ရက်နေ့ ရောက်ရှိမည်

ရန်ကုန် ဧပြီ ၂၇

မြန်မာ့လက်ရွေးစင်အသင်း၊ နေပြည်တော်အက်ဖ်စီအသင်းတို့နှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည့် စင်ကာပူ Lion XII အသင်းသည် ဧပြီ ၂၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာမည် ဖြစ်သည်။ Lion XII အသင်းတွင် နည်းပြချုပ်အဖြစ် ငွေခေတ်မြန်မာ့လက်ရွေးစင် ဦးသန်းတိုးအောင်၊ ဦးမျိုးလှိုင်ဝင်း၊ ဦးတင်မြင့်အောင်၊ ဦးဝင်းအောင် စသည့်ကစားသမားဟောင်းများနှင့် ခေတ်ပြိုင် နာမည်ကျော်ခဲ့သည့် စင်ကာပူလက်ရွေးစင်ဟောင်း ဖန်ဒီအာမက် ဦးဆောင်လာမည်ဖြစ်ပြီး ကစားသမား စုစုပေါင်း ၂၀ လိုက်ပါလာကြမည် ဖြစ်သည်။

စင်ကာပူ ဘောလုံးအဖွဲ့ချုပ်က ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းလိုက်သည့် စင်ကာပူ Lion XII အသင်းသည် မလေးရှား စူပါလိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင် ကစားနေသည့် အသင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်က အမှတ်ပေးချန်ပီယံဆု ဆွတ်ခူးထားသော အသင်းဖြစ်သည်။ နည်းပြ ဖန်ဒီအာမတ်၏ အသင်းတွင် အသက် ၂၃ နှစ်နှင့်အထက် ကစားသမား ၉ ဦးပါဝင်ပြီး စင်ကာပူလက်ရွေးစင်အသင်းတွင် ပါဝင်ကစားနေကြသူများလည်း ဖြစ်သည်။

စင်ကာပူ Lion XII အသင်းအနေဖြင့် ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေမစမ်းမီ ယခုနှစ် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဇယားအား ဦးဆောင်ထားသည့် နေပြည်တော် အက်ဖ်စီအသင်းနှင့် ဧပြီလ ၃၀ ရက် ညနေ ၅ နာရီ တွင် YTC ကွင်း၌ ခြေစမ်းပွဲ ဦးစွာယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါ ခြေစမ်းပွဲများအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကိုလာမည့် မေလ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

(မောင်မောင်ဇော်)

ဘောလုံးလောက သတင်းတိုများ . . . .

ငွေကြယ်

- ❑ အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းသည် ဧပြီ ၂၆ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ရိုးမားအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် မန်စီးတီးအသင်းမှ ခေါ်ယူထားသော တိုက်စစ်မှူး ဘာလော့တယ်လီအား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ရောင်းချသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းတွင် ခြေစွမ်းပြကစားလျက်ရှိသော တိုက်စစ်မှူးဘင်ဇီမာအား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးပေါင် ၁၄၀ သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- ❑ နယူးကာဆယ်အသင်းသည် ပြီးခဲ့သည့် ရာသီက အသင်းမှထွက်ခွာသွားခဲ့သော အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒမ်ဘာဘာအား အသင်းသို့ ပြန်လည်ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။
- ❑ ပရီမီယာလိဂ်ကလပ် တော့တင်ဟမ် ဟော့စပါးအသင်းသည် အသင်းဥက္ကဋ္ဌ ဗီဗီမဲလ်အနေဖြင့် ယခုနှစ်နွေရာသီအပြောင်းအရွှေ့တွင် လက်ရှိအသင်းနည်းပြ တင်ရှားဝုဒ်အား အသင်းမှ ထုတ်ပယ်ခဲ့မည်ဆိုပါက ဝက်စ်ဘရွန်းအသင်းအနေဖြင့် ခေါ်ယူလိမ့်မည်ဖြစ်ကြောင်း သိရသည်။
- ❑ ချယ်လ်ဆီးအသင်းသည် အသက်(၂၆)နှစ်အရွယ်ရှိ ဂျူဗင်တပ်ကစားသမား ဗီဒယ်အား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

APRIL ညီအစ်မအတွက် မွေးနေ့ဆုတောင်း

၂၇-၄-၂၀၁၄ ရက်တွင် ရောက်ရှိသော သမီးလတ် မချိုဇင်လှဲ့နိုင် [ဒသမတန်း(B)၊ အ. ထ. က(၁)၊ ဒဂုံ]၏ (၁၆)နှစ်မြောက်မွေးနေ့နှင့် သမီးငယ် မပွင့်ဖြူလှဲ့နိုင်[အဋ္ဌမတန်း(A)၊ အ. ထ. က(၁)၊ ဒဂုံ]၏ ၁၄-နှစ်မြောက်မွေးနေ့တွင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာပြီး လိုအင်ဆန္ဒနှင့် ပြည့်စုံသော ပျော်ရွှင်စရာမွေးနေ့ပေါင်းများစွာကို ချစ်သောမိသားစုနှင့်အတူ ဖြတ်သန်းနိုင်ပါစေ။

ဖေဖေ-ဦးလှနိုင်
မေမေ-ဒေါ်ညွန့်ညွန့်ထွေး
မမ-မနှင်းရည်လှဲ့နိုင်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အဆောက်အအုံအထူးအဖွဲ့(၇)၊ အမ်းမြို့။
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) တင်ဒါအမှတ်(၁/၂၀၁၄-၂၀၁၅)

၁။ ရခိုင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံအထူးအဖွဲ့(၇)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အဆောက်အအုံ/လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် ဆောက်လုပ်ရေးပစ္စည်းအမျိုးအစားနှင့် လိုအပ်သည့်အသေးစိတ်စာရင်းကို အဆောက်အအုံအထူးအဖွဲ့(၇)၊ ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ အမ်းမြို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို အဆောက်အအုံအထူးအဖွဲ့(၇)၊ ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ အမ်းမြို့၊ ဖုန်း-၀၉-၈၅၂၆၂၈၈ တွင် ၁၄-၅-၂၀၁၄ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက်	-	၁၄-၅-၂၀၁၄ ရက်မှ ၁၆-၅-၂၀၁၄ ရက်ထိ (ရုံးချိန်အတွင်း)
တင်ဒါတင်သွင်းရမည့်ရက်	-	၂၀-၅-၂၀၁၄ရက် နံနက် ၈း၀၀ နာရီ
တင်ဒါရွေးချယ်မည့်ရက်/အချိန်	-	၂၀-၅-၂၀၁၄ ရက် နံနက် ၉း၀၀ နာရီ
တင်ဒါရွေးချယ်မည့်နေရာ	-	ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ အဆောက်အအုံအထူးအဖွဲ့(၇)၊ အမ်းမြို့။

အရက်အလွန်အကျွံသောက်၍ သေဆုံးသူများရှိနေ

မိတ္ထီလာ မေ ၂၇

သာစည်မြို့ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေသည် မေ ၂၃ ရက် နံနက် ၄ နာရီက လမင်းတရာ လက်ဖက်ရည်ဆိုင်စားပွဲပေါ်တွင် လူတစ်ဦးသေဆုံးနေကြောင်း သာစည်မြို့မရဲစခန်းသို့ လာရောက်သတင်းပေးပို့ခဲ့သည်။ သာစည်ရဲစခန်းမှမြို့မစခန်းမှူး ဒုရဲမှူးမြင့်သိန်းနှင့် အသိသက်သေများက သွားရောက်စစ်ဆေးရာ လမင်းတရာ လက်ဖက်ရည်ဆိုင် စားပွဲပေါ်တွင် သေဆုံးသူမှာ လမင်းတရာလက်ဖက်ရည်ဆိုင်ပိုင်ရှင် ဇော်လွင်(ခ)ရှမ်းကြီး(၄၈)နှစ်ဖြစ်ပြီး စားပွဲပေါ်တွင် အရက်ပုလင်းတစ်လုံးနှင့် အရက်များတွေ့ရှိရပြီး ပြင်ပဒဏ်ရာမရှိဘဲ အရက်အလွန်အကျွံသောက်၍ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။ သေဆုံးမှုကို သာစည်မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၃/၂၀၁၄) ဖြင့် အမှုဖွင့်ထားသည်။

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် ပုလဲဈေးအတွင်း မေ ၂၃ ရက်က လူတစ်ယောက် လဲကျသေဆုံးနေကြောင်း တွေ့ရသဖြင့် မြို့မရဲစခန်းမှ တာဝန်ကျရဲတပ်ဖွဲ့ဝင်များက အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ ပုလဲဈေးအတွင်း သေဆုံးသူမှာ အောင်ဇေယျာရပ်ကွက်နယ်မြေ(၉)နေ အောင်လွင်(၄၈)နှစ်ဖြစ်ပြီး အရက်အလွန်အကျွံသောက်ကာ ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသည်။ သေဆုံးမှုကို မြို့မရဲစခန်းက သေမှုသေခင်းအမှတ် (၆/၂၀၁၄)ဖြင့် အမှုဖွင့်ထားသည်။ မိတ္ထီလာခရိုင်အတွင်းတွင် ယခုတစ်ပတ်အတွင်း အရက်အလွန်အကျွံသောက်၍ သေဆုံးသူ သုံးဦးရှိသွားပြီ ဖြစ်သည်။ **(၁၁၁)**

အရှိန်လွန်သည့်ကုန်တင်ယာဉ် လမ်းဘေးထိုးကျတိမ်းမှောက်

ရေတာရှည် မေ ၂၇

ရေတာရှည်မြို့ တောင်ဘက် လေးမိုင်ခန့်အကွာ နန်ချွန်သစ်တော ကျောင်းအနီး ရန်ကုန်-မန္တလေး ကားလမ်းတွင် မေ ၂၄ ရက် ညနေ ၄ နာရီ၄၅ မိနစ်ခန့်က ၁၂ ဘီးကုန်တင်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ကိုစူပါ (၃၃)နှစ် ရွာရှည်ကျေးရွာ ဝမ်းတွင်းမြို့နယ် နေသူမောင်းနှင်ပြီး တစ်ရွာတည်းနေ ဇော်ဝင်းဖြိုး(၂၁)နှစ်လိုက်ပါလာသည့် ၁၂ ဘီးကုန်တင်ယာဉ်သည် မိုင်တိုင်အမှတ် (၁၈၇/၁)နှင့် (၁၈၇/၂) အကြား နန်ချွန်သစ်တောသင်တန်းကျောင်း အနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းအရှေ့ဘက်သို့ ထိုးကျ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ထိခိုက်ဒဏ်ရာ ရရှိခြင်းမရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ဦးချိုနှစ်ချောင်းပါ ပြောင်ခေါင်းတစ်လုံးသိမ်းဆည်းရမိ

ကျောက်တံခါး မေ ၂၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်း၏ အနောက်ဘက် ၃၁ မိုင်ခန့်အကွာ ပဲခူးရိုးမတောင်ပေါ် မင်းလှ-စိန်ကန့်လန့်မြို့ချောင်းသွားကားလမ်း မိုင်တိုင်အမှတ် (၂၄)တွင် မေ ၂၄ ရက်နံနက် ၈ နာရီက ဝန်းကျင်/သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးစခန်းတွင် သစ်တောရဲတပ်ဖွဲ့မှ ဒု-ရဲမှူးကိုကိုဇော်နှင့် ဝန်းကျင်/သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ဦးစီးအရာရှိ ဦးတင်မောင်လှတို့အဖွဲ့သည် မင်းလှဘက်မှ မြို့ချောင်းဘက်သို့ ဦးတည်မောင်းနှင်လာသည့် တရုတ်နိုင်ငံလုပ် လော့ဂျာ ၁၁၀ အနက်ရောင် (လိုင်စင် စုံစမ်းဆဲ) ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်မောင်းနှင်သူမှာ အုတ်ဖိုမြို့နယ် ဆည်ရွာနေ ကျော်ဝင်းခိုင် (၂၉)နှစ် ဖြစ်ပြီး နောက်မှ စီးနင်းလိုက်ပါလာသူမှာ တစ်ရွာတည်းနေ သန်းငွေ (၃၉)နှစ် ဖြစ်ကြောင်း သိရပြီး ဆိုင်ကယ်ပေါ်တွင် ဦးချိုနှစ်ချောင်းပါ ပြောင်ခေါင်းတစ်လုံးကို တွေ့ရှိ၍ မေးမြန်းရာ ပြောင်ခေါင်းကို သန်းငွေက စိန်ကန့်လန့်လမ်း ပဲခူးချောင်းမှ အမည်မသိသူတစ်ဦးထံမှ ကျပ်သုံးသောင်းဖြင့် ဝယ်ယူလာကြောင်းပြောပြ၍ တောရိုင်းတိရစ္ဆာန်ဦးခေါင်းကို လက်ဝယ်ထားရှိသူ သန်းငွေနှင့် ကျော်ဝင်းခိုင်တို့အား ဥပဒေအရ အရေးယူပေးရန် တောအုပ်ဦးစောချားလ်က တိုင်တန်းလာသဖြင့် ဖဒိုနယ်မြေရဲစခန်းက (ပ) ၅၅/၁၄ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝသစ်ပင်များ ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃၇(က) အရ အရေးယူထားကြောင်း သိရသည်။

မျိုးဦး(ကျောက်တံခါး)

မန္တလေးမြို့တွင် လေပြင်းတိုက်ခတ်၊ သစ်ပင်ကြီးများ ပြိုလဲ

မန္တလေး မေ ၂၇

မန္တလေးမြို့တွင် မေ ၂၆ ရက် နံနက် ၄ နာရီခန့်က အနောက်တောင်ဘက်မှ မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများ ပြိုလဲခဲ့သည်။ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် အောင်မြေသာစံမြို့နယ် (၁၂) လမ်း၊ (၇၉) လမ်းနှင့် လမ်း (၈၀) ကြားရှိ ပေပင်ကြီးပြိုလဲခဲ့ပြီး မန္တလေးတောင်ခြေ ကျောက်တော်ကြီးဘုရားအနီး ကုက္ကိုပင်၊ မြို့ပတ်ကမ်းနားလမ်း၌ သစ်ပင်ငယ်များပြိုလဲ၊ ကိုင်းကျိုးကျခြင်းများဖြစ်ခဲ့ရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနက ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး

စာတည်းမှူးထံ ပေးစာများ

လူနေရပ်ကွက်အတွင်းရှိသစ်စက် ရွှေ့ပြောင်းပေးစေချင်

ကလေးမြို့ တောင်ဖီလာရပ်ကွက် နယ်မြေ (၃) ခြံအမှတ် (၁၀၃)ရှိ သစ်စက်၏ စက်သံဆူညံမှုသည် အနီးတွင်ရှိသော ဘာသာရေးရုံး၌ရုံးတက်ချိန်တွင်လည်းကောင်း၊ ပတ်ဝန်းကျင်ရှိ ကျောင်းသူ ကျောင်းသားများ စာကြည့်ရာ၌လည်းကောင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ရပ်ကွက်နေသူများ ညသန်းခေါင် အိပ်နေချိန်တွင် သစ်တင်ကားကြီးများ ဝင်ထွက်ခြင်းကြောင့် အိပ်မရဖြစ်ခြင်း၊ သစ်စက်မှ ထွက်လာသော အခိုးအငွေ့နှင့် သစ်မှုန့်များကြောင့် ကျန်းမာရေးကို ထိခိုက်စေပါသဖြင့် အဆိုပါ လုပ်ငန်းအား ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်အတွင်းနေထိုင်သူများ။

အညော်နံ့များ နေ့စဉ်ခံစားနေရ

အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ ရွာမရပ်ကွက်အဆုံး မြို့စိုးလမ်း၏ ယာဘက်ခြမ်း သချိုင်းကုန်းမြေပေါ်တွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကျွဲပွဲမြို့၏ ရပ်ကွက်များနှင့်ဈေးမှ အမှိုက်သရိုက်များ စုပုံ၍ မီးရှို့လျက်ရှိရာ သုံး၊ လေးရက်ဖြင့် မငြိမ်းနိုင်ဘဲ အညော်နံ့ဆိုးများကို အနီးရှိ မူလတန်းကျောင်းနှင့် ကျွဲပွဲမြို့ ရွာမရပ်ကွက်၏ အစွန်ဖျားမှနေအိမ်များ နေ့စဉ် ရှူရှိုက်နေရပါ၍ ကျောင်းသား ကျောင်းသူများနှင့် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး စိုးရိမ်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးများကင်းရှင်းစေလိုသူ။

စက်ရုံမှ အနံ့အသက်ဆိုးများ ပတ်ဝန်းကျင်မခံနိုင်

မရမ်းကုန်းမြို့နယ် ဗဟိုလမ်းနှင့်ဘောဂသိဒ္ဓိလမ်းထောင့်ရှိ အမှုန့်ကြိတ်စက်ရုံမှထွက်သော အနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့်အများပြည်သူများ၏ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နေပါသဖြင့် ပတ်ဝန်းကျင်နေပြည်သူများ၏ ကျန်းမာရေးကို ရှေးရှုသောအားဖြင့် အဆိုပါလုပ်ငန်းကို ရပ်ဆိုင်းပေးရေးဆောင်ရွက်ပေးပါရန် တင်ပြအပ်သည်။

သမိုင်းသူ။

ပစ္စည်းဂိုဒေါင်ဖြစ်နေသော သုခမိန်စာကြည့်တိုက်

ရန်ကုန်မြို့ ဈေးကုန်းအရှေ့ရပ်ကွက်ရှိ သုခမိန်စာကြည့်တိုက်မှာ စာကြည့်တိုက်ရပ်လုံးမပေါ်လွင်ဘဲ ဆွမ်းလောင်းအသင်းမှ အိုးခွက်ပန်းကန်များသိမ်းဆည်းရာ ဂိုဒေါင်အသွင်ဖြစ်နေသည်ကို စာအုပ်စာတမ်းအလှူရှင်များက စိတ်မကောင်းဖြစ်နေကြသည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စာကြည့်တိုက်ရုပ်လုံးပေါ်အောင် ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြအပ်ပါသည်။

စာကြည့်တိုက်ဖွံ့ဖြိုးရှင်သန်လိုသူ။

မကွေးမြို့နယ်တွင် သမားရိုးကျ ဖိုခုံနောက်မီးဖိုများအစား အေဝမ်းမီးဖိုများကို ပိုမိုသုံးစွဲလာ

မကွေး၊ မေ ၂၇

မကွေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် သမားရိုးကျ ဖိုခုံနောက်မီးဖိုများအစား မြန်မာမြေ စွမ်းအားမြင့် အေဝမ်းမီးဖိုများကို ကျယ်ကျယ်ပြန့်ပြန့် အစားထိုး သုံးစွဲလာကြောင်းသိရသည်။

မကွေးတိုင်း၊ မင်းဘူး(စကုမြို့နယ်) မင်းဘူး-မင်းလှ ကားလမ်းဘေးရှိ မြန်မာမြေစွမ်းအားမြင့် အေဝမ်းမီးဖိုထုတ်လုပ်ရေးမှ တွင်ကျယ်စွာ ထုတ်လုပ်သောမီးဖိုများကို မကွေးမြို့နယ် မြို့ပေါ်နှင့် ကျေးလက်ဒေသများသို့ အနှံ့အပြား တင်ပို့ဖြန့်ချိလျက်ရှိပြီး သုံးစွဲမှုပမာဏလည်း မြင့်တက်လာခဲ့သည်။ ယင်းမီးဖိုသည် လောင်စာအဖြစ် ထင်း၊ မီးသွေး၊ အစားထိုးလောင်စာတောင့် ကျောက်မီးသွေး၊ ရေနံမီး သွေး၊ စပါးခွံ၊လွှစာနှင့် လယ်ယာစွန့်ပစ်ပစ္စည်း လောင်စာအမျိုးမျိုးကို အသုံးပြုနိုင်ကြောင်း၊ ထင်းလောင်စာ ကုန်ကျမှုမှာ ၆၀ ရာခိုင်နှုန်းသာဖြစ်ပြီး မီးမွှေးရာတွင် လွယ်ကူပြီး မီးပျံ့လွင့်မှုနည်းပါးသောကြောင့် ယခုလိုနွေရာသီ၌လည်း မီးဘေးအန္တရာယ် လျော့နည်းစေနိုင်ကြောင်း သိရသည်။

"အရင်တုန်းကတော့ အလွယ်တကူ ကျောက်ခဲသုံးလုံးဖိုခုံနောက်ဆိုင်ပြီး ထင်းမီးဖိုလုပ်သုံးခဲ့တယ်။ မီးပျံ့လွင့်မှုများတော့ မီးအပူဟပ်တဲ့ ဒဏ်တွေခံရတယ်။ မီးခိုးအူတဲ့အခါကျတော့လည်း မျက်စိတွေပူစပ်ပြီး မျက်ရည်ပူတွေကျတဲ့အထိ ခံစားခဲ့ရတယ်။ မီးဖိုချောင်ဆိုလည်း ကျပ်ခိုးတွေ၊ မှိုင်းတွေနဲ့ ညစ်ပတ်နေတာပဲ။ အခုတော့ အေဝမ်းမီးဖိုသုံးပြီး ဒီဒုက္ခတွေကနေ ကင်းဝေး လျော့ပါးသွားပါပြီ" ဟု မင်းဘူး၊ စကုမြို့နယ် နန်းတော်ကုန်းကျေးရွာမှ အိမ်ရှင်မ တစ်ဦးက ပြောသည်။

အဆိုပါ အေဝမ်းမီးဖိုများကို ပြင်ပပုဂ္ဂလိကဈေးကွက်များတွင် ကျပ်ငွေ ၁၅၀၀ မှ ကျပ် ၁၈၀၀ အထိရောင်းချလျက်ရှိပြီး ဒေသဆိုင်ရာ ရုံးအဖွဲ့အစည်းများ၊ သစ်တောဦးစီးဌာန၊ စိမ်းစိုဦးစီးဌာန၊ တပ်ရင်းတပ်ဖွဲ့များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများသို့လည်း အထူးအစီအစဉ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ အိမ်ထောင်စု သုံးသန်းခန့်ရှိသော အပူပိုင်းဇုန်တစ်ခုလုံး စွမ်းအားမြင့် အေဝမ်းမီးဖိုသုံးစွဲပါက နှစ်စဉ် ထင်းတန်ချိန် ၂ ဒသမ ၄ သန်းခန့် သက်သာစေနိုင်ကြောင်း၊ သစ်တောဖုံးလွှမ်းမှု တစ်ဧကကျော်လျှင် ငါးတန်နှုန်းဖြင့် တွက်ချက်ပါက သစ်တောဧက ၄၈၀၀၀၀ ခန့် နှစ်စဉ်ပြုန်းတီးမှုမှ ကာကွယ်နိုင်ကြောင်း သစ်တောပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။ **ကျော်စွာ(မကွေး)**

အုတ်ဖုတ်ရာတွင် ထင်းအစား စပါးခွံကို လောင်စာအဖြစ် အသုံးပြုကာ အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်

မြန်အောင်၊ မေ ၂၇

အုတ်ဖုတ်လုပ်ငန်းအတွက် အုတ်ဖုတ်ထင်းများ ရှားပါးလာပြီဖြစ်ရာ အုတ်လုပ်ငန်းရှင်များသည် ယခုနှစ်မှစတင်ကာထင်းအစား မြန်အောင်ဒေသတွင် ပေါများစွာရရှိသော စပါးခွံအား လောင်စာအဖြစ် အသုံးပြုကာ အုတ်ဖုတ်ခြင်းလုပ်ငန်းများ လုပ်ကိုင်လာကြသည်။

"ဒီနှစ်အုတ်က တော်တော်ရောင်းရတယ်။ အုတ်ခဲတစ်လုံး ခြောက်ဆယ်ကျပ်နဲ့ ရောင်းတာတောင် အမှာတွေများနေလို့ မပို့နိုင်ဖြစ်နေကြတယ်"ဟု အုတ်လုပ်ငန်းရှင် တစ်ဦးက ပြောသည်။

ထင်းကို လောင်စာအဖြစ်အသုံးပြု၍ အုတ်ဖုတ်ပါက အလေအလွင့် အကျိုးအကြေများသော်လည်း အုတ်အမြန်ကျက်သည်။ စပါးခွံကို အသုံးပြုပါက အုတ်ဖုတ်ချိန် ကြာသော်လည်း အုတ်အကျိုးအကြေနည်းပြီး တွက်ခြေကိုက်ကြောင်း သိရသည်။

"စပါးခွံနဲ့ဖုတ်ရင် အုတ်လှတယ်၊ ချော်မကပ်ဘူး၊ အုတ်တစ်သောင်းဖိုတစ်ဖိုဖုတ်ရင် အုတ်ရှစ်ထောင်ကျော်လောက်ပြန်ရတော့ တွက်ခြေကိုက်တယ်။ အုတ်တစ်သောင်းဖိုတစ်ဖိုကို ဖွဲ တင်း နှစ်ရာကျော်လောက် မီးထည့်ရတယ်။ ထင်းနဲ့ဖုတ်တဲ့ အုတ်က ကုန်ကျစရိတ်ပိုများပြီး စပါးခွံနဲ့ ဖုတ်ရင်တော့ ကုန်ကျစရိတ်နည်းတယ်၊ နောက်နှစ်ဆိုရင် စပါးခွံနဲ့ပဲ အုတ်ဖုတ်တော့မယ်" ဟု အုတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ **နေဝင်းဇော်(မြန်အောင်)**

အုတ်လုပ်ငန်းခွင်တစ်ခုအား အဝေးမှတွေ့မြင်ရစဉ်။

တောင်တွင်းကြီးမြို့နယ်မှ မိရိုးဖလာတစ်ပိုင်တစ်နိုင်လုပ်ကိုင်သည့် အုန်းတံမြက်စည်းလုပ်ငန်း

တောင်တွင်းကြီး၊ မေ ၂၇

ကျောင်းကန်ဘုရားများမှအစ နေအိမ်ဝင်း သန့်ရှင်းရေးပြုလုပ်ရာတွင် အုန်းတံမြက်စည်းကြမ်းသည် မပါမဖြစ် သန့်ရှင်းရေးပစ္စည်းတစ်မျိုးဖြစ်သည်။ ကြမ်းခင်း၊ ကြမ်းပြင် လှဲကျင်းရသော မြက်တံမြက်စည်းအချောကို ပလတ်စတစ်ဖြင့် ပြုလုပ်အစားထိုးသုံးစွဲလာခြင်းရှိသော်လည်း အုန်းတံမြက်စည်းကို သဘာဝကုန်ကြမ်းဖြစ်သော အုန်းဆံနှင့် သစ်ဝါးများကို အသုံးပြု၍ ယနေ့ထက်တိုင်ထုတ်လုပ်လျက်ရှိသည်ကို တွေ့ရသည်။ အုန်းတံမြက်စည်းကို ဒေသအသီးသီးတွင် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိပြီး တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုခွကျေးရွာမှ မိရိုးဖလာ လုပ်ကိုင်အဆင်ပြေလျက်ရှိသော အုန်းတံမြက်စည်း လုပ်ငန်းသည်လည်း အပါအဝင်ဖြစ်သည်။

"အုန်းတံမြက်စည်းတစ်ချောင်း ပြုလုပ်ဖို့အတွက် အသုံးပြုရတဲ့ ကုန်ကြမ်းပစ္စည်း ငါးမျိုးကတော့ အုန်းရွက်ကနေ သပ်ယူရတဲ့ အုန်းဆံချောင်း ၄၀၀ ခန့်၊ သစ်သားနဲ့ပြုလုပ်ထားတဲ့ လေးထောင့်မကျတကျ အသားဝိုင်း တစ်ခု၊ နောက်ပြီး ဝါးနဲ့လုပ်ထားတဲ့ သပ်ချောင်း နှစ်ချောင်း၊ အုန်းဆံချောင်းတွေကိုသီဖို့ ကြွပ်ကြွပ်ကြိုးတွေ လိုအပ်ပါတယ်။ သစ်သားကို လက်ပံသား၊ လဲမှိုသားတွေ သုံးတယ်။ အုန်းဆံသီကြိုးကိုတော့ အရင်က ကြိမ်ကြိုးကိုသုံးပေမယ့် အခုတော့ ကုန်ကြမ်းရှားပြီးဈေးမြင့်တဲ့အတွက် ကြွပ်ကြွပ်ကြိုးတွေကို မသုံးချင်လည်း သုံးရတာပေါ့ဗျာ" ဟု အုန်းတံမြက်စည်း လုပ်ငန်းရှင်က ပြောသည်။

ရှေးဦးစွာ မြင်ဝါးတစ်ဖက်တွင် လေးထောင့်မကျတကျပုံစံရရန် ဓားထက်ထက်ဖြင့် ချွန်ရသည်။ အသင့်ဖောက်ပြီးဖြစ်သော သုံးလက်မပတ်လည် လက်ပံသားဂျပ်ပြားဝိုင်းကို ကြပ်နေအောင် ရိုက်သွင်းစွတ်ချရသည်။ ထို့နောက် ဂျပ်ပြားဝိုင်းအောက်မရွှေ့စေရန် လွန်ဖြင့် အပေါက်ဖောက်ကာ သပ်ချောင်းငယ်များဖြင့် ပင်းသပ်ပေးရသည်။ တံမြက်စည်းရိုး ပြုလုပ်မှုအပိုင်းပြီးလျှင် အုန်းဆံချောင်းများကို ကြွပ်ကြွပ်ကြိုးများဖြင့် ရက်လုပ်တဲ့သီပြီး ဂျပ်ပြားဝိုင်းအား ပတ်ခွေ၍ထိပ်နှစ်ဖက်ဆက်မိအောင် တင်းကြပ်စွာ ပတ်ချည်တုပ်နှောင်ရသည်။ အုန်းဆံခွေ ကျွတ်မထွက်စေရန်အတွက်လည်း အရိုးကိုဖောက်၍ အပေါ်မှ သပ်တစ်ချောင်းထပ်မံ ပင်းသပ်ပေးရသည်။ ပင်းသပ်သောအပေါက်ကို လက်ကိုင်ရိုး အပေါက်ဖောက်စဉ်ကတည်းက အောက် ပေါက်နှင့် တစ်လက်မအကွာ ချိန်သားကိုက် ကြိုတင်ဖောက်ထားခြင်းဖြစ်သည့်အတွက် ရက်လုပ်ထားသောအုန်းဆံချောင်းများကို ခွေပတ်တုပ်နှောင်ပြီး သပ်ရိုက်သွင်းခြင်းဖြစ်သည်။

"တံမြက်စည်းလုပ်ဖို့အတွက် အုန်းဆံကုန်ကြမ်းကတော့ ဒေသတွင်းမှာရှာရလွယ်ပေမယ့် မြင်ဝါးကို စေတုတ္တရာနယ်ဘက်ကနေ မှာယူတင်သွင်းရတယ်။ တံမြက်စည်းတစ်ချောင်း ထုတ်လုပ်တဲ့ ကုန်ကျစရိတ်က ငွေကျပ် ၁၀၀၀ ခန့်ရှိပြီးတော့ အသုံးပြုတဲ့ ကုန်ကြမ်းပစ္စည်းအမျိုးအစားပေါ်လိုက်ပြီး သုံးမျိုးသုံးစားထုတ်လုပ်တယ်။ ကျွမ်းကျင်လက်မှုပညာရှင်တစ်ဦးဆိုရင် တစ်နေ့တံမြက်စည်း ၁၀ ချောင်းလုပ်နိုင်တယ်။ ဈေးကွက်လိုအပ်ချက်ပေါ်မူတည်ပြီး တစ်နေ့ အချောင်းရေ ၈၀ ကနေ ၁၀၀ အတွင်းပြုလုပ်ရတယ်။ တံမြက်စည်းကြမ်းတစ်ချောင်းကို ပြင်ပပေါက်ဈေးအနေနဲ့ ကျပ် ၁၅၀၀ ကနေ ကျပ် ၁၈၀၀ အထိ အမျိုးအစားအလိုက် ပေးဝယ်ရတယ်"ဟု ၎င်းကဆိုသည်။

ရှေးအတီတေ ကာလကတည်းက မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် တွင်ကျယ်စွာ အသုံးပြုခဲ့ကြသော အုန်းတံမြက်စည်းနှင့် သဘာဝကုန်ကြမ်းပစ္စည်းသုံး ရိုးရာပညာရပ်သည် လက်ဆင့်ကမ်းပညာ တစ်ရပ်အနေဖြင့် ယနေ့တိုင် လုပ်ကိုင်လျက်ရှိပါကြောင်း သိရသည်။ **ကျော်စွာ(မကွေး)**





ရွှေဘိုခရိုင်၊ ဆည်ရေသောက်မြို့နယ်များသို့ သဖန်းဆိပ်ရေလှောင်တမံမှ ယခုနှစ်တွင် နွေစပါးနှင့် နွေသီးနှံဧက သုံးသိန်းကျော်သို့ စိုက်ပျိုးရေပေးဝေ

ရွှေဘို၊ မေ ၂၇

မြန်မာနိုင်ငံအတွင်း တည်ဆောက်ထားသည့် ရေလှောင်တမံ များအနက် အကြီးဆုံးဖြစ်သည့်အပြင် အရှေ့တောင်အာရှ၏ အရှည်ဆုံး ရေလှောင်တမံဖြစ်သော ရွှေဘိုခရိုင်၊ ကျွန်းလှမြို့နယ်၊ သဖန်းဆိပ်ကျေးရွာအနီး မူးမြစ်ပေါ်ရှိ သဖန်းဆိပ်ရေ လှောင်တမံမှ ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘို၊ ဝက်လက်၊ ရေဦး၊ ခင်ဦး၊ ဒီပဲယင်းနှင့် တန့်ဆည်မြို့နယ်များရှိ နွေစပါးနှင့် နွေသီးနှံစိုက်ခင်းဧက သုံးသိန်းကျော်သို့ ရေပေးဝေနေပြီဖြစ်ရာ လက်ရှိအချိန်အထိ ဧကနှစ်သိန်းခွဲခန့် တောင်သူများစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

"မြန်မာတစ်နိုင်ငံလုံးမှာ ရေဧရိယာအများဆုံးဖြစ်တဲ့ သဖန်းဆိပ်ရေလှောင်တမံအနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်းမှာ မိုးဦးခေါင်ပြီး မိုးလယ်နဲ့ မိုးနှောင်းသင့်တဲ့အတွက် ရေက နှစ်တိုင်းလောက် မဝင်ပေမယ့် ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်ကထက် လေးဆလောက်ပိုဝင်တဲ့အတွက် ယခုနှစ် ၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါးရာသီမှာ ဧက သုံးသိန်းကျော်အထိ တိုးချဲ့စိုက်ပျိုးနိုင်မယ်လို့ ရည်မှန်းထားပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်က မိုးတအားခေါင်ပြီး ရေဝေရေလဲ ရေမဝင်ဘဲ ရေအင်မတန်နည်းခဲ့တဲ့အတွက် နွေစပါးဧက တစ်သိန်းလောက်သာ ရေပေးဝေနိုင်ခဲ့ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွန့်က ပြောသည်။

သဖန်းဆိပ်ရေလှောင်တမံ မတည်ဆောက်မီ ၁၀ နှစ်တာကာလအတွင်း ရွှေဘိုခရိုင်အတွင်း မြို့နယ်အသီးသီး၏ မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်သည့် ဧကများမှာ နွေစပါးထက် မိုးစပါးက ပိုမိုမြင့်မားစွာ ရှိခဲ့ပြီး တောင်သူများ၏ ဝင်ငွေရရှိမှုမှာ မိုးစပါးတစ်ခုတည်းကိုသာ အားကိုးခဲ့ရသည့် အခြေအနေတွင်ရှိကြောင်း သိရသည်။ အဆိုပါဒေသရှိ တောင်သူများ၏ အိမ်ထောင်စုဝင်ငွေ ယခင်ကထက် ပိုမိုရရှိစေသည့် နည်းလမ်းမှာ မိုးစပါးသာမက နွေစပါးနှင့် အခြားသီးနှံများပါ တစ်နှစ်ပတ်လုံး ထွန်ယက်စိုက်ပျိုးနိုင်သည့် သဖန်းဆိပ်ရေလှောင်တမံကို တည်ဆောက်ပေးခဲ့သည်။

၂၀၀၁ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဖန်းဆိပ်ရေလှောင်တမံကို တည်ဆောက်ပြီး နောက်တွင် ရွှေဘိုခရိုင်အတွင်းရှိ ဆည်ရေသောက်မြို့နယ်များ၏ နှစ်အလိုက် မိုးစပါး၊ နွေစပါးစိုက်ပျိုးမှု အခြေအနေမှာ ၂၀၀၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း စိုက်ပျိုးမှုဧကများ သိသိသာသာ တိုးတက်လာကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးမှုဧကကို လေ့လာပါက ၂၀၀၁ ခုနှစ်တွင် စိုက်ဧက ၄၅၂၄၉၁၊ ၂၀၀၂ ခုနှစ်တွင် ၄၇၂၆၄၈၊ ၂၀၀၃ ခုနှစ်တွင် ၄၇၁၄၆၈၊ ၂၀၀၅ ခုနှစ်တွင် ၄၉၈၇၈၈၊ ၂၀၀၆ ခုနှစ်တွင် ၅၁၄၁၆၆ စိုက်ပျိုးနိုင်ခဲ့ပြီး အခြားနှစ်များတွင်လည်း မိုးစပါးစိုက်ပျိုးမှုမှာ နှစ်စဉ်ဧက လေးသိန်းကျော် ပုံမှန်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သဖန်းဆိပ် ရေလှောင်တမံမတည်ဆောက်မီ ၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် အများဆုံး နွေစပါး စိုက်ဧကမှာ ၂၁၄၁၈ ဖြစ်ခဲ့သော်လည်း တည်ဆောက်ပြီးနောက် ၂၀၀၆ ခုနှစ်မှ စတင်၍ စိုက်ဧက ၃၃၃၄၆၉၊ ၂၀၀၇ ခုနှစ်တွင် ၃၃၈၃၉၅၊ ၂၀၀၈ ခုနှစ်တွင် ၃၅၀၃၇၂၊ ၂၀၀၉ ခုနှစ်တွင် ၃၆၃၆၇၀ နှင့် ၂၀၁၀ ပြည့်နှစ်တွင် ၃၆၉၃၈၁ အထိ နှစ်စဉ်မှန်မှန် တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် အများပြည်သူနှင့်ဆိုင်သော ပုဂ္ဂလိကဘဏ်များအနက် သတ္တမမြောက်ဘဏ်အဖြစ် ဧရာဝတီဘဏ်၏ ကျောက်ပန်းတောင်းဘဏ်ခွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါဘဏ်သစ်တည်ရှိရာ ရန်ကုန်-ပြည်-မန္တလေးလမ်း၊ စံပြရပ်ကွက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ- ကိုနေ(ကျောက်ပန်းတောင်း)

ကလေးသူငယ်နှင့် လူငယ်များ စာရိတ္တ ဖွံ့ဖြိုးတိုးတက်စေရန် စာမေးပွဲကျင်းပမည်

ရန်ကုန်၊ မေ ၂၇

ပုဂံ-ညောင်ဦးမြို့ရှိ ကလေးသူငယ်များနှင့် အရွယ်ရောက် လူငယ်များ စာရိတ္တဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ မေတ္တာရှင်ရွှေပြည်သာ ဆရာတော်မှကြီးမှူးကာ နှလုံးသားဝယ် ဘုရားတည်အမည်ရှိ စာမေးပွဲအား ယခုနှစ်ဇွန်လ ၁ ရက်နေ့တွင် ပုဂံမြို့ရှိ အစိုးရအထက်တန်းကျောင်းအတွင်းဒုတိယအကြိမ်မြောက် ကျင်းပရန် စီစဉ်နေသည်ဟု ပုဂံ၊ညောင်ဦးရှိ သာသနာ့အကျိုးဆောင်အဖွဲ့မှ သိရသည်။

"အခုလိုဆရာတော်က ကြီးမှူးဆောင်ရွက်ပေးတာဖြစ်လို့ လူငယ်တွေအတွက် စာရိတ္တပိုင်း ဖွံ့ဖြိုးတိုးတက်လာသလို အရမ်းလည်း အကျိုးရှိပါတယ်။ ဆရာတော်ကိုယ်တိုင် ဆုရတဲ့ လူငယ်တွေကို ချီးမြှင့်ပေးမှာဖြစ်ပြီး တရားပွဲလည်းဟောကြားပေးမှာဆိုတော့ ကျွန်တော်တို့ဒေသခံတွေအတွက်တော့ အရမ်းဝမ်းသာစရာပါ" ဟု အခမ်းအနား ဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးနေသော ကာယကံ၊ မေတ္တာအခမဲ့ စာသင်ဝိုင်းနှင့် ပုဂံ-ညောင်ဦးဒေသရှိ ဗုဒ္ဓဘာသာ အကျိုးဆောင်လူငယ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျင်းပပြုလုပ်မည့် စာမေးပွဲအား အသက်အပိုင်းအခြားအရ နှစ်ပိုင်း ခွဲခြားထားပြီး အသက် ၁၆ နှစ်အောက် ကလေးသူငယ်များက ဆရာတော်ရေးသားထားသော မျက်ရည်မကျခင်သိစေချင်နှင့် စာရိတ္တပြိုင်ပွဲ စာအုပ်များအားလေ့လာရမည်ဖြစ်ကာ အသက် ၁၆ နှစ်အထက် လူငယ်များက မြန်မာတို့၏ အသက်၊ လူတော်လူဆိုး စာအုပ်များအား ဖတ်ရှု၍ ဝင်ရောက်ဖြေဆိုရမည်ဖြစ်သကဲ့သို့ ပုဂံမြို့နယ် သံဃနာယကအဖွဲ့မှ စစ်ဆေးပြီး ယခုနှစ် ဇွန်လ ၁၀ရက်တွင် ရလဒ်အား ကြေညာခြင်းနှင့် ဇွန် ၁၈ ရက်တွင် မေတ္တာရှင်ရွှေပြည်သာ ဆရာတော်ကိုယ်တိုင် ဆုချီးမြှင့်မည်ဖြစ်သည်။

"မနှစ်ကလည်း ဇွန်လလောက်မှာ အခုလို ကျင်းပပေးပြီး အသက် ၁၆ နှစ်အောက် ကလေးသူငယ် ၅၅၇ ဦး နဲ့ ၁၆ နှစ်အထက် လူငယ် ၂၄၃ ဦးလောက်ရှိပါတယ်။ မနှစ်က မထင်မှတ်ထားတဲ့ အခြေအနေမှာ လုပ်တာတောင် ဒီလောက်ဖြေတဲ့သူတွေ များလာတာဆိုတော့ ဒီနှစ်က ချီးမြှင့်ပေးမယ့် ဆုကြေးငွေတွေပါ ကြေညာထားတော့ အရင်နှစ်ထက် ပိုများမယ်ထင်ပါတယ်" ဟု ပုဂံညောင်ဦးမြို့ရှိ သာသနာ့အကျိုးဆောင်အဖွဲ့မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

ယခင်နှစ် ပထမအကြိမ်မြောက် ကျင်းပသော စာမေးပွဲတွင် ပထမဆုအား ကျပ်သုံးသိန်း၊ ဒုတိယဆုအား ကျပ်နှစ်သိန်း၊ တတိယဆုအား ကျပ်တစ်သိန်း ဆုချီးမြှင့်ခြင်းအပြင် နှစ်သိမ့်ဆုတစ်ဆုလျှင် ကျပ်သုံးသောင်းဖြင့် ၁၀ ဆု၊အထူးဆုတစ်ဆုလျှင် ကျပ်နှစ်သောင်းဖြင့် ၁၀ ဆုနှင့် ဂုဏ်ထူးဆုတစ်ဆုလျှင် ကျပ်ငါးထောင်ဖြင့် ဆု ၅၀ ချီးမြှင့်ခဲ့သည်။ ယခုအကြိမ် ဝင်ရောက်ဖြေဆိုလိုသူများအနေဖြင့် ယခုနှစ်မေလ ၃၁ ရက် နောက်ဆုံး စာရင်းပေးသွင်းရမည်ဖြစ်ကာ စာရင်းပေးသွင်းရန်နှင့် လိုအပ်သည်များမေးမြန်းလိုပါက ပုဂံမြို့ရှိ ကာယကံ၊ မေတ္တာအခမဲ့စာသင်ဝိုင်းနှင့် ပုဂံ-ညောင်ဦးဒေသရှိ ဗုဒ္ဓဘာသာအကျိုးဆောင်လူငယ်များအဖွဲ့၏ ဖုန်းနံပါတ်များမှာ ၀၉၄၀၂၅၀၀၆၅၁၊ ၀၉၄၀၂၅၀၀၁၁၅ နှင့် ၀၉၄၀၂၇၇၃၇၆၀ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

စိုးအောင်ဖေ

မုံရွာစီးပွားရေးတက္ကသိုလ်အာစရိယပူဇော်ပွဲ
ဖိတ်ကြားလွှာ

ချင်းပြည်နယ်အစိုးရအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

Ph: 09-5418126

ဝယ်လိုသည်

မြေကွက်ဝယ်လိုသည်
09 31268183
09 31589922

လိုင်စင်မဲ့ဆိုင်ကယ်များ မှတ်ပုံတင်ပေးခြင်း လုပ်ငန်းစီမံချက်(OSS)အဖွဲ့ ညောင်လေးပင်မြို့၌ ဆောင်ရွက်

မိတ္ထီလာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အထူးသီးသန့်ရန်ပုံငွေဖြင့် မြို့နယ်အတွင်း ကျေးရွာ ၁၀ ရွာတွင် ကျေးလက်ရေပေးရေးပြင်ဆင်ထိန်းသိမ်းခြင်း၊ကျေးရွာ ၁၈ ရွာတွင် မြေသားသောက် ရေကန်များတူးဖော်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ မြင်တော်ကန်ကျေးရွာ၊ ဘုံအိုးကျေးရွာ၊ ဆပ်ပြာကျင်းကျေးရွာနှင့် ရွာသစ်ကျေးရွာတို့တွင် မြေသားသောက်ရေကန်များတူးဖော်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။
သတင်းနှင့်ဓာတ်ပုံ- ချမ်းသာ(မိတ္ထီလာ)

ညောင်လေးပင် ဧပြီ ၂၆

ပဲခူးတိုင်းဒေသကြီး (အရှေ့) ညောင်လေးပင်မြို့၊ ရွှေကျင်မြို့၊ ဒိုက်ဦးမြို့၊ ကျောက်တံခါး လေးမြို့နယ်အတွင်းရှိ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ပေးခြင်းလုပ်ငန်းစီမံချက်ဖြင့် ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်စိန်ဦးဆောင်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သောအဖွဲ့ဝင် ၅၀ ပါဝင်သည့် (OSS) အဖွဲ့နှင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ယာဉ် လုပ်ငန်းများကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍ လေးမြို့နယ်အတွင်းရှိ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များအား နေ့ချင်းပြီး လိုင်စင်လုပ်ပေးခြင်းကို ဧပြီ ၂၅ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ညောင်လေးပင်မြို့ မိုးလုံ လေလုံ အားကစားခန်းမ၌ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

နေ့ချင်းပြီး လိုင်စင်လုပ်ပေးခြင်း လျင်မြန်ချောမွေ့စေရေးအတွက် ညောင်လေးပင်မြို့နယ် ယာဉ်လုပ်ငန်းများကြီး ကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတာ၊ အတွင်းရေးမှူးဦးနေဝင်းနှင့်အဖွဲ့ဝင်များဖြစ်ကြသော ဦးတင်ထွန်းအောင်၊ ဦးတင်မောင်ကြည်၊ ဦးတင်မြင့်ဦးတို့က ကူညီဆောင်ရွက်ပေးခဲ့သဖြင့် နေ့ချင်းပြီးလိုင်စင်မဲ့ မော်တောင်ဆိုင်ကယ် ၃၈၉ စီးအား လိုင်စင်ထုတ်ပေးနိုင်ခဲ့သည်။

ယခုလို မိမိတို့ လိုင်စင်မဲ့ဆိုင်ကယ်များအား တာဝန်ရှိသူများက လာရောက် လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကြောင့် ယခင်ကဆိုလျှင် ပဲခူးမြို့သို့ သွားရောက် လုပ်ကိုင်ခဲ့ရသဖြင့် အချိန်ကုန်ခြင်း၊ ငွေကုန်ခြင်း၊ လူပင်ပန်းခြင်း ယာဉ်အန္တရာယ်တို့နှင့် ရင်ဆိုင်ခဲ့ရသဖြင့် အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ယခုဆိုလျှင် ပဲခူးမြို့သို့ သွားစရာ မလိုဘဲ တစ်နေရာတည်းတွင် နေ့ချင်းပြီးဆောင်ရွက်ပေးသဖြင့် အချိန်ကုန်သက်သာ၊ ငွေကုန်သက်သာ၊ လူမပန်း၊ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အေးချမ်းစွာလုပ်ကိုင်ခွင့်ရရှိသောကြောင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများကို အထူးကျေးဇူးတင်ရှိပါကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးကရှင်း ပြခဲ့သည်။

(နေလင်း-ညောင်လေးပင်)

မြို့နယ်စည်ပင် ကျောင်းကြီးလမ်းကတ္တရာခင်း

ရေစကြို ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများလုပ်ဆောင်ခဲ့ကြောင်းသိရသည်။

အဆိုပါ ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအား အလျား ၁၅၅၀ ပေ၊ အကျယ် ၁၂ ပေကို ခွင့်ပြုငွေ ၁၁၆ သိန်းဖြင့်လည်းကောင်း၊ လမ်းမတော်လမ်း နတ်စင်လမ်းထိပ်မှ တာပေါင်အထိ အလျား ၄၅၅ ပေ၊ အကျယ် ၁၂ ပေကို ခွင့်ပြုငွေ ၄၈ သိန်းဖြင့် ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ကျောင်းကြီးလမ်းကို ခွင့်ပြုငွေကျပ် ၂၃၀ သိန်းဖြင့် အလျား ၃၀၀၀ ပေ၊ အကျယ် ၁၂ ပေ ကတ္တရာခင်းဆောင်ရွက်လျက်ရှိသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာန တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦး တာဝန်ယူဆောင်ရွက်နေသော ကျောင်းကြီးလမ်းကတ္တရာခင်း လုပ်ငန်းဆောင်ရွက်နေသည်ကို ဧပြီ ၂၁ ရက်က တွေ့မြင်ခဲ့ရသည်။

ယခုအခါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နှစ်အလိုက်မြို့တွင်းလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိ ရာ မြေသားလမ်းမှ ကျောက်စရစ်လမ်းအဖြစ်လည်းကောင်း၊ ကျောက်စရစ်လမ်းမှ ကျောက်ချောလမ်းအဖြစ်လည်းကောင်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ မိန်းလမ်းမကြီးများကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသဖြင့် မြို့သူမြို့သားများ သွားလာရေးအဆင်ပြေသလို မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်။

ဖေထွဏ်းဇော်(ရေစကြို)

တောင်ငူ၌ ဆင့်ပွားဓမ္မစကူး(လ်)ဆရာဖြစ်သင်တန်း ဖွင့်ပွဲကျင်းပ

တောင်ငူ၊ ဧပြီ ၂၇

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ ရွှေဆံတော် မရမ်းကျောင်းတိုက်ရှိ စာရိတ္တဓမ္မကျောင်းတွင် ရန်ကုန်မြို့၊ ဓမ္မစကူး(လ်)ဖောင်ဒေးရှင်း၏ ဆင့်ပွားဓမ္မစကူး(လ်)ဆရာဖြစ်သင်တန်း ဖွင့်ပွဲကို ဧပြီ ၂၃ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဓမ္မစကူး(လ်)ဖောင်ဒေးရှင်းမှ သင်တန်းမှူး ဒေါ်သင်းပြည့်ဝေနှင့် တောင်ငူမြို့ စာရိတ္တဓမ္မကျောင်းမှ သင်တန်းမှူး ဆရာမကြီး ဒေါ်မြမြကြည်တို့မှ နှုတ်ခွန်းဆက်နှင့် ဂုဏ်ယူဝမ်းမြောက်စကားများကို ပြောကြားကြသည်။

ရန်ကုန်မြို့ ဓမ္မစကူး(လ်)ဖောင်ဒေးရှင်းမှ ဆင့်ပွားဓမ္မစကူး(လ်) ဆရာဖြစ်သင်တန်းကို ဧပြီ ၂၃ ရက်မှ ဧပြီ ၂၈ ရက်ထိ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး ဆရာ၊ ဆရာမ ၆၀နှင့် လေ့လာသူ ၆၀တို့တက်ရောက်ကြကာ တောင်ငူဒေသတွင်း အပတ်စဉ် သင်ကြားပေးမည့် ဓမ္မစကူး(လ်)ကျောင်းပေါင်း ၂၀ ကျော် ထပ်မံဖွင့်လှစ်နိုင်ရန် သင်ကြားပို့ချခြင်း ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ တောင်ငူမြို့၊ စာရိတ္တဓမ္မကျောင်း အကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ သင်တန်း ဆရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသူသင်တန်းသားများ တက်ရောက်ကြပြီး အခမ်းအနားမှူးများဖြစ် ဒေါ်သီသီဌေးနှင့် ဒေါ်နုနုမော်တို့က ဆောင်ရွက်ကြသည်။ **ဦးကျော်လှ(တောင်ငူ)**

(Open Tender)

THE LINS Travels & Tours
(Hotel Max)
Hot line(24hr)-09-250358089,09-73006060

ပို့ဆောင်ရေးဝန်ကြီးဌာန

ကချင်ပြည်နယ်မှ ကလေးသူငယ်များအတွက် ကာကွယ်စောင့်ရှောက်ရေး၊ ငြိမ်းချမ်းစွာနေထိုင်နိုင်ခွင့်ရှိရေး လိုအပ်ဟု ယူနီဆက်ထုတ်ပြန်

ရန်ကုန်၊ ဧပြီ ၂၇

ကချင်ပြည်နယ်တောင်ပိုင်း မံဝိန်းကြီး ဒေသအတွင်း မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ အကြား မကြာမီက အပြန်အလှန် တိုက်ခိုက်မှုများကြောင့် ပြည်သူများနှင့် ကလေးသူငယ် ၁၀၀၀ နီးပါးယာယီရွှေ့ပြောင်းနေထိုင်သည့် နေရာများမှ ထပ်မံပြောင်းရွှေ့ခဲ့ရကြောင်းယူနီဆက်၏ထုတ်ပြန်ကြေညာချက်အရ သိရသည်။

"တိုက်ပွဲဖြစ်ပွားမှုနဲ့ နောက်ဆက်တွဲ ဖြစ်ပေါ်လာတဲ့ မိသားစုဝင်တွေ ရွှေ့ပြောင်း နေထိုင်မှုကြောင့် စိတ်ချရတဲ့ ရေကောင်းရေသန့်နဲ့ အိမ်သာရရှိမှု လျော့ကျသွားတဲ့အတွက် ကလေးတွေအပေါ် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ် ကျရောက်မှုတွေ မြင့်တက်နေပါတယ်" ဟု ယူနီဆက် မြန်မာ၏ ဌာနေကိုယ်စားလှယ်ဖြစ်သူ မစ္စတာဘက်ထရန် ဗိန်းဘဲ(လ်) က ပြောသည်။

ထို့ပြင် ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းသည် မြန်မာနိုင်ငံ၌ မြေမြှုပ်မိုင်းထောင်မှု အများဆုံးဒေသများဖြစ်ကြပြီး ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများအတွက် မြေမြှုပ်မိုင်းများ အသုံးပြုလျက်ရှိသည်။

ထောင်ထားသောမြေမြှုပ်မိုင်းများသည် ကလေးသူငယ်များအပါအဝင် ဘေးအန္တရာယ်ကျရောက်နေသော ဒေသခံပြည်သူများ အတွက်ပါ အန္တရာယ်ကျ ရောက်စေနိုင်သည်။

ထို့အပြင် လူသားချင်းစာနာထောက်ထားရေးအကူအညီများ ဖြန့်ဝေရာတွင်လည်း အဟန့်အတားဖြစ်စေပြီး ယခုဖြစ်ပွားသည့် တိုက်ပွဲများကြောင့် မြေမြှုပ်မိုင်းများ ထပ်မံပေါ်ပေါက်လာမည်ဖြစ်သဖြင့် ကလေးသူငယ်များအပေါ် အန္တရာယ်ကျရောက်နိုင်ကြောင်း ယူနီဆက်ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

"ဝမ်းနည်းစရာ ကောင်းတဲ့အချက်ကတော့ တိုက်ပွဲတွေရပ်ဆိုင်းသွားသည့်တိုင် ကလေးသူငယ်တွေရင်ဆိုင်နေရတဲ့ ကြီးမားတဲ့ ဘေးအန္တရာယ်တွေက ကွယ်ပျောက်သွားမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေဟာ အသုံးပြုလိုက်တဲ့ မြေမြှုပ်မိုင်းတွေရဲ့ ကြီးမားတဲ့ အန္တရာယ်ကို ရင်ဆိုင်နေရတာကြောင့်ရောလက်နက်ကိုင်တပ်ဖွဲ့တွေမှာ တပ်သားအဖြစ်အသုံးပြုဖို့ ခေါ်ယူစုဆောင်းခံရတာတွေကြောင့်ဖြစ်ပါတယ်" ဟု မစ္စတာဘက်ထရန် ဗိန်းဘဲ(လ်)က ပြောသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားရေး လုပ်ငန်းများဆောင်ရွက်နေသော ပူးတွဲ မဟာဗျူဟာအဖွဲ့အတွင်း ပါဝင်ပူးပေါင်းဆောင်ရွက်နေသူများအပါအဝင် ရှေ့တန်းရောက်ပြည်တွင်း အစိုးရ မဟုတ်သောအဖွဲ့အစည်းများအား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)က ကချင်ပြည်နယ်တောင်ပိုင်းတွင် တိုက်ခိုက်မှုဒဏ်ကြုံတွေ့နေရသည့် ကလေးသူငယ်များ၏ အဓိကလိုအပ်ချက်ကို ပြန်လည် အကဲဖြတ်ရန်အတွက် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့်အတူ အကူအညီ အထောက်အပံ့များ ပေးအပ်လျက်ရှိသည်။

"မြန်မာနိုင်ငံမှာရှိတဲ့ ကလေးသူငယ်တွေရဲ့ အကျိုးစီးပွားအတွက် နှစ်ဖက်စလုံးက (မြန်မာ့တပ်မတော်နှင့် KIA) တိုက်ခိုက်မှုတွေ ရပ်ဆိုင်းဖို့၊ ကလေးသူငယ်တွေကို မိုင်းအန္တရာယ် ကျရောက်မှုမှ ကာကွယ်ဖို့၊ တိုက်ပွဲအတွက် ကလေးသူငယ်တွေကို စစ်သားအဖြစ် ခေါ်ယူစုဆောင်းမှုမှ တားဆီးဖို့နဲ့ ငြိမ်းချမ်းရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်ဖို့ စတာတွေကို ချက်ချင်းအမြန်ဆုံးအကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ လတ်တလောဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးရလဒ်ကြောင့် တကယ်လို့သာ ကချင်မှာရှိတဲ့ ကလေးသူငယ်တွေဟာ မြန်မာနိုင်ငံက ကလေးသူငယ်တွေလို တူညီတဲ့မျှော်လင့်ချက်တွေ ပိုမိုကောင်းမွန်တဲ့ အလားအလာကောင်းတွေ ရဖို့ဆိုရင်တော့ ဒါတွေဟာ တကယ့်ကို မရှိမဖြစ် လုံးဝလိုအပ်ပါတယ်" ဟု မစ္စတာဘက်ထရန် ဗိန်းဘဲ(လ်) က ဆက်လက်ပြောကြားခဲ့သည်။

ယူနီဆက်(မြန်မာ) သည်မြန်မာနိုင်ငံရှိ ပြည်သူများအား လွန်ခဲ့သော၁၉၅၀ပြည့်နှစ်ကတည်းကစတင် ၍အကူအညီပေးရေး လုပ်ငန်းများဆောင် ရွက်ခဲ့ပြီး အရပ်ဘက် အဖွဲ့အစည်းများ၊ နိုင်ငံတော် အစိုးရနှင့် ပူးပေါင်းပြီးကလေး သူငယ်သေဆုံးမှု လျော့ကျရေး၊ အရည်အသွေး မီပညာသင်ကြား ခွင့်ရရှိရေး၊ ကလေးသူငယ်များအား အကြမ်းဖက်မှု၊ မတော်မတရားပြုမှု၊ အမြတ်ထုတ်မှုမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အဓိကဦးစားပေးအကောင် အထည်ဖော် ဆောင်ရွက်နေသောအဖွဲ့အစည်း တစ်ရပ်ဖြစ်သည်။

နေဇာ(ပိတောက်ရိပ်)

မကွေးမြသလွန်ဘုရားကြီးဈေးတန်းမှ နိဗ္ဗာန်ကုန်

မကွေး၊ ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ မြသလွန်ဘုရားကြီး ဈေးဆိုင်တန်းတွင် နိဗ္ဗာန်ကုန်ရောင်းချသူဦးချစ်ဆွေ-ဒေါ်ရီရီမာ အောင်သိဒ္ဓိနိဗ္ဗာန်ကုန်ဆိုင်ရှိကြောင်း သိရသည်။

အဆိုပါဈေးဆိုင်တန်းမှ ရရှိနိုင်သည့်ပစ္စည်းများမှာ ကြေးစည်၊ ကြေးဖလား၊ ကြေးပုတီး၊ ကြေးမောင်း၊ ကြေးခေါင်းလောင်း၊ ကြေးအောင်အိုး၊ စတီးအောင်အိုး၊ သံကြေးရောပန်းအိုး၊ ကြေးပန်းအိုး၊ စတီးပန်းအိုး၊ ကြေးမီးပူ၊ ကြေး ဆင်းတု၊ ကြေးရှင်သီဝလိရုပ်တု၊ ကြေးလင်ပန်း၊ ကြေးလင်ကွင်း၊ စတီးသောက်တော်ရေခွက်၊ ကြေးသပိတ်စသည့် ပစ္စည်းများကို မြသလွန်ဘုရားကြီးအပေါ်ထပ်ဈေးတွင် ရောင်းချကြောင်း၊ ဘုရားလမ်းတွင် ကျောက်ဆင်းတုကြီးငယ်၊ ဘုရားထီးတော်အမျိုးမျိုး၊ ငှက်မြက်နားတော်ဆိုင်အမျိုးမျိုး၊ ဘုရားကျောင်းဆောင်အမျိုးမျိုး၊ ကျောက်ပွတ်လုံး၊ ကြေးဆင်းတုအမျိုးမျိုးကို ဝယ်ယူရရှိနိုင်ကြောင်း၊ နိဗ္ဗာန်ကုန်များကို မန္တလေး၊ ရန်ကုန်၊ ပျော်ဘွယ်၊ ပြည် စသည့်နေရာများမှယူရကြောင်း၊ ကြေးဖြင့်ပြုလုပ်သည့် နိဗ္ဗာန်ကုန်များမှာ ဈေးကောင်းရရှိ၍ လူကြိုက်များကြောင်းသိရသည်။

ဦးချစ်ဆွေ-ဒေါ်ရီရီမာတို့က "အခုလို နိဗ္ဗာန်ကုန်ပစ္စည်းရောင်းရတာ ကျွန်တော်တို့လည်း "ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ" ပါတယ်။ ကုသိုလ်ရေး၊ ဘာသာရေးလုပ်တဲ့သူတွေအဝယ်များတယ်၊ ဘုန်းကြီး၊ သီလရှင်၊ ယောဂီသူတော်စင်တွေနဲ့ ဘာသာရေး ကိုင်းရှိုင်းသူတွေကို ရောင်းရတော့ နိဗ္ဗာန်ဆိုတာမှန်တယ်။ နိဗ္ဗာန်အထိ အကျိုးရှိပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း ဘာသာရေးကိုင်းရှိုင်းတယ်။ နိဗ္ဗာန်ကုန်သည်တွေက အများအားဖြင့် ဘာသာရေးကိုင်းရှိုင်းပြီး၊ စိတ်ငြိမ်းချမ်းစွာနေတတ်သူတွေ အများအားဖြင့် နိဗ္ဗာန်ကုန်ရောင်းကြတယ်ဗျာ။ ဝယ်တဲ့သူတွေကလည်း ဘာသာရေးကိုင်းရှိုင်းသူတွေ၊ စိတ်ငြိမ်းချမ်းစွာနေတတ်သူတွေ အများအားဖြင့် လာဝယ်ကြတဲ့အတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိတယ်ဗျာ။ ကျွန်တော်တို့နိဗ္ဗာန်ကုန်ပစ္စည်းတွေကို ဈေးနှုန်း မှန်မှန်၊ သမာအာဇီဝကျကျနဲ့ ရိုးရိုးသားသား ရောင်းတော့ 'နွေ၊ မိုး၊ ဆောင်း' တစ်နှစ်ပတ်လုံး ရောင်းအား၊ ဝယ်အား ကောင်းပါတယ်။ နိုင်ငံခြားသားဧည့်သည်များလည်း မကွေးအမှတ်တရ ကြေးပုတီးလေးတွေ ဝယ်ကြတယ်။ သူတို့ကြေး ပုတီးကို နှစ်သက်ကြတယ်။ မကွေးမြသလွန်ဘုရားဖူးတွေကလည်း အိမ်ပြန်လက်ဆောင် ကြေးသောက်တော်ရေခွက် ကလေးတွေဝယ်ကြတယ်၊ ကြေးစည်လေးတွေဝယ်ကြတယ်"ဟု ပြောသည်။

ခင်သန်းဦး(ဖန်ခါးမြေ)

အဖိုးမဖြတ်နိုင် လက်ရာမြောက်လှသော ရှေးဟောင်းနာရီတင်ခုံ ပန်းပုလက်ရာ

ရမည်းသင်း၊ ဧပြီ ၂၇

အဖိုးမဖြတ်နိုင်သော မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာလက်ရာများကို ဘုရား၊ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် အများဆုံး တွေ့ရှိရပြီး ယင်းအနုပညာလက်ရာပစ္စည်းများသည် မြန်မာလူမျိုးတို့၏ ဇာတိ၊ အစဉ်အလာနှင့် အနုပညာလက်ရာအဆင့်အတန်းကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ပေသည်။

မြင်တွေ့နေကြ လက်ရာမှာကဲ့သို့မဟုတ်ဘဲ ထူးခြားသော ပန်းပုပညာဖြင့် ထုလုပ်ပုံဖော်ထားသော နာရီတင်ခုံပန်းပုလက်ရာကို မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ သရက်ပင်ကျေးရွာ၊ ရွာဦးဘုန်းကြီးကျောင်းတွင် တွေ့ရှိခဲ့ရသည်။

ယင်းနာရီတင်ခုံကို သစ်သားဖြင့်ပြုလုပ်ထားပြီး ကိန္နရီရုပ်မှ နာရီတင်ခုံအား ကလျက်ထမ်းထားသည့်ဟန်ပြုလုပ်ထားသည်တွေ့ရပြီး ကနုတ်၊ ကနွယ်၊ ခြူးနွယ်၊ ပန်းခက်၊ နှစ်ထပ်ပန်း၊ သွဲ့ပျောင်းသော အချိုးအဆစ်တို့ဖြင့် ပြုလုပ်ထားခြင်းကြောင့် လက်ရာမြောက်လှသည်။ယင်းနာရီတင်ခုံ အတိုင်းအတာမှာ နှစ်ပေနီးပါးခန့်ရှိပြီး လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော် ယင်းဘုန်းတော်ကြီးကျောင်းဆောက်လုပ်စဉ်ကာလကပင် ထုလုပ်ထားသော လက်ရာဖြစ်သည်။

လှိုင်သန်းတင့်(ရမည်းသင်း)





ရာသီဥတုပူပြင်း၍ယာဉ်ထိန်းရဲများ နေကာမျက်မှန် တပ်ဆင်ကာ တာဝန်ထမ်းဆောင်ခွင့်ရ

ရန်ကုန်၊ မေ ၂၇

ရာသီဥတုပူပြင်း၍ လမ်းမများ၌ တာဝန်ထမ်းဆောင်လျက်ရှိနေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၏ မျက်လုံး များကို ထိခိုက်လာနိုင်သောကြောင့် ယာဉ်ထိန်းရဲတပ်ဖွဲ့၏ သမိုင်းတစ်လျှောက် ပထမဆုံးအဖြစ် နေရာမျက်မှန်တပ်ဆင်၍ တာဝန်ထမ်းဆောင်ခွင့်ရရှိမည်ဖြစ်ကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ ဒုတိယရဲမှူးကြီးလင်းထွန်းက ပြောသည်။

"ကျွန်တော်တို့ယာဉ်ထိန်းတစ်ယောက်အနေနဲ့က ထီးဆောင်းပြီးလက်ပြလို့လည်းမရ၊ ဦးထုပ်ပဲဆောင်းရတာ။ ဒါတောင် အရင်သံခမောက်ဦးထုပ်မဟုတ်လို့တော်သေးတယ်။ အပေါ်ကလည်းပူ၊ အောက်ကဖိနပ်ကလည်းပူနဲ့ နေပူထဲ မှာ မျက်လုံးကကြာကြာကြည့်နေရတော့ ခရမ်းလွန်ရောင်ခြည်ကလည်း ပြင်းလာတဲ့အတွက် ကာမိအောင်လို့ နေကာမျက်မှန်တပ်ခွင့်ပြုလိုက်တာပါ။ တပ်ဆင်ဖို့ကာလ သတ်မှတ်ချက်တော့ မရှိသေးဘူး"ဟု ၎င်းက ပြောသည်။

အဆိုပါ နေကာမျက်မှန်တပ်ဆင်၍ တာဝန်ထမ်းဆောင်ခြင်းကို မြန်မာနိုင်ငံအနှံ့ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသာ တပ်ဆင်ခွင့်ရှိပြီး အခြားမည်သည့်ရဲတပ်ဖွဲ့ဝင်မှ မပါဝင်ကြောင်းနှင့် ယခုလို နေကာမျက်မှန်တပ်ဆင်၍ တာဝန် ထမ်းဆောင်ရာတွင် အများပြည်သူအမြင်မတင့်တယ်စေသည့် အရောင်နှင့် မျက်မှန်များမဖြစ်ရခြင်း၊ တပ်ဆင်ထားခြင်းမဟုတ်ဘဲ ချိတ်ဆွဲထားခြင်းများ မပြုရခြင်းနှင့် တာဝန်ထမ်းဆောင်ရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် အဓိက ရည်ရွယ်ထားရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အား ၈၀၀ ကျော်ရှိပြီး မြန်မာ နိုင်ငံတစ်ဝန်းလုံးတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား သုံးထောင်နှင့်လေးထောင်ကြားတည်ရှိကြောင်း သိရသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့ကို ၁၉၁၅ ခုနှစ်ခန့်မှစ၍ နာမည်အမျိုးအစားပြောင်းလဲမှုများနှင့် ယခုအချိန်ထိ တာဝန်ထမ်းဆောင် နေခြင်းဖြစ်ပြီး တပ်ဖွဲ့သမိုင်းတစ်လျှောက် နေကာမျက်မှန်တပ်ဆင်ရန် ခွင့်ပြုမှုမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း အဆိုပါ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲတစ်ဦးက ပြောပြသည်။ **တင်မောင်ဦး**

မော်တော်ယာဉ်များဘေးကင်းလုံခြုံမှုရှိရန်အတွက် CNG Type-1 သံသားဆလင်ဒါအိုးပေါင်း သုံးသောင်းကျော်အား စစ်ဆေးစမ်းသပ်မှုပြုနိုင်ခဲ့

ရန်ကုန်၊ မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ CNG အသုံးပြုနေသော မော်တော်ယာဉ်များအား ဘေးအန္တရာယ်ကင်းဝေး၍ လုံခြုံမှုရှိစေရေးအတွက် CNG Type-1 အမျိုးအစား သံသားဆလင်ဒါအိုးများအား ပြီးခဲ့သည့် နှစ် မေလ ၂၅ ရက်မှ တစ်နေ့လျှင် အလုံး ၁၀၀ ကျော်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ဌာနတွင် Hydrotest စမ်းသပ်စက်ရုံ တည်ဆောက်ကာ ကိုရီးယားနိုင်ငံထုတ်ခေတ်မီ ဖိအားခံနိုင်ရည် စမ်းသပ်စက်များဖြင့် စစ်ဆေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင်ဆလင်ဒါအိုး၃၁၈၃၆ လုံးရှိကြောင်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာန၊ အထွေထွေမန်နေဂျာရုံး(သာကေတ)မှ သိရသည်။

ဆလင်ဒါအိုး (CNG) စမ်းသပ်စက်ရုံမှ စစ်ဆေးစမ်းသပ်ခဲ့သော CNG Tpye-1 အမျိုးအစား သံသား ဆလင်ဒါ သဘာဝဓာတ်ငွေ့အိုး (အသုံးပြုသော ဖိအား ၃၀၀၀ Psi) ၃၁၈၃၆ လုံးအား(စမ်းသပ်ဖိအား ၄၅၀၀ Psi) ရှိသော PressureTest ဖြင့် စမ်းသပ်ခဲ့ရာ သဘာဝဓာတ်ငွေ့အိုး ၃၀၇၂၇ လုံး စမ်းသပ်အောင်မြင်ခဲ့ပြီး ၁၁၀၉လုံးမှာ စမ်းသပ်မှုမအောင်မြင်သဖြင့်ပယ်အိုး(Rejected) ပြုလုပ်ခဲ့သည်။

ယင်း ပယ်အိုး(Rejected)များအား ဆက်လက်အသုံးပြုခွင့် မပေးဘဲ တြိဂံပုံစံ အပေါက်ဖောက်ဖျက်ဆီးစေလျက် ပိုင်ရှင်ထံပြန်ပေးကာ ပထမအကြိမ် စမ်းသပ်၍အောင်မြင်သော အိုးများကိုသာ ဆက်လက်အသုံးပြုစေပြီး ဒုတိယအကြိမ်အားနောက်သုံးနှစ်နှင့် နောက်ပိုင်းနှစ်နှစ် တစ်ကြိမ် စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ CNG မော်တော်ယာဉ်တွေ လုံခြုံစိတ်ချစွာနဲ့ ဘေးအန္တရာယ်ကင်းကင်းနဲ့သုံးနိုင်အောင်လို့ ရည်ရွယ်ပြီး စစ်ဆေးတာပါ။အိုးတွေက ၃၀၀၀Psi ဓာတ်ငွေ့ထည့်အသုံးပြုပေမယ့် သူ့ထက်တစ်ဆခွဲပိုတဲ့ Pressure ၄၅၀၀ Psi နဲ့စမ်းသပ်ရတာက ကြံ့ခိုင်မှုကို ပိုသိရအောင်လို့ပါ။ အက်ရာတွေ၊တိုက်မိရာတွေ၊ သံချေးတက်နေတာတွေကိုတွေ့ရလို့ မျက်စိနဲ့စစ်တာနဲ့ ကျတာများပါတယ်"ဟု မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မော်တော်ယာဉ်များတွင် အသုံးပြုနေသော CNG ဘာဝဓာတ်ငွေ့အိုးအမျိုးအစား လေးမျိုးမှာသံသား သီးသန့်ဖြင့် တည်ဆောက်ထားသော Steel Cylinder သံသားဆလင်ဒါအိုး(Type-1 Cylinder)၊ သံသားဖြင့် တည်ဆောက်၍ အလယ်မျက်နှာပြင်တွင် ဖိုက်ဘာ ပတ်ထားသော ဆလင်ဒါအိုး (Type-2 Clinder)၊ သတ္တုစပ်လိုင်နာဖြင့် တည်ဆောက်ပြီး အိုးမျက်နှာပြင်တွင် ဖိုက်ဘာအုပ်ထားသော ဆလင်ဒါအိုး(Type-3 Cylinder)၊ သံသားလုံးဝမပါဘဲ ပလတ်စတစ်လိုင်နာဖြင့် အထူးတည်ဆောက်ထားသော ဆလင်ဒါအိုး(Type-4 Cylinder) အမျိုးအစားတို့ဖြစ်ပြီး မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုမှု အများဆုံး CNG သဘာဝဓာတ်ငွေ့အိုးမှာ သံသားဆလင်ဒါအိုး(Steel Cylinder Type-1) ကိုးသောင်းကျော်နှင့် အလယ်တွင် ဖိုက်ဘာပတ်ထားသော (Type-2 Cylinder) တစ်သောင်းကျော်ခန့် အသုံးပြုကြောင်း သိရသည်။

သံသားဆလင်ဒါအိုး(Steel Cylinder Type-1)မှာကုန်တင်ယာဉ်၊ဌာနဆိုင်ရာယာဉ်များမှာ အများစု တပ်ဆင် အသုံးပြုသည်ကိုတွေ့ရပြီး (Type-2 Cylinderတစ်သောင်းကျော်ခန့် လူစီးအငှားယာဉ်(တက္ကစီ)များတွင်အသုံးပြုနေ ကြောင်းသိရ သည်။

သက်တမ်းငါးနှစ် ပြည့်ပြီးသော CNG Type-1 သံသားဆလင်ဒါ အိုးများအား ဘေးကင်း လုံခြုံမှုရှိရန်အတွက် Hydrotest ဖြင့် ပထမအကြိမ် စမ်းသပ်စစ်ဆေးရာတွင် ဆလင်ဒါအိုးအားပွန်းပဲ့၊ ထိခိုက် ဒဏ်ရာ ရှိ/ မရှိ စစ်ဆေးခြင်းနှင့် CNG ဆလင်ဒါအိုးတွင်ပါရမည့် သတ်မှတ်စံချိန်စံညွှန်းများ တံဆိပ်ရိုက်နှိပ်ထားမှု ရှိ/ မရှိ မျက်မြင်စစ်ဆေးခြင်း(Visual Inspection)၊ ဆလင်ဒါအိုး၏အတွင်းပိုင်းသံချေးစားမှု ရှိ/မရှိ စစ်ဆေးခြင်း(Internal Inspection)၊ ဆလင်ဒါအိုး၏ သံသားမာကြောမှု စစ်ဆေးခြင်း(Hardness Test)၊ ဆလင်ဒါအိုး၏ သံသားအထူအတိုင်းတာ စစ်ဆေးခြင်း(Thickness Test)၊ ဆလင်ဒါအိုး၏ အလေးချိန်အားတိုင်းတာ စစ်ဆေးခြင်း (Balance Weight) စစ်ဆေးခြင်းတို့အား ဦးစွာပြုလုပ်၍ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိသော ဆလင်ဒါအိုးများသာ Hydrotest စစ်ဆေးခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှု အခြေအနေဖြစ်ပွားပြီးပါက ယာဉ်ပေါ်ရှိ. . .

CNG ဆလင်ဒါ အိုးများသည် ဖိအားမြင့် (High Pressure) အသုံးပြုသောအိုးများဖြစ်သဖြင့် ထိုအိုးများ မီးလောင်ခံရခြင်း၊ ယာဉ်မတော်တဆမှုကြောင့် အရှိန်ပြင်းစွာဆောင့်မိခြင်း၊ သံထည်ပစ္စည်းများဖြင့် ဆောင့်မိခြင်းတို့ကြောင့် ပေါက်ကွဲစေနိုင်သောကြောင့် CNG သုံး မော်တော်ယာဉ်များအနေဖြင့် မီးလောင်မှုဖြစ်ပွားခြင်း၊ မတော်တဆယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု အခြေအနေဖြစ်ပွားပြီးပါက ယာဉ်ပေါ်ရှိ ဆလင်ဒါအိုးများအားဆက်လက်အသုံးမပြုသင့်တော့ဘဲ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနတွင် လာရောက်အစစ်ဆေးခံသင့်ကြောင်း သိရသည်။

"ရန်ကုန်မြို့မှာ တစ်လကို မော်တော်ယာဉ် တစ်သောင်းကျော်လောက်တိုးလာပေမယ့် အခုနောက်ပိုင်းယာဉ် အသစ်တွေကို CNG အိုးထုတ်မပေးတော့ပါဘူး။ ယာဉ်အိုယာဉ်ဟောင်း အပ်နှံတဲ့နေရာမှာ CNG တပ်ဆင်ထားတဲ့ ယာဉ်တွေကိုပဲ အဓိက ယာဉ်အမည်ပေါက်ဖြစ်မှ အစားပြန်ပေးပေမယ့် အပ်နှံထားတဲ့ ယာဉ်မှာပါတဲ့ သတ်မှတ်လီတာထက် မကျော်ရပါဘူး" ဟု အဆိုပါတာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိ မြန်မာနိုင်ငံတွင် အသုံးပြုလျက်ရှိသော CNGမော်တော်ယာဉ် ၂၇၇၅၅ စီးရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီးတွင် CNG သုံး မော်တော်ယာဉ်အစီးရေ ၂၆၈၃၅ စီးရှိပြီး CNGအရောင်းဆိုင်ပေါင်း ၄၀ နှင့် မန္တလေးတိုင်းဒေသကြီးတွင် နှစ်ဆိုင်၊ မကွေးတိုင်းဒေသကြီးတွင် သုံးဆိုင်ဖြင့် နေ့စဉ်ဓာတ်ငွေ့ကုဗသန်း ၁၈ သန်းမှ ၂၀ သန်းကြား၂၄ နာရီပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **စိုးအောင်ဖေ**

Open Tender

Computer Training
Basic Computer | I-Office | Excel Special
Graphic | DTP
Adobe Photoshop Design Course

INVITATION TO TENDER

ဆောင်းပါး

မြန်မာ့ရိုးရာညောင်ရေသွန်းပွဲတော်

ယခင်နေ့မှအဆက် –

စာဆိုတော် ဦးကြော့၏ ကဆုန်လ တေးထပ်တွင် "ဝိသာခါ ထွန်းပပနှင့် လွမ်းစရာပြီသ၊ ထွန်းသကာလရိပ်ကြာမှာ၊ မိတ်လျာတွေစုံဘဲ။ ဘိုးရွှေလတ ငေါ့တာ၊ သာတသာ ပိန်းပိတ်လို့မဲ။ ရှောက်ရွာမိုး မဟိဒ္ဒိန်ငယ်၊ ဝိဇ္ဇ ပိန်လျှပ်ကြဲ၊ ဖိတ်ဖိတ်ရှိန်ထပ်ကဲလို့၊ ရပ်မစဲ ပဇ္ဇုန်မန်းသေလာအောင်မြေကြော့မှာလ၊ ညောင်ရေတော်ပွဲရတုကြို။ ရွှေစကားခရာထုံသည်၊ စလျားလှုံလှယ်သစ်မယ့်၊ နှစ်ဆယ့်ရှစ် ညာနာရီခေါ်၊ ငြိမ့်စည်တော်။ ကဆုန်လခါ မှီခေါ်သည်၊ ရာသီတော်သာဆုံးမို့လေး"ဟူ၍ ဖွဲ့ဆိုခဲ့ပေသည်။

ကဆုန်လပြည့်နေ့သည် အမှတ်တရနေ့ထူးနေ့မြတ်ဖြစ်ကြောင်း စာဆိုတစ်ဦးက ရေးဖွဲ့ခဲ့ပုံမှာ "ဖွားတော်မလက်၊ လောင်းမြတ်ဗုဒ္ဓေ၊ သစ္စာခိုင်ပန်း၊ ကြိုင်လန်းဖြာဝေ၊ ခန္ဓာချုပ်ငြိမ်း၊ ဇာတ်သိမ်းခဲ့ပေ၊ ကဆုန်လပုဏ္ဏဒိဝေသ" ဟူ၍ဖြစ်သည်။

မန်လည်ဆရာတော်ကြီးက ကဆုန်လ၏ အပူလွန်ကဲခြင်းကို သတိပြုဟန်ဖြင့် ရာသီသဘာဝတွင် ငေးမောနေသူတို့အား "အတာကူးသား၊ တန်ခူး ကဆုန်ပူတုန်တက်ကြွ၊ ဝသန္တနှင့် တဝထိုမြို့၊ တပို့တပေါင်းကြက်ဆောင်းမာသ၊ သိသိရ၌၊ လုံ့လကြိုးကုတ်၊ အားထုတ်ပြင်းစွာ မပြုရာတည့်" စသည်ဖြင့် သတိပေးတော်မူခဲ့လေသည်။

အရှင်ကုမာရကဿပမှာမူ ကဆုန်လကို သူ၏ ဓမ္မရာသီပျို့၌ ဖွဲ့ဆိုထားပုံမှာ "အနေသက္ကရာဇ် ခြောက်ဆယ့်ရှစ်လျှင်၊ တက်သစ်အစ၊ ကဆုန်လ၌၊ ပြည့်ထသောကြာချိန်ခါသင့်ပြီး၊ မွန်းတည့်နီးဝယ်၊ ညီးညီးမြတေအသရေတိ၊ လျှံဝေညွန့်လူဖွားတော်မူ၏" ဟူ၍ ဖွဲ့ဆိုပါသည်။

ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းသည့် ညောင်ရေသွန်းပွဲတော်ကျင်းပပုံကို တနင်္ဂနွေမင်းလက်ထက်တွင် ထင်ရှားသော ဆီသည် ရွာစားစာဆိုတော်ဦးအောင်ကြီးက သူ၏ ကဆုန်လဘွဲ့လူးတားတွင် ဤသို့ဖွဲ့ဆိုသီကုံးခဲ့၏။ "သာစွလေ၊ ခါနွေသဘင်၊ နှစ်သက်ဝင်၍၊ ကောင်းကင်သော်တာ၊ ဝိသာခါနှင့်၊ ပြည့်လာအညီ၊ ရာသီပြီသ၊ အလှကြိုင်မြူး၊ ကွန်ဖူးစကား၊ လှိုင်ပျံ့ရှားသည်၊ မိုးသားကျူးစ၊ ကဆုန်လဝယ်၊ လောကထွတ်ထား၊ ဘုရားသခင် ရွှေပလ္လင်ဝယ်၊ ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်၌၊ ပေါက်ရောက်သည်ကို၊ အကြောင်းယူ၍ မဥ္ဇူလှရာ၊ ပန်းတကာကို၊ မြူတာတကောင်း၊ မသင်းတောင်းဝယ်၊ သွန်းလောင်းရေဖြည့်၊ ဖြိုးမျှထည့်လျက် ပတ်လှဲညာကြေ ရှင်တော်မွေကို၊ ရိုသေသဘင်၊ ပွဲကြီးယဉ်၍၊ ကြည်လင်သဒ္ဓါ၊ ငြိမ်းကြောင်းရှာသည်၊ အခါညောင်ရေသွန်းတည့်လေး" "ပွင့် လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး" ဟူ၍ဖြစ်သည်။ မြန်မာ့ဝေါဟာရနယ်ပယ်တွင် "ညောင်ရေအိုးသောက်၍ သစ္စာဆိုသည်" "ညောင်ရေအိုးပန်း၊ ညောင်ရေအိုးစင်" စသည်တို့ဖြစ်ပေါ်လာခြင်းမှာ ဤကဆုန်ညောင်ရေသွန်းပွဲတွင် အစပြုသည်ဟု ယူဆသင့်ပေသည်။ တစ်စုံတစ်ရာအမှုကိစ္စပေါ်ပေါက်၍ အောင်ရာအောင်ကြောင်း ဆုတောင်းမည်မည်ဟုရှိသောအခါတွင်- "ဘယ်ဘုရားမှာတဲ့ ဆွမ်းတော်တင် ဘယ်ပလ္လင်မှာညောင်ရေလောင်းလို့ ဆုတောင်းရပါမယ်"ဆိုသည့် ညောင်ရေမှာလည်း ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းသော ညောင်ရေသွန်းမှ ပေါက်ဖွားခြင်းဖြစ်ဟန်တူသည်။

ရှေးအခါက ဘုရင့်တပ်မတော်ကြီး စစ်ထွက်သွားသောအခါ နန်းတွင်သူလှပျိုဖြူများက "အောင်ပါစေသပြေပန်းနဲ့ ရေချမ်းကိုလောင်း၊ သွန်းလောင်းညောင်ရေ အောင်ပါစေ"ဟု စသည်ဖြင့် ဆုတောင်းလေ့ရှိသည်။ စာဆိုတစ်ဦးကမူ- "သပြေပန်းနဲ့ ညွန့်လောင်းညောင်ရေ အောင်မြင်စေဟု၊ အောင်စေရတု၊ အောင်ကြောင်းရှု၍၊ ရှုံးစုမပျက်၊ ငြိမ့်ငြိမ့်ထွက်သည်၊ အုတ်ကျက်သဘင် တပွဲတည်း" ဟူ၍ စပ်ဆိုခဲ့၏။ လက်ဝဲသုန္ဒရအမတ်ကြီး၏ လမြတ်ကဆုန်ရတုပိုဒ်စုံမှာလည်း "ပွဲခါ ညောင်ရေ သွန်းမြဲပေတည့်၊ ရိုသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်"ဟု ဆိုခဲ့စပ်ခဲ့သည်။ စာဆိုကြီးသည် မင်းပြစ်မင်းဒဏ်ခံနေရသော်လည်း မြန်မာတို့၏ ရာသီပွဲတော်ဖြစ်သည့် ညောင်ရေသွန်းပွဲကိုတော့ မမေ့ပါချေ။

စာဆိုတော် ဦးပုံးချိုကလည်း ကဆုန်လဘွဲ့တွင် "ကဆုန်ဟူသည် မာသမှာ၊ ပြင်းပြပူရှိန်၊ နေနန်းရယ်တဲ့ ဖန်သူရိန်၊ တည်ခိုးဥဏှကူနဲ့၊ ကဆုန်ဟူသည် မာသမှာ၊ ပြင်းပြပူရှိန်၊ ဝိသာခါယှဉ်ပြိုင်ဝန်းပါလို့၊ ထွန်းလှတဲ့ငွေတာရိန်ငယ်၊ ဒွတ္တိသနေ့စွဲ၊ ပန်းစကားဝါ၊ နန်းဘမရာကေသီဆင်လို့၊ ရွှေပြည်ခွင်ဗိုလ်ပါ ပေါင်းရွှေ့ဆုံးမှ စည်တော်ရွှမ်းလာပါသည်။ "ရွှေဘုန်းတော် တိုးပါလို့. . . ရွှေမိုးတွေရွာ. . . သလေ့"ဟု အော်ဟစ်သီဆိုရင်း စည်တော်ကြီးကို ရွှမ်းပါသည်။ ပြီးမှ မှူးမတ်၊ ဗိုလ်ပါ မင်းညီမင်းသားများ၊ စစ်မှူးစစ်ကဲများ၊ လေးသည်တော်များ၊ ပုဏ္ဏားတော်များ၊ အိမ်ရှေ့စံမင်းသား၊ စော်ဘွားများ၊ သေနပ်ဝန်၊ ဒိုင်းဝန်၊ စာချွန်တော် စသည်များ တညီတညာတည်း စီတန်းလှည့်လည်ကြပါသည်။ ထို့နောက်မှ ဘုရင်နှင့် မိဖုရားကို အပျိုတော်များခြံရံလျက် သဘာဝကျကျ ဖြေးညှင်းစွာ လျှောက်လာကြပါသည်။ နန်းတွင်းသူ နန်းတွင်းသားများနောက်မှ ဗုဒ္ဓသာသနာဆိုင်ရာ ဘုရားဂေါပကအဖွဲ့၏ ကွပ်ကဲမှုဖြင့် ဘုရားကို ဝေါပေါ်တင်၍ ထမ်းဆောင်လိုက်ပါကြပါသည်။

မြန်မာ့ယဉ်ကျေးမှုပေါ်လွင်စေ၍ မြင်ရသူနှလုံးအိမ်တွင် ကြည်မွေ့ပြီး ရာဇဂုဏ်၊ အမျိုးဂုဏ်တက်စေပါသည်။ နောင်လာနောင်သားမျိုးဆက်သစ်တွေအတွက် သိမြင်ကြည်ညိုစေပါသည်။ ဘုရားပင့်ဆောင်လာစဉ် တစ်မြို့လုံးရယ်တို့၊ ငြိမ့်ညောင်းအောင် ထာဝစဉ်ဖြင့်၊ ခါသဘင်ညောင်ရေသွန်းကြတယ်၊ လွမ်းစရာပွဲ" ဟူ၍ လှလှပပစပ်ဆိုခဲ့သည်။ ကဆုန်လတွင် ကျွန်မတို့မြို့တွင် ညောင်ရေသွန်းပွဲနှင့်အတူ ဘုရားပင့်ကြပါသည်။ ရွှေဘိုမြို့တောင်ပိုင်းရှိ ရွှေတန်ဆာမြတ်စွာဘုရားအား မြောက်ပိုင်းရှိ မဟာနန္ဒာကန်တော်နှင့် မြို့ထောင့်စေတီဘုရားကြီးထိပင့်ဆောင်၍ ကဆုန်လပြည့်နေ့မှပြန်၍ပင့်ဆောင်ကြပါသည်။ ၎င်းကို ကျွန်မတို့မြို့က "ရွှေတန်ဆာအညာဆန်သည်"ဟု ခေါ်ပါသည်။ ၎င်းဘုရားပင့်လျှင် မည်မျှပင်မိုး ခေါင်ခေါင် ဘုရားပင့်ဆဲမှာပင် မိုးသည်ရွာလေ့ရှိပါသည်။ တစ်ခါပင့်ရုံနှင့် မရွာလျှင် နှစ်ခါပင့်လေ့ရှိပါသည်။ ဘုရားကိုယ်တော်မှာလည်း စံပယ်ပန်း၊ ဇွန်ပန်းများဖြင့် မြုပ်နေအောင် ကပ်လှူထားကြပါသည်။ ကဆုန်လဆန်း ၁၃-ရက်မှစပင့်ပြီးလျှင် ၁၅-ရက်၊ ကဆုန်လပြည့်နေ့တွင် မူလကျောင်းတော်သို့ ပြန်ပင့်လာပါသည်။ ဘုရားပင့်ဆောင်ရာ လမ်းတစ်လျှောက်တွင် ဝန်းခင်း၍ ရှေးဟောင်းရာဇဝင်ကို သရုပ်ဖော်ပြီး မင်းခမ်းမင်းနားအသွင်ဖြင့် ပင့်ဆောင်လာပါသည်။ အလှူလှည့်သကဲ့သို့ဖြစ်သည်။ ရှိ မြို့သူမြို့သားများ ထွက်ကြည့်ကြပါသည်။ ကျွန်မတို့လူငယ်များသည် ကဆုန်ညောင်ရေသွန်းပွဲရောက်တိုင်း ဘုရားပင့်မည်ဖြစ်၍ အလွန်ပျော်ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ငါမင်းသမီးလား၊ အပျိုရံလား၊ မိဖုရားလားဆိုပြီး ဝတ်ကောင်းစားလှများနှင့် လျှောက်လာရသည်ကို ကျေနပ်မိပါသည်။ ဤပွဲသည် ဘာသာရေးပွဲဖြစ်ပေမယ့် လူငယ်အများကို လမ်းမှန်ရောက်အောင် ဆွဲဆောင်နိုင်ပေသည်။ ကဆုန်လပြည့်နေ့ ဘုရားပြန်ပင့်လာသည့်အခါတွင်လည်း အိုးစည်၊ ဒိုးပတ်ဝိုင်းတို့ဖြင့် ပျော်ရွှင်စွာ ဓမ္မတေးများကို သီဆိုဝင်းခင်းလာကြပါသည်။ ဘုရားပရိဝုဏ်အတွင်းရောက်သောအခါ ဘုရားကို ရေသပ္ပာယ်ပြီး ပန်းများကပ်လှူခြင်း၊ ဆီမီးများထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ကြပါသည်။ ထို့နောက် ဗောဓိညောင်ပင်ကို ရေစင်များသွန်းလောင်းကာ တစ်နှစ်တာ၏ ညောင်ရေသွန်းလောင်းသည့်ပွဲတော်ကို ပျော်ရွှင်စွာကျင်းပကြပါသည်။ ကျွန်မသည် ရွှေဘိုမှထွက်ခွာခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်သော်လည်း ညောင်ရေသွန်းလောင်းကြသည့်ပွဲတော်သည် မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှုဖြစ်၍ ကျွန်မတစ်သက်ဘယ်တော့မှ မမေ့နိုင်ပါ။ ဤယဉ်ကျေးမှုကို ဖော်ထုတ်ရာမှာ ကျွန်မတို့၏တာဝန်ပင် မဟုတ်ပါလား။

> "ဘယ်ဘုရားမှာတဲ့ဆွမ်းတော်တင် ဘယ်ပလင်မှာတဲ့ညောင်ရေလောင်းလို့ ဆုတောင်းပါမယ်" ဆိုသည့် ညောင်ရေမှာလည်း. . .

မြန်မာပြည်တွင် ထင်ရှားသော ဗောဓိပင်များ-

၁။ သက္ကရာဇ် ၃၃၈-ခုနှစ်တွင် ရှင်အရဟံစိုက်ပျိုးခဲ့သော မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ပင်းမြို့ရှိ မဟာဗောဓိရွှေညောင်တော် (နှစ်စဉ် တပေါင်းလ၌ ပွဲတော်ဖြစ်သည်။)

၂။ သက္ကရာဇ် ၁၂၀၃-ခုနှစ်တွင် သာယာဝတီမင်းလက်ထက် ရှာဖွေတွေ့ရှိသော ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဝါဒါမီယာတောင်ဖျားဗောဓိကုန်းကျောင်းတိုက်အတွင်းရှိ ဗောဓိညောင်တော်။

၃။ သက္ကရာဇ် ၁၂၂၁-ခုနှစ်တွင် သီဟိုဠ်မှ ပင့်ဆောင်လာပြီး ၁၂၂၂-ခုနှစ်တွင် မင်းတုန်းမင်းစိုက်ပျိုးခဲ့သော မန္တလေးမြို့၊ စကြာနွယ်ဇင်ရပ်ရှိ မင်းတုန်းမင်း၏ ကုသိုလ်တော်ဗောဓိပင်။

၄။ သက္ကရာဇ် ၁၃၂၂-ခုနှစ်တွင် ဆရာတော်ဦးနာရဒစိုက်ပျိုးခဲ့သော စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ခတက်ကန်ရွာရှိ ဗောဓိတထောင်ညောင်တော်များ။

၅။ သက္ကရာဇ် ၁၃၂၉-ခုနှစ်တွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်အင်ဒီယာဂန္ဒီ၏ လက်ဆောင်ကို သက္ကရာဇ် ၁၃၃၀-ပြည့်နှစ် တောင်သလင်းလပြည့်ကျော်(၈)ရက်၊ (၁၄-၉-၆၈)စနေနေ့ နံနက် ၆ နာရီ ၃၀ မိနစ်တွင် မြေချစိုက်ပျိုး ပူဇော်အပ်သော ကမ္ဘာအေးပိဋကတ်တို့ ဥပစာရှိ(ဗိုလ်ချုပ်ကြီးနေဝင်း၏)ကုသိုလ်တော် ဗောဓိပင်။

၆။ သက္ကရာဇ် ၁၃၆၄-ခုနှစ် ကဆုန်လပြည့်နေ့တွင် မြေချစိုက်ပျိုးခဲ့သော ရန်ကုန်မြို့ ဓမ္မရက္ခိတကုန်းမြေ မဟာဝိဇယစေတီတော်အနီးရှိ သီရိလင်္ကာနိုင်ငံမှ လက်ဆောင်ပေးသော ဗောဓိညောင်တော်ဟူ၍ ဖြစ်ပါသည်။

ကဆုန်သည် ယနေ့အရေးအသားဖြစ်၍ ရှေးအခါကမူ ကုဆန်၊ ကူဆန်၊ ခူဆန်၊ ခုဆုန်ဟူ၍ အမျိုးမျိုးရေးသားကြသည်ကို တွေ့ရသည်။ ပုဂံခေတ်ရှေးရေးကျောက်စာများဖြစ်သော "သံပျင်ယင်ကောင် ဘုရားကျောက်စာ၊ ပရိမ္မထီးလှိုင်ရှင်ဘုရား ကျောက်စာ၊ ကူနိဘုရားကျောက်စာတို့တွင် "ကုဆန်"ဟု ရေးထိုးခဲ့သည်ကို တွေ့ရသည်။ သို့ရာတွင် ပုဂံတိုင်းချွတ်ဘုရားကျောက်စာ၊ မင်းအိုချမ်းသာ၊ မြောက်ဘုရားကျောက်စာတို့တွင် ယနေ့ရေးနည်းတူပင် "ကဆုန်"ဟု ရေးထိုးခဲ့ပေသည်။

ညောင်ရေသွန်းပွဲတော်သည် မြန်မာတို့၏ ယဉ်ကျေးမှုမြန်မာ့ဓလေ့၊ မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ပေါက်ဖွားလာသော ပွဲတော်တစ်ခုဖြစ်သည်။ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းသောဓလေ့သည် မဇ္ဈိမဒေသနှင့် သီဟိုဠ်တို့တွင် ဘုရားပွင့်တော်မူရာဒေသဖြစ်ပေမယ့် ရှေးကလည်းမရှိခဲ့။ ယနေ့လည်းမရှိ မြန်မာတို့တွင်သာရှိသောကြောင့် မြန်မာ့ပွဲတော်စစ်စစ်ဟု ဆိုရပေမည်။

ကဆုန်လသည် အလွန်ပူပြင်းသောလဖြစ်ရာ သီဟိုဠ်နှင့် ဗုဒ္ဓဂယာတို့မှ ပွားယူမျိုးကူးပြီး စိုက်ပျိုးရသော ဗောဓိညောင်ပင်များ အပူရှိန်ကြောင့် သေကုန်မည်ကို စိုးရသည့်အတွက် ဗောဓိပင်များကို ရေသွန်းလောင်းရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

ထိုအပင်များသည် ပရိဘောဂစေတီလည်းဖြစ်သောကြောင့် သာမာန်သစ်ပင်ကို ရေလောင်းခြင်းမျိုးမဟုတ်ပဲ ဗုဒ္ဓဘာသာဝင်များ စုပေါင်းရေလောင်းရာမှ အခမ်းအနားပွဲတော်သဖွယ် ဖြစ်လာဖွယ်ရှိကြောင်း ညောင်ရေသွန်းပွဲတော်အကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများအတွက်
လျှောက်လွှာခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဝမ်းနည်းကြေကွဲခြင်း

ဦးစန်းကိုကိုလွင် (ကြီးကြပ်ရေးမှူး)

CB Bank (သယ်န်းကျွန်းဘဏ်ခွဲ)

အသက်(၃၃)နှစ်

သမဝါယမဘဏ်လီမိတက် သယ်န်းကျွန်းဘဏ်ခွဲမှ ဦးစန်းကိုကိုလွင် (ကြီးကြပ်ရေးမှူး) အသက်(၃၃)နှစ်သည် ၂၄-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲရပါသည်။

ဒါရိုက်တာ

ဘဏ်ခွဲတာဝန်ခံနှင့် ဝန်ထမ်းများ

CB Bank (သယ်န်းကျွန်းဘဏ်ခွဲ)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဂျိုးဇက်

အသက်(၆၈)နှစ်

Engineering Director-Air Bagan Ltd

Air Bagan Ltd တွင် တာဝန်ထမ်းဆောင်နေသော Engineering Director ဦးဂျိုးဇက်သည် ဝိတိုရိယဆေးရုံကြီး၌ ၂၄-၄-၂၀၁၄ ရက် ညနေ ၄း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဝန်ထမ်းမိသားစုများ

Htoo Group Of Companies

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဂျိုးဇက်

အသက်(၆၈)နှစ်

Engineering Director-Air Bagan Ltd

Air Bagan Ltd တွင် တာဝန်ထမ်းဆောင်နေသော Engineering Director ဦးဂျိုးဇက်သည် ဝိတိုရိယဆေးရုံကြီး၌ ၂၄-၄-၂၀၁၄ ရက် ညနေ ၄း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဝန်ထမ်းမိသားစုများ

Air Bagan Ltd

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစန်းကိုကိုလွင် (ကြီးကြပ်ရေးမှူး)

CB Bank

(သယ်န်းကျွန်းဘဏ်ခွဲ)

အသက်(၃၃)နှစ်

သမဝါယမဘဏ်လီမိတက်(အများပိုင်ဘဏ်)၊ သယ်န်းကျွန်းဘဏ်ခွဲမှ ဦးစန်းကိုကိုလွင်(ကြီးကြပ်ရေးမှူး) အသက်(၃၃)နှစ်သည် ၂၄-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ

သမဝါယမဘဏ်လီမိတက်(ရုံးချုပ်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဂျိုးဇက်

အသက်(၆၈)နှစ်

Engineering Director-Air Bagan Ltd

Air Bagan Ltd တွင် တာဝန်ထမ်းဆောင်နေသော Engineering Director ဦးဂျိုးဇက်သည် ဝိတိုရိယဆေးရုံကြီး၌ ၂၄-၄-၂၀၁၄ ရက် ညနေ ၄း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

Yangon Aircraft Engineering Co.,Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာခိုင်ကြွယ်စိုး

B.V.Sc(Yzn)

အသက်(၄၇)နှစ်

MCC Training Institute(Yangon Campus) BIT Batch-8 တွင် အတူတူတက်ရောက်ခဲ့သော အတန်းဖော်သူငယ်ချင်း မခြူးဧကရီကျော်(ခြူး)၏ ချစ်လှစွာသောမွေးမိခင် ဒေါက်တာခိုင်ကြွယ်စိုးသည် ၂၃-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်မေဥထွေး(Class Tutor)

နေအောင်လင်း၊ တေဇာ၊ ကိုဟိန်း၊ ကို Peace၊

သန့်နေလင်း၊ ဆုဝေ၊ စန္ဒီ၊ သဇင်၊ ဖြူဖြူ၊

ချစ်ဆု၊ ရတနာ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)

အသက်(၇၈)နှစ်

ကြည်း-၈၅၈၁

OTS(26)

သူငယ်ချင်း ဒေါ်အေးအေးဇော်(ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)၏ဖခင် ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)သည် ၂၂-၄-၂၀၁၄ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ

ဒေါ်နွယ်နီအေး၊ ဒေါ်ဝင့်ဝင့်ထွန်း၊ ဒေါ်မြတ်မြတ်ထွေး၊ ဒေါက်တာယဉ်ယဉ်မိုး၊

ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်အေးအေးဝင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းညို (M.Sc-Forestry)

ပါမောက္ခ(ငြိမ်း) သစ်တောတက္ကသိုလ်

အသက်(၆၆)နှစ်

ဦးထွန်းညို (ပါမောက္ခ-ငြိမ်း၊ သစ်တောတက္ကသိုလ်)သည် ၂၃-၄-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ

FREDA အသင်းမိသားစု

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်မြင့် လေယာဉ်မှူး(ငြိမ်း) အသက်(၆၃)နှစ်သည် ၂၄-၄-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Myanmar Golden Branch Travels & Tours

Changari Myanmar Mining Co.,Ltd

President Cable & Wire

Super Idea One Designs & Printing

ဝမ်းနည်းကြေကွဲခြင်း

[illegible]

အထူးကျေးဇူးတင်ရှိခြင်း

၂၀-၄-၂၀၁၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားသော **ဦးဒီမိုင်းနက်(စ်)** နာမကျန်းဖြစ်စဉ် ဆေးဝါးကုသပေးသော ဗဟိုစည်ဆေးရုံ၊ လမ်း(၃၀)ဆေးခန်းနှင့် အိမ်အရောက် ဆေးကုသမှုလုပ်ငန်းမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့်ဝန်ထမ်းများ၊ ကိုယ်လက်လေ့ကျင့်ခန်းလုပ်ပေးသော Physiotherapist များ၊ လာရောက်သတင်းမေးမေတ္တာပြုကြသူများ၊ ဆုတောင်းမေတ္တာပို့ကြသော ဓမ္မမိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

၂၃-၄-၂၀၁၄ ရက်တွင် သန့်ရှင်းသော တြိနတိကသီဒြယ် ဘုရားရှိခိုးကျောင်း၌ ပြုလုပ်သော ဝတ်ပြုဆုတောင်းပွဲနှင့် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ လာရောက်မေတ္တာပြုကြသော သာသနာပိုင်ချုပ်၊ သာသနာပိုင်များ၊ ဘုန်းတော်ကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

(၁၅)နှစ်ပြည့်အလွမ်း

မအိမိုမိုခိုင်

အထက(၃)၊ မင်္ဂလာတောင်ညွန့်၊ စတုတ္ထတန်း

